http://www.dhammadownload.com

ဓမ္မရတနာစာစဉ်(၁၆)



ကြေးကွန်းအင်းတော

ဒီတစ်သက်တည်းမှာ ပြီးပြတ်သွားအောင် ဘယ်လိုနေသင့်သလဲ

ဒေါက်တာဝိစိတ္တသာရ (စာဒေါင်းကြီးတောင်)

ဒီတစ်သက်တည်းမှာ ပြီးပြတ်သွားအောင် ဘယ်လိုနေသင့်သလဲ — (စာဒေါင်းကြီးတောင်) — ဒေါက်တာဝိစိတ္တသာရ (၁၆)

http://www.dhammadownload.com

၂၀၀၄ခုနှစ်ကုန်းဘေး
စိတ်ညစ်ရမယ့်စကားများ
မပြောပါနဲ့လား



ဘဝမှာ low profileနဲ့ နေတာလေးက ကိုယ့်အတွက် အန္တရာယ်ကင်းပါတယ်။ စိတ်အေးချမ်းမှုကိုလည်း ရပါတယ်။ ကြိုက်သူ မကြိုက်သူတွေမရှိရာ low profileနဲ့ နေတာလေးကလည်း အန္တရာယ်ကင်းတဲ့ အေးချမ်းတဲ့ ဘဝလေးတစ်ခုပါပဲ။

News Watch စောင့်ကြည့် သတင်းဂျာနယ်နှင့် စံတော်ချိန်သတင်းစာတို့တွင်
ဖော်ပြခဲ့သော ဓမ္မဆောင်းပါးများ။

စိတ်ညစ်ရမယ့်စကားများ
မပြောပါနဲ့လား
9 789997 180629

http://www.dhammadownload.com



ရဝေနွယ်(အင်းမ)

စိတ်ညစ်ရမယ့်စကားများ မပြောပါနဲ့လား

ပင်ရင်း

New Day စာအုပ်တိုက်

အမှတ် (၁၄၁)၊ လမ်း-၅၀(ထက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ရုံးဖုန်း-၀၉၇၃၀၂၆၆၇၄၊ ၀၉၇၃၃၁၀၃၃၄

ဖြန့်ချိရေး

ဖုန်း-၀၉၂၅၅၇၂၅၂၅၇၇

http://www.dhammadownload.com



ကွန်ပျူတာစာစီအလှူ
ဦးသီရိန္ဒ (USA)
ဒေါက်တာအရှင်စန္ဒာသီရိ (USA)

ထုတ်ဝေသူ
ဒေါ်ရည်မွန်မျိုး (၀၀၂၄၄)(စာနဒီစာပေ)
အမှတ် (၉၇၃)၊ ပျဉ်းမမြို့လမ်း၊ (၃၄) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

ပုံနှိပ်သူ
ဦးဇော်မြင့်ဝင်း (၀၀၁၄၂) ကာလာခုံပုံနှိပ်တိုက်
အမှတ် ၁၈၄ (ဘီ)၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
ဗကျိလင်းဝဏ္ဏ

စာအုပ်ချုပ်
အလင်းအိမ်မီဒီယာ

ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၁၈။
အုပ်ရေ - ၃၀၀၀၀
တန်ဖိုး - ၁၂၀၀ ကျပ်

ရဝေန္တယ် (အင်းမ) ၈၀၈.၈၄
စိတ်ညစ်ရမယ့်စကားများ မပြောပါနဲ့လား / ရဝေန္တယ် (အင်းမ)။
-ရန်ကုန်၊ စာနဒီစာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၈။
၁၆၀ စာ၊ ၁၃ × ၂၀.၅ စင်တီ။
(၁) စိတ်ညစ်ရမယ့်စကားများ မပြောပါနဲ့လား





http://www.dhammadownload.com

မာတိကာ

(က) **စာရေးသူရဲ့အမှာစာ** ၄

၁။ ဝေယျာဝစ္စလုပ်ရင်း ပါရမီဖြည့်မယ် ၆

၂။ ချီးမြှောက်ခြင်းအနုပညာ ၁၈

၃။ စိတ်ညစ်ရမယ့်စကားများ မပြောပါနဲ့လား ၃၄

၄။ ရန်ငြိုးတွေကို သံသရာအထိ ယူမသွားပါနဲ့လား ၄၆

၅။ လောကဓံနှင့် ကျင့်စဉ် ၆၂

၆။ တဒင်္အေးချမ်းရာ ၇၄

၇။ စကားတစ်ခွန်းနဲ့ ပြည့်တန်ဆာမ ၈၆

၈။ အိပ်မက်ထဲကတရား ၉၈

၉။ အကုသိုလ်လေးတွေ
ဓာတ်လောက် အိပ်ပျော်နေပါရစေဘုရား ၁၁၀

၁၀။ ဘဝဆိုတာ ဘာလဲကွယ် ၁၂၂

၁၁။ ငဲ့ကွက်ခြင်းနှင့် ဝိပဿနာ ၁၃၂

၁၂။ အကုသိုလ်လေးတွေက မချိုပါဘူး ၁၄၄

(ခ) **ဆုတောင်း** ၁၅၇

http://www.dhammadownload.com



စာရေးသူရဲ့ အမှာ

ဘဝတွင် ကိုယ့်ကိုယ်ကိုယ် မြတ်နိုးတန်ဖိုးထားစရာ ဟူ၍ စာရေးခြင်း အနုပညာတစ်ခုသာ ရှိပါသည်။ သည်ထက် ပိုလျှံသော အရာမရှိဟု ထင်ပါသည်။ စာရေးသည့်အခါတိုင်း နိဗ္ဗာန်ကို ဦးတည်၍ ရေးသလို အနုပညာတစ်ခုလို ခံစားပြီး ရေးပါသည်။ အထူးသဖြင့် ပါရမီဖြည့်ခြင်း အနုပညာတစ်ခုဟု ခံယူထားပါသည်။ သေလွန်သည့် အခါတွင်တော့ အနုပညာကုသိုလ်ပစ္စည်းအနေနှင့် ထားခဲ့ချင်ပါသည်။

ယခု စာအုပ်အတွက် ကွန်ပျူတာစာစီပေးပါသော အမေရိကန်နိုင်ငံတွင် သီတင်းသုံးလျက်ရှိသော ဆရာတော် ဦးသီရိန္ဒ (ပေါ့တလန်) နှင့် ဒေါက်တာအရှင်စန္ဒာသီရိ (ဖလော်ရီဒါ)တို့ကိုလည်း စာရေးခြင်း ကုသိုလ် အမျှ ထပ်တူရပါစေဟု ဆန္ဒပြုပါသည်။

စာအုပ်ခေါင်းစဉ်အတွက် သီချင်းစာသားများနှင့် ကာရန်တူ စာသားတူမူများကို ခွင့်ပြုပေးပါသော တေးရေးဆရာ ဆရာစိုင်းခမ်းလိတ်၊


http://www.dhammadownload.com

ညီညီသွင်၊ ဖိုးခွားတို့အားလည်း အနုပညာနှလုံးသားတစ်ခုအနေနှင့် တန်ဖိုးထား ကျေးဇူးတင်ပါသည်။

မျက်နှာဖုံးနှင့် အတွင်းပန်းချီ အားလုံးကို ရေးဆွဲပေးရုံမျှမက တစ်အုပ်လုံး ဒီဇိုင်းဆင်ပေးသော စာရေးသူ၏ ပင်တိုင်ပန်းချီဆရာ ဗကျိုလင်းဝဏ္ဏ၊ စာမူများကို စာအုပ်ပုံစံချပေးသော အငယ်လေး (အလင်းအိမ်မိဒီယာ)၊ ဆောင်းပါးများ ထည့်သွင်းဖော်ပြပေးသော News Watch စောင့်ကြည့်သတင်းဂျာနယ်၊ စံတော်ချိန်သတင်းစာ၊ စာအုပ် ဖြန့်ချိရေးကို တာဝန်ယူပေးသော ကိုအောင်သိန်း စသည် စသည်ဖြင့် စာအုပ်နှင့် ဆက်စပ်သူအားလုံး အားလုံးကို ကျေးဇူးတင် ပါသည်။

စာဖတ်ပရိသတ်အားလုံး စိတ်ကော ရုပ်ကော ချမ်းသာကြ ပါစေ။

ရဝေနွယ်(အင်းမ)
၂၀.၇.၂၀၁၈



http://www.dhammadownload.com



http://www.dhammadownload.com



တစ်ခါတုန်းက ပါယာသီမြို့စားနဲ့ သူ့တပည့်
ဥတ္တရလုလင် ဆိုတာ ရှိခဲ့ဖူးပါတယ်။
တစ်နေ့တော့ ပါယာသီမြို့စားက စတုဒိသာ
အလျားပွဲကြီးတစ်ခု လုပ်ပါတယ်။ စတုဒိသာ အလျားပွဲ

ဝေယျာဝစ္စကုမ္ဘကား ပါဂမိကဖြည့်စေယ်

http://www.dhammadownload.com

ကြီးကို ဝေယျာဝစ္စ ဆောင်ရွက်ပေးရတဲ့သူ၊ စီမံခန့်ခွဲပေးရတဲ့သူက ဥတ္တရလုလင်ပါ။ စတုဒိသာအလှူပွဲမှာ ရဟန်း၊ ပုဏ္ဏား၊ ခိုကိုးရာမဲ့၊ ခရီးသွား၊ တောင်းစားရသူ စသည်တွေကို အလှူကြီးပေးလှူတာပါ။

ဒါပေမဲ့ ကျွေးတာက ပုန်းရည်ဟင်းရယ် ဆန်ကြမ်းထမင်းရယ်ပါ။ ဒါ့အပြင် လာသမျှကို ချည်ထည်အဝတ်တွေလည်း ပေးလှူပါတယ်။ ဒါပေမဲ့ အတွေ့အထိ ကြမ်းတမ်းတဲ့ ခပ်ညံ့ညံ့ ချည်ထည်အဝတ်တွေပါ။ ဒါကိုကြည့်ပြီး ဝေယျာဝစ္စကို ဦးဆောင်ဆောင်ရွက်ပေးနေရတဲ့ ဥတ္တရလုလင်က အတော်ပဲ စိတ်ပျက်သွားပါတယ်။

ဒါကြောင့် ဥတ္တရလုလင်က –

"ဒီဝေယျာဝစ္စ ပြုလုပ်ပေးရသော ကုသိုလ်ကြောင့် ငါသည် ပါယာသိမြို့စားကို ဒီပစ္စုပ္ပန်ဘဝ၌သာ တွေ့ဆုံပေါင်းဆုံရ၍ နောက် ဘဝအဆက်ဆက် မတွေ့ဆုံမပေါင်းဆုံရပါလို၏" လို့ ဆုတောင်းလိုက်ပါတယ်။

ဥတ္တရလုလင်ရဲ့ ဆုတောင်းစကားကို ပါယာသိမြို့စားက တစ်ဆင့်စကားအရ

တကယ်ဆိုသချင်္ဂါသဘောတရားအရ တွက်မယ်ဆိုရင်အလှူရှင်က အခွင့်အရေးသာနေရမှာပါ။ ဘာကသင်္ခါသဘောတရားကို ပြောင်းလဲသွားသလဲ ဆိုတော့ စိတ်စေတနာက အကျိုးပေးကို ခွဲပစ်လိုက်တာပါ။



http://www.dhammadownload.com

ကြားသိသွားပါတယ်။ ဒီတော့ ဥတ္တရလုလင်ကို ခေါ်ပြီး "ဥတ္တရ... သင်က ဝေယျာဝစ္စလုပ်ပေးရတဲ့ ကုသိုလ်ကြောင့် နောက်ဘဝတွေမှာ 'ငါနဲ့မဆုံရပါလို၏' လို့ ဆုတောင်းတယ်ဆို" ဆိုပြီး တိုက်ရိုက်ပဲ မေးပါတယ်။ ဥတ္တရလုလင်ကလည်း သူ ဆုတောင်းတဲ့အတိုင်း ဟုတ်မှန်ကြောင်း ဝန်ခံပါတယ်။

ပါယာသိမြို့စားက အံ့သြတဲ့ဟန်နဲ့ "ဥတ္တရ... ငါတို့ဟာ ကောင်းမှုကိုလည်း အလိုရှိတယ်၊ ကောင်းမှုရဲ့ အကျိုးကိုလည်း အလိုရှိတယ် မဟုတ်လား" လို့ ပြန်မေးခွန်းထုတ်ပါတယ်။

ဥတ္တရလုလင်ကတော့ စကားကို ဖြည်းဖြည်းနဲ့ ပြန်ဖြေပါတယ်။

"မြို့စား... မြို့စားရဲ့ အလှူမှာ ပုန်းရည်ဟင်းရယ်၊ ဆန်ကြမ်းထမင်းရယ်ကို ပေးလှူတယ်။ အဲဒီ ထမင်းဟင်းကို မြို့စားက ခြေထောက်နဲ့ ထိဖို့အတွက်တောင် အလိုရှိမှာ မဟုတ်ဘူး၊ စားဖို့အတွက်ဆိုတာတော့ ပြောဖို့တောင် မလိုတော့ပါဘူး။ ပြီးတော့ အတွေ့အထိ ကြမ်းတမ်းတဲ့ ချည်ထည်အဝတ်တွေကို ပေးလှူတယ်။ အဲဒီ ချည်ထည်အဝတ်တွေကိုလည်း မြို့စားအနေနဲ့ ခြေထောက်နဲ့တောင် ထိချင်မှာ မဟုတ်ဘူး။ ကိုယ်တိုင်ဝတ်ဖို့ ဆိုတာကတော့ အိပ်မက်တောင် မမက်ဘူး" လို့ အကြောင်းပြ အဖြေစကားကို ပြန်ပြောလိုက်ပါတယ်။

ဒီတော့မှ ပါယာသိမြို့စားက "ဥတ္တရ... ဒါဖြင့်ရင်လည်း ကောင်းပြီ၊ ငါစားတဲ့အစာ၊ ငါဝတ်တဲ့အဝတ်တွေကို သင့် စိတ်ကြိုက် သာ ပေးလှူပါတော့"လို့ တစ်ဆင့်တက် ခွင့်ပြုစကား ပြောလိုက်ပါတယ်။

http://www.dhammadownload.com

ဥတ္တရလုလင်ကလည်း တစ်ဆင့်တက် အခွင့်စကားရပြီဆိုမှ အစားကောင်း၊ အဝတ်ကောင်းတွေ ပေးလှူတဲ့ စတုဒီသာအလှူပွဲကြီးကို ပြန်စီစဉ်ပါတယ်။ ကိုယ့်ပိုက်ဆံနဲ့ လှူတာမဟုတ်ပေမဲ့ ဝေယျာဝစ္စကုသိုလ်ကိုတော့ စိတ်ပါလက်ပါ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွနဲ့ လာသမျှ ဧည့်သည်တွေကို ပြုံးပြုံးပြပြီး လုပ်ပါတော့တယ်။

ပါယာသိမြို့စားကတော့ ကိုယ့်အလှူကို အရိုအသေ မရှိသလို ကိုယ့်လက်နဲ့ ကိုယ်တိုင် ကိုင်တွယ်ပြီးလည်း မလှူပါဘူး။ ဥတ္တရလုလင်ကသာ ကိုယ့်အလှူမဟုတ်ပေမဲ့ ကိုယ့်ရဲ့ဝေယျာဝစ္စ ကုသိုလ်ကိုတော့ ရိုရိုသေသေနဲ့ တန်ဖိုးထား လုပ်တော့တာပါ။

သက်တမ်းစေ့လို့ ကွယ်လွန်တဲ့အခါမှာ အလှူရှင် ပါယာသိမြို့စားက စတုမဟာရာဇနတ်ပြည်မှာ ဖြစ်ရပါတယ်။ ဝေယျာဝစ္စလုပ်သူ ဥတ္တရလုလင်ကတော့ ပါယာသိမြို့စားထက် တစ်ဆင့်သာတဲ့ တာဝတိံသာ နတ်ပြည်မှာ ဖြစ်သွားရပါတော့တယ်။

(သုတ်မဟာဝါပါဠိတော် ပါယာသိသုတ်၊ စာမျက်နှာ ၂၈၀)

အလှူရှင်နဲ့ ဝေယျာဝစ္စလုပ်သူတို့ သေလွန်တဲ့အခါ အလှူရှင် ပါယာသိမြို့စားက စတုမဟာရာဇနတ်ပြည်မှာဖြစ်ပြီး ဝေယျာဝစ္စလုပ်သူ ဥတ္တရလုလင်ကတော့ အလှူရှင်ထက် တစ်ဆင့်သာတဲ့ တာဝတိံသာ နတ်ပြည်မှာ သွားဖြစ်ရတဲ့ သာဓကဝတ္ထုလေးက ဒီနေ့ ခေတ် ဝေယျာဝစ္စ လုပ်နေတဲ့သူတွေ ပရဟိတလုပ်နေတဲ့သူတွေအတွက် တကယ့်အားကျ အတုခိုးစရာလေးပါပဲ။

တကယ်ဆို သန့်ရှင်းသဘောတရားအရ တွက်မယ်ဆိုရင် အလှူရှင်က အခွင့်အရေး သာနေရမှာပါ။ ဘာက သန့်ရှင်းသဘောတရားကို ပြောင်းလဲသွားသလဲဆိုတော့ စိတ်စေတနာက အကျိုးပေးကို

http://www.dhammadownload.com

ခွဲပစ်လိုက်တာပါ။ ဒီတော့ စိတ်ထားတတ်ရင် ထားတတ်သလောက် ဝေယျာဝစ္စလုပ်သူတွေအတွက် အခွင့်အရေးသာလွန်မှုတွေက ပြောမပြတတ်အောင် ရှိနေတာပါ။

ဝေယျာဝစ္စဆိုတာ ပါဠိစကားပါ၊ မြန်မာလိုပြောရင်တော့ အမှုကြီး အမှုငယ်ကို ဆောင်ရွက်ပေးသူလို့ အဓိပ္ပာယ်ရပါတယ်။ ကျေးဇူးတော်ရှင် ဆရာတော် အရှင်ဇနကာဘိဝံသကတော့ သင်္ဂြိဟ်ဘာသာဋီကာမှာ ဝေယျာဝစ္စဆိုတာကို "မိဘစသည်တို့နှင့် ဂိလာနပုဂ္ဂိုလ်၊ အခြားမိတ်ဆွေသူငယ်ချင်း၊ သီတင်းသုံးဖော်တို့၏ အပြစ်ကင်းသော ကိစ္စလုပ်ငန်း၌ တစ်စုံတစ်ခု အကျိုးကို မတောင့်တဘဲ ရိုးသားသော စိတ်ဖြင့် ကူညီဆောင်ရွက်ကြောင်း စေတနာသည် ဝေယျာဝစ္စ" လို့ အဓိပ္ပာယ်ဖွင့်ပြထားပါတယ်။



"မိဘစသည်တို့နှင့် ဂိလာနပုဂ္ဂိုလ်၊ အခြားမိတ်ဆွေသူငယ်ချင်း၊ သီတင်းသုံးဖော်တို့၏ အပြစ်ကင်းသောကိစ္စလုပ်ငန်း၌ တစ်စုံတစ်ခုအကျိုးကို မတောင့်တဘဲ ရိုးသားသောစိတ်ဖြင့် ကူညီဆောင်ရွက်ကြောင်း စေတနာသည် ဝေယျာဝစ္စ" လို့ အဓိပ္ပာယ်ဖွင့်ပြထားပါတယ်။

ဆရာတော် ဖွင့်ပြထားတာလေးက ကျစ်ကျစ်လျစ်လျစ်လေးနဲ့ လိုရင်း အဓိပ္ပာယ်ကို သိရသလို ဝေယျာဝစ္စလုပ်နေသူတိုင်း အတွက်လည်း အလွတ်ကျက်ထားရမယ့် စာသား အဓိပ္ပာယ်လေးပါ။ စာသား

http://www.dhammadownload.com

လေးကို အလွတ်ကျက်ထားပြီး ဆရာတော့် ဖွင့်ဆိုချက်အတိုင်း ဝေယျာဝစ္စ လုပ်သွားရုံပါပဲ။

အဲဒီမှာ လိုရင်းကတော့ စိတ်စေတနာလေးက အဓိကပါပဲ။ ပါဠိစကားလုံးဖြစ်နေလို့ ကိုယ်နဲ့ နည်းနည်းများ အလှမ်းဝေးသလို ခံစားနေရရင်လည်း ကိုယ့်ဝေယျာဝစ္စအလုပ်လေးကို မြတ်မြတ်နိုးနိုးလေးနဲ့ ရိုရိုသေသေလေး လုပ်လိုက်ဖို့ပါပဲ။

တံမြက်စည်း လှည်းနေရင်လည်း တံမြက်စည်းလှည်းတာလေးကို မြတ်မြတ်နိုးနိုးနဲ့ ရိုရိုသေသေလေး လှည်းဖို့ပါ။ ပန်းကန်ဆေးနေရင်လည်း ပန်းကန်ဆေးနေတာလေးကို မြတ်မြတ်နိုးနိုးနဲ့ ရိုရိုသေသေလေး ဆေးလိုက်ဖို့ပါပဲ။ ကျန်တဲ့ စိတ်ညစ်စရာတွေ၊ အကုသိုလ်ဖြစ်စရာတွေကို အာရုံမပြုဖြစ်ဖို့ပါ။ စိတ်ဆိုတာ အာရုံနှစ်ခု ယူလို့ မရတာဆိုတော့ ကိုယ်လုပ်နေတဲ့ ဝေယျာဝစ္စလေးကို မြတ်မြတ်နိုးနိုးနဲ့ စိတ်စိုက်ထားလိုက်ရင် ကျန်တဲ့အာရုံတွေဆီ စိတ်က မရောက်တော့ပါဘူး။ တစ်နည်းအားဖြင့် ပြောရရင်တော့ ကိုယ့်ဝေယျာဝစ္စ အလုပ်လေးကို ပျော်ပျော်ပြုံးပြုံးလေး လုပ်နေလိုက်ဖို့ပါပဲ။ ပျော်ရုံတင်မကဘဲ မျက်နှာလေးကလည်း ပြုံးနေရမှာပါ။ အဲဒီပျော်တဲ့စိတ်၊ ပြုံးတဲ့ မျက်နှာလေးက ပစ္စုပ္ပန် ဘဝအတွက်တင်မကဘဲ သံသရာအတွက်ပါ မထင်မှတ်တဲ့ ကောင်းကျိုးတွေ ပေးတော့မှာပါ။

တကယ်လို့ ကိုယ်က မပျော်တဲ့စိတ်၊ မပြုံးတဲ့မျက်နှာနဲ့ လုပ်နေရင်တော့ ကောင်းကျိုးတွေက ထိထိရောက်ရောက် မဟုတ်ဘဲ မပျော်မပြုံးနဲ့ တွဲအကျိုးပဲ ပေးတော့မှာပါ။ လိုရင်းကတော့ ပျော်ပြုံးနဲ့ လုပ်ရမှာပါ။ ပျော်တဲ့စိတ် ပြုံးတဲ့မျက်နှာဟာ ဝေယျာဝစ္စအပေါ်

http://www.dhammadownload.com

ကိုယ့်စိတ်စေတနာ ဘယ်အထိ မြင့်တက်နေတယ်ဆိုတာ ပြသတဲ့ သင်္ကေတ ပုံရိပ်တစ်ခုပါပဲ။

တကယ် ပြည့်ပြည့်စုံစုံ လုပ်မယ်ဆိုရင်တော့ တစ်နေ့တာ ဝေယျာဝစ္စတွေ ပြီးစီးလို့ ညပိုင်းရောက်တဲ့အခါ မျက်နှာသစ်၊ သွားတိုက်ပြီး လက်အုပ်ကလေးချီ "ဘုရားတပည့်တော် ယနေ့ ဝေယျာဝစ္စ ပြုလုပ်ရသော ကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်၏အထောက်အပံ့ ဖြစ်ပါ စေ၊ ငါနဲ့အတူ ဝေယျာဝစ္စလုပ်သူအားလုံး ကိုယ်ဆင်းရဲကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ အစစအရာရာ အဆင်ပြေကြပါစေ၊ ယနေ့ ဝေယျာဝစ္စ ပြုလုပ်ရသော ကုသိုလ်ကောင်းမှုအဖို့ဘာဂကို ဤဝန်းကျင်တွင် ရှိကြကုန်သော နတ်ကောင်းနတ်မြတ်အပေါင်းတို့နှင့် မမြင်အပ်သော သတ္တဝါအပေါင်းတို့အား လည်းကောင်း၊ သံသရာ အဆက်ဆက်က ယနေ့ယခုတိုင် တော်စပ်ခဲ့သော မိဘောင်းဖဘောင်း ဆွေဘောင်းမျိုးဘောင်းတို့အား လည်းကောင်း အမျှ၊ အမျှပေးဝေပါ၏၊ အမျှအမျှ ယူတော်မူကြပါ"လို့ ဆုတောင်းမေတ္တာပို့ အမျှဝေလိုက်ပါဦး။ ဒါက ကိုယ့်ဝေယျာဝစ္စကုသိုလ်ကို တန်ဖိုးမြှင့်ပစ်လိုက်တာပါ။ အဓိကကတော့ ဝေယျာဝစ္စလုပ်တဲ့အခါ ဆုတောင်း၊ မေတ္တာပို့၊ အမျှဝေ (၃) ချက် တွဲတွဲပါသွားဖို့ပါပဲ။

အမျှဝေတဲ့အတွက် အမျှဝေတဲ့ ဒါနကုသိုလ်ထပ်ရသွားသလို နိဗ္ဗာန်ကို ဆုတောင်းတဲ့အတွက်လည်း ကိုယ့်ရဲ့ လမ်းကြောင်းမှန်ကို တည့်မတ်ပြီးသား ဖြစ်သွားပါတယ်။ သာခုခေါ်ခွင့်ရတဲ့ နတ်ကောင်း နတ်မြတ်တွေနဲ့ မမြင်ရတဲ့ သတ္တဝါတွေကလည်း အမျှဝေတဲ့ ကိုယ့်ကို အခါအခွင့်သင့်ရင် သင့်သလို ကူညီဖေးမသွားဦးမှာပါ။ ဒါဆိုရင် ကိုယ်လုပ်တဲ့ ဝေယျာဝစ္စကုသိုလ်လေးက ဘဝတစ်ခုထဲက ပျော်စရာ

http://www.dhammadownload.com

ကျင့်စဉ်လေးတစ်ခု ဖြစ်နေတော့မှာပါ။

တစ်ခုတော့ ရှိပါတယ်၊ ဝေယျာဝစ္စ ဆိုတာ တစ်ယောက်တည်း လုပ်ရတယ် ဆိုတာထက် အများနဲ့ စုပေါင်းလုပ်ကြရတာ များပါတယ်။ အများနဲ့ လုပ်ပြီဆိုက တည်းက မတူညီတဲ့ခံစားမှုတွေ ကိုယ်စီ ရှိကြမှာပါ။ ဒီတော့ ခံစားမှု မတူညီတဲ့အတွက် အဆင်မပြေမှုဆိုတာလည်း ရှိ လာတော့မှာပါ။ အဆင်မပြေမှု ဖြစ်လာရင် ဝေယျာဝစ္စ လုပ်ရတာ ကုသိုလ် အလုပ်ဆို ပေမယ့် ပျော်ရွှင်မှုရှိတော့မှာ မဟုတ်တော့ပါဘူး။



စိတ်ဆိုတာ အာရုံနှစ်ခုယူလို့မရတာဆိုတော့ ကိုယ်လုပ်နေတဲ့ဝေယျာဝစ္စလေးကို မြတ်မြတ်နိုးနိုးနဲ့စိတ်စိုက်ထားလိုက်ရင် ကျန်တဲ့အာရုံတွေဆီ စိတ်က မငေ့ာက်တော့ပါဘူး။

တကယ်လို့များ အဲဒီလို အဆင်မပြေမှုများ ဖြစ်လာခဲ့ရင် "ငါ ဝေယျာဝစ္စ လုပ်ရင်း ပါရမီဖြည့်နေတာ၊ ငါ ဝေယျာဝစ္စ လုပ်ရင်း ပါရမီဖြည့်နေတာ" လို့ လေးငါး

http://www.dhammadownload.com

ခေါက်လောက်ရွတ်ပြီး ကိုယ့် ဝေယျာဝစ္စ အလုပ်ကလေးဆီ စိတ်ကို ပို့ထားရမှာပါ။ သတိပဋ္ဌာန်ဝိပဿနာ သဘောတရားနဲ့ ပြောမယ် ဆိုရင်တော့ ကိုယ့်ဝေယျာဝစ္စ အလုပ်ကလေးကို သတိကပ်ထားရမှာပါ။ ဥပမာ တံမြက်စည်း လှည်းနေရင်လည်း တံမြက်စည်း လှည်းနေတာလေးကိုပဲ သတိကပ်ထားရမှာပါ။

ညပိုင်းရောက်တော့လည်း ပုံမှန်လုပ်နေကျအတိုင်း ဆုတောင်း၊ မေတ္တာပို့၊ အမျှဝေရမှာပါ။

ဒါဆိုရင် စိတ်ခံစားမှု မကျေနပ်မှုက ရာခိုင်နှုန်းတစ်ခုအနေနဲ့ လျော့သွားပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘဲ စိတ်ခံစားမှုကိုပဲ အခြေခံပြီး စိတ်ညစ်ထေးထေးနဲ့ လုပ်နေရင် အကျိုးပေးကလည်း ညစ်ထေးထေးလေး ဖြစ်သွားနိုင်ပါတယ်။

ကုသိုလ်ကောင်းမှုတွေကို အတူတကွ စုပေါင်းလုပ်ကြရင် နောက်ဘဝတွေမှာလည်း အတူတကွ ပြန်ဆုံကြတာ များပါတယ်။ နောက်ဘဝ ပြန်ဆုံကြလို့ စိတ်စေတနာအားလျော်စွာ စိတ်ခံစားမှု အားလျော်စွာ အကျိုးပေးမှု ကွဲပြားနေရင်လည်း မကောင်းပါဘူး။

မာဃလုလင်တို့လို တက်ညီလက်ညီလုပ်၊ တက်ညီလက်ညီ တာဝတိံသာနတ်ပြည်မှာ ပြန်ဆုံ၊ တက်ညီလက်ညီ ပြန်ဆုံတော့လည်း ပျော်စရာကြီးပါ။ ဒါတောင် သူတို့ ဝေယျာဝစ္စလုပ်ကြတာ သာသနာပကာလဖြစ်လို့ နိဗ္ဗာန်ဆိုတာ မသိသေးသလို ဝိပဿနာဆိုတာလည်း မသိသေးပါဘူး။ "လူတွေဟာ အကောင်းကြိုက်တတ်တယ်၊ ငါတို့ လူတွေ ကြိုက်တတ်တဲ့ အကောင်းလေးတွေ လုပ်ကြမယ်" ဆိုတဲ့ စိတ်စေတနာကောင်းလေးနဲ့ပဲ လုပ်သွားကြလို့ သေလွန်တဲ့အခါ တာဝတိံသာနတ်ပြည်မှာ အတူတကွ ဖြစ်ကြရတာပါ။ ခေါင်းဆောင်

http://www.dhammadownload.com

မာဃကတော့ သိကြားမင်း ဖြစ်သွားပါတယ်။ နောက် မြတ်စွာဘုရား ပွင့်လာတဲ့အခါ မြတ်စွာဘုရား တရားနာပြီး သောတာပန်တည်သွားပါတယ်။ အတုခိုး အားကျစရာ အဖွဲ့အစည်းလေးတစ်ခုပါပဲ။

ဝေယျာဝစ္စကုသိုလ်လုပ်တယ် ဆိုတာ သစ်ပင်စိုက်သလိုပါပဲ၊ ကုသိုလ်မျိုးစေ့ချတဲ့ သဘောပါ။ သစ်ပင်ပေါက်ဖို့ မျိုးစေ့ချတဲ့အခါ ပေါက်ချင်လည်း ပေါက်မယ်၊ မပေါက်ချင်လည်း မပေါက်ဘူး၊ ပေါက်ပေမယ့်လည်း ညောင်နာနာ သေးသေးကွေးကွေးလေးလည်း ဖြစ်ချင် ဖြစ်နေမှာပါ။ ဒါမှမဟုတ် ထွားထွားကျိုင်းကျိုင်း ဝေဝေဆာဆာ သတ္တဝါ အားလုံးကို အေးချမ်းမှုပေးနိုင်တဲ့ ကျေနပ်စရာ အပင်ကြီးလည်း ဖြစ်ချင် ဖြစ်လာမှာပါ။ စိုက်ပျိုးသူရဲ့ ကျွမ်းကျင်မှုနဲ့ သဘာဝရာသီဥတု အပေါ်မှာလည်း မူတည်နေပါတယ်။

ဒီလိုပါပဲ။ ဝေယျာဝစ္စလုပ်တဲ့အခါ စိတ်ခံစားမှုတစ်ခုကို အခြေခံပြီး မမျော်မရွှင်နဲ့ လုပ်နေရင် နောက်ဘဝကျ အကျိုးတော့ ပေးပါရဲ့၊ ညောင်နာနာ အကျိုးပေးလေး ဖြစ်နေပါလိမ့်မယ်။

ကိုယ်က စာပေဗဟုသုတရှိထားသူ တစ်ယောက်အနေနဲ့ ကိုယ့် ဝေယျာဝစ္စကုသိုလ်လေးကို စိတ်စေတနာထားပြီး ပျော်ပျော်ရွှင်ရွှင် ပြုံးပြုံးပြုံးပြုံးနဲ့ လုပ်သွားမယ်ဆိုရင်တော့ နောက်ဘဝကျရင် ကောင်းကျိုးစုံ ဝေဖြာနေတဲ့ ကျေနပ်စရာ ဘဝတစ်ခုပိုင်ရှင် ဖြစ်နေတော့မှာပါ။

ဝေယျာဝစ္စကုသိုလ်ဆိုတဲ့နေရာမှာ ဘာသာရေးနွယ်တဲ့ ကိစ္စမှတင် မဟုတ်ပါဘူး၊ အများကောင်းကျိုးပြုတဲ့ အလုပ်မှန်သမျှ ဝေယျာဝစ္စ ကုသိုလ်တွေချည်းပါပဲ။ ဒါဆို ဝေယျာဝစ္စဘောင်လည်း မကျဉ်းတော့ပါဘူး။ ဘောင်အကန့်အသတ် မရှိတဲ့အတွက် ဝေယျာဝစ္စ

http://www.dhammadownload.com

လုပ်ရတာလည်း ကျယ်ကျယ်ပြန့်ပြန့်နဲ့ နယ်ပယ်ကျယ်သွားပါတယ်။

တကယ်လို့များ ကိုယ်က အလှူရှင်လည်း ဖြစ်မယ်၊ ဝေယျာဝစ္စကုသိုလ်ကို ကိုယ်တိုင်လည်း လုပ်မယ်ဆိုရင်တော့ အထူးကို ပြောစရာ မလိုတော့ပါဘူး။ ကောင်းကျိုးအဆင့်ဆင့်ပါပဲ။


ဘာပဲပြောပြောလေ... ဝေယျာဝစ္စလုပ်တဲ့အခါ စိတ်စေတနာသန္ဓါလေးတွေထားပြီး ပျော်ပျော်ရွှင်ရွှင်လေးနဲ့ မျက်နှာလေးကပြုံးနေဖို့ပါပဲလေ။

စံတော်ချိန်သတင်းစာ
၁၆၊ ၅၊ ၂၀၁၆။

http://www.dhammadownload.com



http://www.dhammadownload.com



ချီးမွှောက်ခြင်း ဂုဏ်ပုဒ်

တစ်ခါတုန်းက ဂျပန်ဧင်ဘုန်းကြီးတစ်ပါး ရှိခဲ့ဖူးပါတယ်။

သူက ဘဝကို ရိုးရိုးရှင်းရှင်းလေးပဲ ဖြတ်သန်းဖို့အတွက် တောင်ခြေတစ်ခုမှာ တဲကျောင်းလေး ဆောက်ပြီး အေးချမ်းစွာ နေ နေပါတယ်။

တစ်ရက်တော့ ဂျပန်ဧင်ဘုန်းကြီး ကိစ္စတစ်ခုနဲ့ အပြင်ထွက်သွားပါတယ်။ ညပိုင်းရောက်တော့ သူခိုးတစ်ယောက်က ခိုးဖို့အတွက် ကျောင်းထဲ ပစ္စည်းဝင်ရှာပါတယ်။ ဒါပေမဲ့ တဲကျောင်းထဲမှာ ခိုးစရာ ဘာပစ္စည်းမှ မတွေ့ပါဘူး။ အဲဒီ အချိန်မှာပဲ ဂျပန်ဘုန်းကြီး ပြန်လာပြီး သူခိုးကို မိသွားပါတယ်။

ဒီတော့ ဂျပန်ဘုန်းကြီးက

http://www.dhammadownload.com

"သင့်အနေနဲ့ အဝေးကြီးကနေ ငါ့ဆီကို လာရောက်လည်ပတ်ရတာ၊ လက်ဗလာနဲ့တော့ ပြန်မသွားသင့်ဘူး၊ ငါ့ရဲ့အပေါ်အကျိုကို လက်ဆောင်အဖြစ်တော့ ယူသွားပါ"လို့ပြောပြီး သူ့ရဲ့အပေါ်အကျိုကို ချွတ်ပေးလိုက်ပါတယ်။

သူခိုးလည်း ဂျပန်ဘုန်းကြီးရဲ့ အပြုအမူကိုကြည့်ပြီး မထင်မှတ်လောက်အောင် အံ့သြသွားပါတယ်။ ပြီးတော့ ဘုန်းကြီးပေးတဲ့ အင်္ကျီလေးကိုယူပြီး ကုပ်ကုပ်ကုပ်ကုပ်နဲ့ ထွက်သွားပါတယ်။

အဲဒီညက လမင်းကြီးကလည်း ထိန်ထိန်သာနေပါတယ်။ ဂျပန် ဘုန်းကြီးက တဲပြတင်းပေါက်ကနေ သူခိုးရယ်၊ လမင်းကြီးရယ်ကို ကြည့်ပြီး "သနားစရာကောင်းတဲ့ လူသားတစ်ယောက်ပဲ" လို့ ညည်းတွားရင်း ကောင်းကင်က လမင်းကြီးကို မော့ကြည့်ပြီး "သူ့ကို ဒီလိုလှပတဲ့ လမင်းကြီးကို ယူပေးလို့ရရင် ယူပေးလိုက်ချင်ပါတယ်"လို့ တစ်ပါးတည်း အသံထွက်ပြောလိုက်ပါတော့တယ်။

(ဂျပန်ဇင် ပုံဝတ္ထု)

ဂျပန်ဇင်ပုံဝတ္ထုလေးတွေဟာ စာဖတ်သူအတွက် အတွေးတစ်ခုကို ဆက်တွေးဖို့ ပေးထားခဲ့တာ များပါတယ်။ မူရင်းစာရေးသူက အဖြေကို တိတိကျကျ ပြောမထားခဲ့တဲ့အတွက် စာဖတ်သူအနေနဲ့ နားလည်သလို ခံစားလို့ရတဲ့သဘောပါ။ ဒီတော့ ပုံပြင်တစ်ပုဒ်တည်းကို ဆယ်ယောက်ဖတ်ရင် ခံစားမှုဆယ်ခုလည်း ဖြစ်သွားနိုင်ပါတယ်။

စာရေးသူကတော့ ဂျပန်ဇင်ဘုန်းကြီးရဲ့ အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူ ကဲသုံးပါး အမူအရာလေးကို ကြိုက်လွန်းတာရယ်၊ အဖြေအတွေး ခံစားမှုတစ်ခုကို ကိုယ်တိုင်ခံစား တွေးပေးရရုံတင်

http://www.dhammadownload.com



ယူသူက ရလိုက်လို့
ပျော်သွားတာတော့ အမှန်ပါပဲ၊
ဒါပေမဲ့ ကျေကျေနပ်နပ်နဲ့
ပေးလိုက်ရတဲ့သူရဲ့အပျော်က
ယူရတဲ့သူရဲ့အပျော်ထက်
ပိုသာလွန်နေတယ်
ဆိုတာကိုတော့
သဘာဝတရားက
သိသိသာသာ
ခွဲခြားပေးထားပါတယ်။

မကဘဲ ဖတ်ပြီး အေးချမ်းမှုတစ်ခုကိုပါ ခံစားရတာရယ်ကြောင့် ကိုယ်တိုင် မကျင့်နိုင်ရင်တောင် ဘဝခရီးအတွက် စံထားစရာ ဇာတ်ရုပ်လေးတစ်ခုအဖြစ် ကိုယ်နဲ့ မနီးမဝေးလေးမှာ ထားချင်တဲ့အတွက် စာအစမှာ ဇင်ပုံဝတ္ထုလေးနဲ့ ဖွင့်လိုက်ရတာပါ။ ပြီးတော့ ကိုယ့်စာဖတ် ပရိသတ်ကိုလည်း ကိုယ့်ထက် တစ်ဆင့်သာ ဆင့်ပွားခံစားစေချင်လို့ပါ။

အထူးသဖြင့်တော့ ဂျပန်ဇင်ဘုန်းကြီးရဲ့ သူ့မှာရှိတဲ့ ဝတ်ရုံအင်္ကျီလေးကို ချွတ်ပေးလိုက်တဲ့ အပြုအမူလေးကို ကြည်ညိုကြိုက်လွန်းလို့ပါ။ တကယ်တော့ အပြုအမူဆိုတာ အတွေးအခေါ်ကို အခြေခံပြီး ဖြစ်ပေါ်လာတာပါ။ အတွေးအခေါ်လှုံ့က အတိတ် အတိတ်ဘဝတွေက ပါလာတာလည်း ဖြစ်နိုင်သလို ဒီဘဝမှာ ဆရာကောင်းသမားကောင်းတွေနဲ့တွေ့ပြီး လေ့လာကျင့်ကြံပွားများအားထုတ်မှုကြောင့်လည်း ဖြစ်နိုင်ပါတယ်။ အမှန်တော့ အတွေးကောင်းရင်၊ အတွေးလှရင် စိတ်ချမ်းသာတာပါပဲ။

http://www.dhammadownload.com

တကယ်ဆို ယေဘုယျအားဖြင့် ဘုန်းကြီးက အလှူခံ၊ လူက အလှူပေးသူပါ။ မြန်မာလို ပြောရင်တော့ ယူသူနဲ့ ပေးသူပါ။ ဒါပေမဲ့ ဂျပန်ဇင်ဘုန်းကြီးကတော့ အခွင့်အရေးရတုန်း ပေးသူအဖြစ် ပြောင်းပြန် လုပ်ပစ်လိုက်ပါတယ်။ သူ့စိတ်ထဲမှာလည်း ယူရတာထက် ပေးရတာကို ပိုမြတ်နိုးပုံရပါတယ်။

လောကမှာ ပေးသူရယ်၊ ယူသူရယ် နှစ်ယောက်ပဲ ရှိပါတယ်။ ယူသူက ရလိုက်လို့ ပျော်သွားတာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ ကျေကျေနပ်နပ်နဲ့ ပေးလိုက်ရတဲ့ သူရဲ့ အပျော်က ယူရတဲ့သူရဲ့ အပျော်ထက် ပိုသာလွန်နေတယ်ဆိုတာကိုတော့ သဘာဝတရားက သိသိသာသာ ခွဲခြားပေးထားပါတယ်။

တကယ်တော့ ဘဝခရီးလမ်းတစ်လျှောက်မှာ ကိုယ်က အယူဘက်ကချည်းပဲ နေနေမယ်ဆိုရင် ပတ်ဝန်းကျင်နဲ့ ရေရှည်သဟဇာတဖြစ်မှာ မဟုတ်ပါဘူး။ ကိုယ်က ပေးသူလည်း တစ်လှည့် ဖြစ်ဦးမှ ပတ်ဝန်းကျင်နဲ့ ဟန်ချက်ညီ သဟဇာတ ဖြစ်မှာပါ။

မြတ်စွာဘုရားရှင်က အင်္ဂုတ္တိရ်ပါဠိတော်မှာ သင်္ဂဟသုတ္တန် ဆိုပြီး သုတ်တစ်သုတ်ဟောပြထားပါတယ်။ မြန်မာလိုပြောရင်တော့ ချီးမြှောက်ခြင်း (၄) ပါးကိုပြတဲ့ သုတ္တန်ပါ။ အားလုံး ကြားဖူးနေကြတဲ့ သင်္ဂဟတရား (၄)ပါး ဆိုတာပါပဲ။

၁။ ဒါန = ပေးကမ်းခြင်းဖြင့်လည်း ချီးမြှောက်ပါ။

၂။ ပေယျဝဇ္ဇ = စကားကို ချိုချိုသာသာ ပြောဆိုခြင်းဖြင့်လည်း ချီးမြှောက်ပါ။

၃။ အတ္ထစရိယာ = သူ့အကျိုးကို ကျင့်ခြင်းအားဖြင့်လည်း ချီးမြှောက်ပါ။

http://www.dhammadownload.com

၄။ သမာနတ္တတာ = တန်းတူထားပြီး ဆက်ဆံခြင်းဖြင့်လည်း ချီးမြှောက်ပါ။

သုတ်ရဲ့ဆိုလိုချက်ကတော့ ဘဝခရီးလမ်းတစ်လျှောက်မှာ တစ်ဦးကိုတစ်ဦး အပြန်အလှန် ချီးမြှောက်ခြင်း (၄) ပါးနဲ့ နေသွားပါလို့ ဆိုလိုတာပါပဲ။ အဲဒီလို ချီးမြှောက်ခြင်း (၄) ပါးနဲ့ နေသွားရင် သူလည်း အဆင်ပြေ၊ ကိုယ်လည်း အဆင်ပြေတယ် ဆိုတဲ့ သဘောပါ။

နည်းနည်းချဲ့ပြောရရင်တော့ မိသားစုထဲမှာလည်း ချီးမြှောက်ခြင်း (၄) ပါးနဲ့ နေရပါတယ်။ တစ်ရုံးတည်းမှာ၊ တစ်ကျောင်းတည်းမှာ၊ ဌာနတစ်ခုတည်းမှာ စသည်တွေမှာလည်း ချီးမြှောက်ခြင်း (၄) ပါးနဲ့ နေရပါတယ်။

ဒီလိုပါပဲ။ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာလည်း ချီးမြှောက်ခြင်း (၄) ပါးနဲ့ နေရပါတယ်။ ချီးမြှောက်ခြင်း (၄) ပါးနဲ့ နေနေမှ အလုပ်ရှင်နဲ့ အလုပ်သမား ရေရှည်အဆင်ပြေမှု ဖြစ်တာပါ။ လုပ်ငန်း တိုးတက်ဖို့အတွက်လည်း အများကြီး အထောက်အပံ့ ဖြစ်ပါတယ်။ ဒီပုံစံအတိုင်းပါပဲ၊ ဒီနေ့ခေတ် အိမ်ဖော်လို့ခေါ်တဲ့ အိမ်အကူကလေးမလေးတွေကိုလည်း ချီးမြှောက်ခြင်း (၄) ပါးနဲ့ ချီးမြှောက်ရပါတယ်။ အထူးသဖြင့် အိမ်အကူကလေးမလေးတွေကျတော့ "ဩော်... သူတို့ လေးတွေဟာ အတိတ်ဒါနကုသိုလ် အားနည်းခဲ့လို့ အခုလို ဘဝမျိုးကို ရောက်နေရရှာတယ်။ ဒီဒုက္ခ ဒီဘဝကနေ လွတ်မြောက်သွားပါစေ"လို့ ကရုဏာလေးပွားပြီး ချီးမြှောက်ရပါတယ်။ ဒါဆိုရင် ရေနွေးပူနဲ့ လောင်းစရာလည်း မလိုတော့ပါဘူး။ ဘဝတစ်ကွေ့မှာ ခဏတွေ့ကြရတာလေးတွေပါ။ ဒီဘဝ အိမ်အကူဖြစ်ပေမယ့် ကုသိုလ်

http://www.dhammadownload.com

တစ်ခုခုကို စိတ်ပါပါနဲ့ လုပ်လိုက်ရင် နောက်ဘဝကျ ပြည့်စုံတဲ့ သူဌေးမကြီး ဖြစ်သွားနိုင်သလို ကိုယ်က စိတ်မထား တတ်တဲ့ အကုသိုလ်တစ်ခုကြောင့်လည်း သူ့အိမ်မှာ အိမ်ဖော် ပြန်ဖြစ်ချင် ဖြစ်သွား နိုင်ပါတယ်။

ကိုယ့်ကို တစ်ယောက်ယောက်ကများ ရန်ပြုပုဲ့နှောင့်ယှက်၊ မကောင်းစကားအတင်းပြောနေရင် ပစ္စည်းလေးတွေ သုံးလေးကြိမ်လောက်ပေးလိုက်ရင် ရန်ပြီးပြေပျောက်ရုံတင် မကဘဲ ကိုယ့်မကောင်းကြောင်းပြောနေတဲ့ မကောင်းစကားတွေလည်း ပြောတော့မှာမဟုတ်တော့ပါဘူး။



တကယ်တော့ ချီးမြှောက်ခြင်း (၄) ပါးဆိုတာ ကိုယ်နဲ့ ဆက်စပ်သမျှကို အခွင့်သင့်သလို ချီးမြှောက်သွားရမှာပါ။ အထူးသဖြင့် တစ်ရုံးတည်းမှာ၊ တစ်ဌာန တည်းမှာ နေကြရတဲ့သူတွေဆို ပိုတောင် သတိထားရပါမယ်။ တစ်ရုံးတည်းမှာ အဖြစ် လွယ်တာက မနာလိုဝန်တိုစိတ်ပါ။ ဒီစိတ်ဝင်သွားပြီဆိုရင် နေ့တိုင်း မြင်တိုင်း တွေ့တိုင်း၊ တွေးမိတိုင်း စိတ်ဆင်းရဲရ တော့မှာပါ။ ချီးမြှောက်ခြင်း (၄) ပါးနဲ့ နေသွားမယ်ဆိုရင်တော့ ကိုယ့်ကို ဒုက္ခ ပေးမယ့် ညံ့တဲ့စိတ်ကလေးဝင်ဖို့ ခက် သွားပါတယ်။

ချီးမြှောက်ခြင်း (၄) ပါး၊ သင်္ဂဟ တရား (၄) ပါးနဲ့ပတ်သက်လို့ ခေတ် အဆက်ဆက် ဆရာတော်ဘုရားတွေက ဟန်တစ်မျိုးစီနဲ့ လက်ဘလေးတွေ စီထား

http://www.dhammadownload.com

ခဲ့ကြပါတယ်။ တစ်မျိုးစီဖတ်လို့ အကောင်း ချည်းပါပဲ။ ဒီနေရာမှာတော့ စာရေးသူ လက်တွေ့ ဖြတ်သန်းနေရတဲ့ ဆရာတော်ကြီးတွေနဲ့ပဲ အကိုးမျှဝေပါရစေ။

ပေးကမ်းရက်ရော အပြောချိုသာ၊
သူ့ကျိုးဆောင်ရွက် မပျက်စေရာ၊
တန်းတူကိုယ်နှင့် အသင့်ထားပါ၊
စည်းလုံးမှု လေးခုသင်္ဂဟာ။

(မဟာစည်ဆရာတော်)

ပေးလှူခြင်းနှင့်၊ ပြောခြင်းချိုသာ၊
ကျိုးရှိရာကျင့်၊ ကိုယ်နှင့်တူထား၊
ဤလေးပါး ပြုငြားထောက်ပံ့သည်။

(သဒ္ဓမ္မရံသီဆရာတော်)

၁။ ဒါန = ပေးကမ်းခြင်းဖြင့်လည်း ချီးမြှောက်ပါ။

လောကထဲမှာ နေနေကြရတဲ့သူတွေဟာ တစ်ဦးကိုတစ်ဦး ပေးကမ်းခြင်းဖြင့်လည်း ချီးမြှောက်ပြီး နေကြရပါတယ်။ မိတ်ဆွေသူငယ်ချင်းတွေကို ပစ္စည်းလေးတွေ ပေးလိုက်ရင် ရတဲ့သူက ပျော်သွားတာပါပဲ။ ဒုက္ခရောက်နေတဲ့ မိတ်ဆွေ သူငယ်ချင်းကို ငွေပဲဖြစ်ဖြစ်၊ ပစ္စည်းပဲဖြစ်ဖြစ် ပေးကမ်းကူညီလိုက်ရင် ကိုယ့်ကို တစ်သက်လုံး မမေ့တော့ပါဘူး။ အလုပ်ရှင်နဲ့ အလုပ်သမားဆိုရင်လည်း ကိုယ့် အလုပ်သမားလေးတွေကို ခြောက်လတစ်ခါပဲ ဖြစ်ဖြစ်၊ တစ်နှစ်တစ်ခါပဲဖြစ်ဖြစ် ပစ္စည်းလေးတွေ ပေးပေးပြီး ချီးမြှောက်ရပါတယ်။ ဒီလိုပါပဲ ကိုယ့်အိမ်က အိမ်ဖော်ကလေးမလေးတွေကို လည်း ခြောက်လတစ်ခါ၊ တစ်နှစ်တစ်ခါ အကျီလေးတွေ၊ ဆွဲကြိုး

http://www.dhammadownload.com

လေးတွေ၊ နားကပ်လေးတွေပေးပြီး ချီးမြှောက်ရပါတယ်။ ဒါမှ ဘဝမှာ သူလည်း အဆင်ပြေ၊ ကိုယ်လည်း အဆင်ပြေတာပါ။

ရန်ငြိုးဖျောက်နည်း (၁၁) နည်းထဲမှာ ပစ္စည်းဥစ္စာပေးကမ်းပြီး ရန်ငြိုးဖျောက်ရမယ် ဆိုတာလည်း ပါပါတယ်။ ကိုယ့်ကို တစ်ယောက်ယောက်ကများ ရန်ငြိုးဖွဲ့နေရင်၊ မကောင်းစကား အတင်းပြောနေရင် ပစ္စည်းလေးတွေ သုံးလေးကြိမ်လောက် ပေးလိုက်ရင် ရန်ငြိုးပြေဖျောက်ရုံတင်မကဘဲ ကိုယ့်မကောင်းကြောင်း ပြောနေတဲ့ မကောင်းစကားတွေလည်း ပြောတော့မှာ မဟုတ်တော့ပါဘူး။ ဥပမာ ကိုယ့်မကောင်းကြောင်း အတင်းစကားပြောနေတဲ့သူကို ဖုန်းဘေလေးတွေ တစ်သောင်းဖိုးစီလောက် သုံး လေးလလောက် လှမ်းလှမ်းထည့်ပေးလိုက်စမ်းပါ၊ ပြောနေတဲ့ အတင်းစကား ပါးစပ်ပိတ်သွားပါလိမ့်မယ်။

၂။ ပေယျဝဇ္ဇ = စကားကို ချိုချိုသာသာ ပြောဆိုခြင်းဖြင့်လည်း ချီးမြှောက်ပါ။

စကားကို ချိုချိုသာသာ ပြောလိုက်တာလည်း ချီးမြှောက်ခြင်းတစ်မျိုးပါပဲ။ တစ်နည်းအားဖြင့်ပြောရင် စကားကို ချိုချိုသာသာ ပြောလိုက်တာဟာ ကုသိုလ်ဖြစ်သွားတာပါ။

ဒါန = ပေးကမ်းခြင်းကျတော့ ခြောက်လတစ်ခါ၊ တစ်နှစ်တစ်ခါလောက် ပေးကမ်းထားလိုက်ရင် အဆင်ပြေတာဆိုတော့ ပြဿနာမရှိပါဘူး။ စကားကျတော့ ခြောက်လတစ်ခါ၊ တစ်နှစ်တစ်ခါမှ ပြောရတာ မဟုတ်ပါဘူး၊ နေ့တိုင်း ပြောနေရတာဆိုတော့ အတော်သတိထားနိုင်မှ တော်ကာကျတာပါ။

ဒီတော့ "စကားကို ချိုချိုသာသာ ပြောလိုက်တာလည်း ချီးမြှောက်လိုက်တာပဲ၊ စကားကို ချိုချိုသာသာ ပြောလိုက်တာလည်း

http://www.dhammadownload.com

ကုသိုလ်ပဲ" လို့ စိတ်ထဲက မကြာ မကြာ ရွတ်နေမှ သတိပေးပြီးသား ဖြစ်နေမှာပါ။ ကုသိုလ်ရတယ်ဆိုတော့ ပြောလည်းပြော ဖြစ်သွားပါတယ်။ အဲဒီလိုမှမဟုတ်ဘဲ စိတ်ခံစားမှုကို အခြေခံပြီး ပက်ခနဲ ပြောလိုက်မိရင် ကိုယ်က ပြီးသွားပေမယ့် ခံရတဲ့သူက တစ်သက်လုံး မမေ့တော့ပါဘူး။ နာကြည်းစိတ်နဲ့ ကိုယ့်ကို တစ်သက်လုံး သတိရနေတော့မှာပါ။

စကားကို ချိုချိုသာသာ ပြောတာဟာ လူ့လောကထဲမှာ ပိုတောင် လိုအပ်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ စကားက နေ့တိုင်း လူမျိုးစုံနဲ့ စကားမျိုးစုံ ပြောပြောနေရလို့ပါ။ စကားမပြောဆိုရတဲ့နေ့ဆိုတာ ရှိမယ်တောင် မထင်ပါဘူး။ စကားကို ချိုချိုသာသာ ပြောလိုက်လို့ကောင်းကျိုးဖြစ်သွားရတဲ့ သာဓကသမိုင်းတွေလည်း ဖတ်လို့ မဆုံးအောင် အများကြီး ရှိနေတာပါ။ ဒီတော့ စကားကို ချိုချိုသာသာ ပြောလိုက်တာဟာ ကုသိုလ်တစ်ခုပါပဲ။



စကားကို
ချိုချိုသာသာပြောတာဟာ
လူ့လောကထဲမှာ
ပိုတောင်လိုအပ်ပါသေးတယ်။
ဘာဖြစ်လို့လဲဆိုတော့
စကားကနေ့တိုင်းလူမျိုးစုံနဲ့
စကားမျိုးစုံပြောပြောနေရလို့ပါ။
စကားမပြောဆိုရတဲ့နေ့ဆိုတာ
ရှိမယ်တောင်မထင်ပါဘူး။

၃။ အတ္ထစရိယာ = သူ့အကျိုးကို ကျင့်ခြင်းအားဖြင့်လည်း ချီးမြှောက်ပါ။

http://www.dhammadownload.com

အဋ္ဌကထာမှာတော့ "ဒါကတော့ လုပ်သင့်တယ်၊ ဒါကတော့ မလုပ်သင့်ဘူး၊ ဒီလူကိုတော့ ပေါင်းသင့်တယ်၊ ဒီလူကိုတော့ မပေါင်းသင့်ဘူး၊ သွားသင့်တယ် မသွားသင့်ဘူး၊ စားသင့်တယ် မစားသင့်ဘူး" စသည်ဖြင့် လမ်းညွှန်ပြတာဟာ အတ္ထစရိယာပါလို့ ဖွင့်ပြထားပါတယ်။ နောက် စီးပွားရေး လုပ်ပုံလုပ်နည်းလေးတွေ၊ ကုန်သွယ်ပုံ ကုန်သွယ်နည်းလေးတွေ၊ လူမှုဆက်ဆံနည်းလေးတွေ၊ သစ်ပင်စိုက်နည်းလေးတွေ၊ ဟင်းချက်နည်းလေးတွေ စသည်စသည်တွေကို သင်ပေးတာလည်း အတ္ထစရိယာ = သူ့အကျိုးကို ကျင့်ခြင်းအားဖြင့် ချီးမြှောက်လိုက်တာပါပဲ။

မြန်မာစာပေသမိုင်းထဲက မေ့ပျောက်လို့မရကောင်းတဲ့ ချစ်စရာအတ္ထစရိယာလေးပါ။ ဒါလည်း သူ့အကျိုးကို ကျင့်ခြင်းအားဖြင့် ချီးမြှောက်လိုက်တာပါပဲ။



တချို့ဆိုအရေးပါတဲ့ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးလိုက်တာနဲ့ ဘဝတစ်ခုလုံး ပြောင်းသွားတာတွေလည်း အများကြီးပါ။ ပညာရေး နယ်ပယ်မှာလည်း ဒီအတိုင်းပါပဲ။ ကဗျာဆရာတင်မိုး ဆယ်တန်းဖြေတော့ စာစီစာကုံးနဲ့ တခြားအဖြေလွှာတွေက မြန်မာစာ အရေးအသားသိပ်ပြီး ကောင်းလွန်းနေပါတယ်။ ဒါကို

http://www.dhammadownload.com

တွေ့သွားတဲ့ ဆရာဦးမောင်မောင်တင်နဲ့ မြန်မာစာပါမောက္ခ ဒေါက်တာဇမောင်တို့က ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေး တက္ကသိုလ် တစ်ခုခုကို ရောက်လာတဲ့အခါ မြန်မာစာပေလောကအတွက် အားထား စရာ ကျောင်းသားတစ်ယောက်အဖြစ် စောင့်ရှောက်ထားဖို့ တက္ကသိုလ် တွေကနေ စောင့်နေကြပါတယ်။

ဒါပေမဲ့ ဆရာတင်မိုးက တက္ကသိုလ်နှစ်ခုလုံးကို ရောက်မလာ ခဲ့ပါဘူး။ ဆရာတင်မိုးက ငွေကြေးအားနည်းလို့ တက္ကသိုလ် မတက် နိုင်ရှာတာပါ။ ဆရာတင်မိုး တက္ကသိုလ်ရောက်မလာလို့ စုံစမ်းတော့ ငွေကြေး အခက်အခဲကြောင့်ဆိုတာ သိရလို့ ဆရာဦးမောင်မောင်တင်နဲ့ ပါမောက္ခ ဒေါက်တာဇမောင်တို့က မန္တလေးတက္ကသိုလ်ကို တက်နိုင် အောင် စီစဉ်ပေးခဲ့ပါတယ်။ မြန်မာစာပေသမိုင်းထဲက မေ့ပျောက်လို့ မရကောင်းတဲ့ ချစ်စရာ အတ္ထစရိယာလေးပါ။ ဒါလည်း သူ့အကျိုးကို ကျင့်ခြင်းအားဖြင့် ချီးမြှောက်လိုက်တာပါပဲ။

သူ့အကျိုးကို ကျင့်ခြင်းအားဖြင့် ချီးမြှောက်တဲ့နေရာမှာ လောကီရေးရာအားဖြင့် ချီးမြှောက်တာလည်း ရှိပါတယ်။ ဓမ္မရေးရာ အားဖြင့် ချီးမြှောက်တာလည်း ရှိပါတယ်။ လောကီရေးရာအားဖြင့်သာ ရပ်မထားဘဲ ဓမ္မရေးရာအားဖြင့်လည်း ချီးမြှောက်နိုင်အောင် ကြိုးစားရပါမယ်။

ကိုယ့်မိတ်ဆွေ ဒါနတွေပြုဖြစ်အောင်၊ သီလတွေ ဆောက် တည်ဖြစ်အောင်၊ သမထ၊ ဝိပဿနာတရားတွေ ပွားများဖြစ်အောင် စီစဉ်ပေးလိုက်တာဟာ ဓမ္မရေးရာအားဖြင့် ချီးမြှောက်လိုက်တာပါ။ အထူးသဖြင့် ဝိပဿနာတရားတွေ ပွားများအားထုတ်ဖြစ်အောင် စီစဉ်ပေးတာကတော့ အမြတ်ဆုံး ချီးမြှောက်ခြင်းပါပဲ။

http://www.dhammadownload.com

၄။ သမာနတ္တတာ = တန်းတူထားပြီး ဆက်ဆံခြင်းဖြင့်လည်း ချီးမြှောက်ပါ။

အဋ္ဌကထာမှာ တိုက်ရိုက်ပြထားတာကတော့ အတူနေတယ်၊ အတူထိုင်တယ်၊ အတူစားတယ်၊ အတူအိပ်တယ် စသည်တွေပါ။ တစ်နည်းအားဖြင့်ပြောရင်တော့ ကိုယ်နေသလို၊ ကိုယ်စားသလို၊ ကိုယ်အိပ်သလို အဆင့်တူထားပြီး ဆက်ဆံတာပါ။ ဆိုလိုတာက ကိုယ်က အသာစီးကပဲ မနေပါဘူး။ တချို့က သူငယ်ချင်း မိတ်ဆွေချင်းတောင် အသာစီးကပဲ နေချင်တာပါ။

၁၉၄၃ ခုနှစ်လောက်က ဗိုလ်ချုပ်အောင်ဆန်းတို့ ပြည်လမ်း၊ စစ်ဝန်ကြီးရုံးမှာ ရုံးထိုင်နေတဲ့အချိန် ရန်သူ့လေယာဉ်တွေ ဗုံးလာကြဲပါတယ်။ တပ်မတော်အရာရှိတွေကော ဗိုလ်တွေကော အားလုံး ဗုံးခိုကျင်းထဲ သွားကြပါတယ်။ ကျန်တဲ့လူတွေ သုတ်သုတ် သုတ်သုတ်နဲ့ သွားနေကြပေမယ့် ဗိုလ်ချုပ်အောင်ဆန်းကတော့ ခေါင်းငိုက်စိုက် ငိုက်စိုက်နဲ့ မှန်မှန်ပဲ လျှောက်သွားပါသတဲ့။

အဲဒီအချိန်မှာ ဗိုလ်တစ်ယောက် ရောက်လာပြီး ကင်းဗိုလ်ကို ဗိုလ်ချုပ် ရုံးခန်းကို ကင်းသွားစောင့်ဖို့ လာပြောပါ သတဲ့။ ဒီတော့ ကင်းဗိုလ်က ရဲဘော် မင်းဆွေနဲ့ ရဲဘော်ကျင်စိန်ကို ဗိုလ်ချုပ် ရုံးခန်း ကင်းသွားစောင့်ဖို့ တာဝန်ပေး ပါတယ်။ ဒါကြောင့် ရဲဘော်မင်းဆွေနဲ့ ရဲဘော်ကျင်စိန်က ဗုံးတွေ တဝုန်းဝုန်းနဲ့ ကြဲနေတုန်းမှာပဲ ဗိုလ်ချုပ် ရုံးခန်းမှာ သေနတ်ကိုင် ကင်းစောင့်နေရပါတယ်။

နောက် လေကြောင်းရန် အေးသွားတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ ရုံးခန်းဆီ ပြန်တက်လာကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ရုံးခန်းထဲ ဝင်လာတော့ ရဲဘော်မင်းဆွေတို့က သေနတ်မပြီး အလေးပြုလိုက်

http://www.dhammadownload.com

ပါတယ်။ ဒီတော့ ဗိုလ်ချုပ်အောင်ဆန်းက တစ်ချက်စောင်းကြည့်ပြီး ရုံးခန်းထဲဝင်သွားပါတယ်။ ဗိုလ်ချုပ်က ရုံးခန်းထဲက ထိုင်ရင်း ရဲဘော်မင်းဆွေတို့ကို မျက်မှောင်ကြုတ်ပြီး တွေကြည့်နေပါသတဲ့။ နောက် အနားမှာရှိတဲ့ ဗိုလ်မှူးစိန်မှန်ကို ရဲဘော်တွေ ဘယ်အချိန်ကစ ကင်းစောင့်နေတာလဲဆိုတာ သွားမေးခိုင်းပါတယ်။

ဗိုလ်မှူးစိန်မှန် လာမေးတော့ လေယာဉ်တွေ ဗုံးကြဲနေကတည်းက စောင့်နေကြောင်း ရဲဘော်မင်းဆွေတို့က ပြန်ဖြေပါတယ်။

ဒီတော့ ဗိုလ်ချုပ်အောင်ဆန်းက အရာရှိတွေကို "မင်းတို့တွေကတော့ ဗုံးခိုကျင်းထဲမှာ ဝင်နေပြီး ဒီရဲဘော်တွေကို ဒီရုံးပေါ်မှာ ဓားစာခံအဖြစ် ထားခဲ့တယ်။ မင်းတို့ ဗိုလ်တွေ



တစ်နည်းအားပြင့် ငပြာရင်တော့
ကိုယ်နေသလို၊ ကိုယ်စားသလို၊
ကိုယ်အိပ်သလို အဆင့်တူထားပြီး ဆက်ဆံတာပါ။
ဆိုလိုတာက ကိုယ်က အသာစီးကပဲ မနေပါဘူး။
တချို့ကသူငယ်ချင်းမိတ်ဆွေချင်းတောင်
အသာစီးကပဲ နေချင်တာပါ။

http://www.dhammadownload.com

ဟာ ရဲဘော်တစ်ယောက်ရဲ့ တန်ဖိုးကို ဘာမှမသိဘူး။ မင်းတို့ ကိုယ်လောက်သာ တန်ဖိုးရှိတယ်လို့ ထင်တယ်။ မင်းတို့အမိန့်ကို အလွဲသုံးစား လုပ်လို့ ရဲဘော်တွေ မသေ သင့်ဘဲ သေရတယ်" ဆိုပြီး ဆူပါတော့တယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ သဘောကတော့ ငါလည်း သေတတ်တယ်၊ သူတို့လည်း သေတတ်တယ်၊ ဗိုလ်လည်း သေတတ်တယ်၊ ရဲဘော်လည်း သေတတ်တယ်လို့ ကိုယ်ချင်းစာ တန်းတူထား ဆက်ဆံတဲ့ အပြုအမူလေးပါ။ ဗိုလ်ချုပ်ရဲ့ သမိုင်းဝင် အတုခိုးစရာ အတ္ထစရိယာလေး တစ်ခုပါပဲ။

ဒီသမိုင်းကြောင်း ဖြစ်စဉ်လေးကို ရဲဘော်မင်းဆွေက ရှုမဝမဂ္ဂဇင်းမှာ "ဗိုလ်ချုပ်မျက်မှောင်" ဆိုပြီး ကိုယ်တွေ့အနေနဲ့ မှတ်တမ်းတင် ရေးခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရဲဘော်တွေနဲ့ တန်းတူထားပြီး ဆက်ဆံပုံလေးတစ်ခု ပါပဲ။

ကိုယ်က အသာစီးကပဲနေနေရင် အမြင်မလှပါဘူး၊ တန်းတူထား ဆက်ဆံတာလည်း ချီးမွှောက်ခြင်းပါပဲ။ တစ်နည်းအားဖြင့် တန်းတူထား ဆက်ဆံတာလည်း ကုသိုလ်ဖြစ်သွားတာပါ။

ဘဝခရီး လမ်းတစ်လျှောက်မှာ တစ်ဦးကိုတစ်ဦး အပြန်အလှန် ပေးကမ်းခြင်းဖြင့်လည်း ချီးမွှောက်ရပါတယ်။ စကားကို ချိုချိုသာသာ ပြောဆိုခြင်းဖြင့်လည်း ချီးမွှောက်ရပါတယ်။ သူ့အကျိုးကို ကျင့်ခြင်းအားဖြင့်လည်း ချီးမွှောက်ရပါတယ်။ တန်းတူထားပြီး ဆက်ဆံခြင်းဖြင့်လည်း ချီးမွှောက်ရပါတယ်။ ဒါ မြတ်စွာဘုရား ဟောကြားထားတဲ့ လောကထဲမှာ နေနေကြရတဲ့သူတွေအတွက် မဖြစ်မနေ ကျင့်ရမယ့် ကျင့်စဉ်လေးတွေပါ။

http://www.dhammadownload.com

ဘာပဲပြောပြောလေ... ဘဝခရီးလမ်းတစ်ခုကို ဖြတ်သန်းရတဲ့ အခါမှာ တစ်ဦးကိုတစ်ဦး ချီးမြှောက်ခြင်း (၄) ပါးနဲ့ နေသွားရင် သူလည်း အဆင်ပြေ၊ ကိုယ်လည်း အဆင်ပြေတဲ့ ဘုရားဟော ကျင့်စဉ်လေးတစ်ခုပါပဲလေ။

ကျမ်းကိုး-
၁။ သင်္ဂဟသုတ္တန် အင်္ဂုတ္တိုရ်ပါဠိတော်
၂။ ထောက်ပံ့ခြင်း (၄) ဖြာ သဒ္ဓမ္မရံသီဆရာတော်

စံတော်ချိန်သတင်းစာ
၂၃-၅-၂၀၁၆။

http://www.dhammadownload.com

စိတ်ညစ်ရမယ့်စကားများ မရေတွက်နဲ့လား

တစ်ခါတုန်းက ဘုရား အလောင်းဟာ ပုဏ္ဏားမျိုးမှာဖြစ်ပြီး တက္ကသိုလ်ပြည်မှာ ပါမောက္ခ အဖြစ်နဲ့ ဗေဒင်ပညာတွေကို သင်ကြား ပို့ချပေးနေပါတယ်။

ပညာသင်ယူနေကြတဲ့ တပည့် တွေထဲမှာ ဘုရင့်သား မင်းသား တွေရော၊ ပုဏ္ဏားတွေရဲ့ သားပုဏ္ဏား လုလင်ငယ်တွေရော၊ သူဌေးသား တွေရော နယ်ပယ်စုံပါပါတယ်။ အဲဒီအထဲကမှ ပုဏ္ဏားလုလင်ငယ် တစ်ယောက်က ဗေဒင်ပညာရပ်တွေ ကို ယုံမှားကင်းအောင် ပြည့်ပြည့်စုံစုံ တတ်သွားလို့ ဆရာငယ်တစ်ယောက် ဖြစ်သွားပါတယ်။

နောင် အရွယ်ရောက်တဲ့အခါ မှာ ပုဏ္ဏားလုလင်က အိမ်ထောင်ပြု ပါတယ်။ အိမ်ထောင်ပြုတော့



http://www.dhammadownload.com



http://www.dhammadownload.com

အိမ်ထောင်ရေး ကိစ္စတွေကြောင့် စိတ်တွေက ညစ်လာပါတယ်။ စိတ်ညစ်လာတော့ မူလ မြတ်မြတ်နိုးနိုးနဲ့ သင်ကြားခဲ့တဲ့ ဗေဒင်ပညာရပ်တွေကို ပြန်မလေ့ကျက်နိုင်တော့ပါဘူး။

တစ်နေ့တော့ ပုဏ္ဏားလုလင်က ကိစ္စတစ်ခုနဲ့ ဆရာဖြစ်သူ ဘုရားလောင်းဆီ ရောက်သွားတော့ ဘုရားအလောင်းက "ငါ့တပည့်... သင်ထားတဲ့ ဗေဒင်ပညာရပ်တွေကော ပြန်လေ့ကျက် ဖြစ်ရဲ့လား"လို့ မေးပါတယ်။

ဒီတော့ ပုဏ္ဏားလုလင်က "ကျွန်တော် အိမ်ထောင်ပြုလိုက်တော့ အိမ်ထောင်မှုကိစ္စတွေကြောင့် စိတ်ညစ်နေရပါတယ်။ စိတ်ညစ်တော့ ဗေဒင်တွေကို ပြန်မလေ့ကျက်နိုင်တော့ပါဘူး"လို့ ပြန်ပြောလိုက်ပါတယ်။

စိတ်ညစ်တဲ့ပုံပေါက်နေတဲ့ တပည့် ပုဏ္ဏားလုလင်ကို ဆရာဖြစ်သူ ဘုရားအလောင်းက–

"ငါ့တပည့်... ရေဟာ နောက်ကျနေရင် ရေထဲက ကျောက်ခဲတွေ၊ သဲတွေ၊ ငါးတွေ၊ လိပ်တွေကို မမြင်နိုင်သလို ဒီအတိုင်းပဲ စိတ်ညစ်နေရင် မိမိကိုယ်ကျိုးအတွက်ရော၊ သူတစ်ပါးအကျိုးအတွက်ရော မလုပ်နိုင်တော့ဘူး။

ရေကြည်နေရင် ရေထဲက ကျောက်ခဲတွေ၊ သဲတွေ၊ ငါးတွေ၊ လိပ်တွေကို မြင်ရသလို စိတ်ကြည်နေရင်၊ စိတ်ပျော်နေရင် ကိုယ်ကျိုးအတွက်ရော သူတစ်ပါးအကျိုးအတွက်ရော ကောင်းကောင်း ဆောင်ရွက်နိုင်တယ်"လို့ ပြန်ပြောပြလိုက်ပါတယ်။

ပုဏ္ဏားလုလင်လည်း ဆရာသမားဆီက သြဝါဒအဖြေစကားကြားလိုက်ရတော့ ကျေနပ်တဲ့ အမူအရာနဲ့ပဲ ပြန်သွားပါတော့တယ်။

(အနာဘိရတိဇာတ်၊ အသဒိသဝဂ်)

http://www.dhammadownload.com

ဘုရားအလောင်းရဲ့ "စိတ်ညစ်နေရင် ကိုယ်ကျိုးအတွက်ရော၊ အများအကျိုးအတွက်ရော ဆောင်ရွက်လို့ မရဘူး" ဆိုတဲ့ စကားလေးကို ကြိုက်လွန်းမက ကြိုက်လွန်းလို့ပါ။ ဇာတ်တော်ထဲမှာတော့ ဘုရားအလောင်းက သူ့တပည့်ပုဏ္ဏားကို ဒီစကားလေး ပြောလိုက်တယ် ဆိုတာပဲ ပါပါတယ်။ ဘုရားလောင်းစကားကြားပြီး တပည့်ပုဏ္ဏားလည်း စိတ်ညစ်တာတွေ ပျောက်၊ ကိုယ်ကျိုးအတွက်ရော၊ အများအကျိုးအတွက်ရော ဆက်လက်ဆောင်ရွက်သွားတယ်လို့တော့ စာထဲမှာ ဆက်ပြမထားပါဘူး။ မှန်းဆကြည့်ရတာကတော့ တပည့်ကလည်း ခပ်ထက်ထက်ဆိုတော့ ဆရာဖြစ်သူက အကျဉ်းဟောလိုက်တာနဲ့ အကျယ်တွေးဆ သဘောပေါက်ပြီး အကောင်းဘက်ကို ရောက်သွားဖို့ပဲ များပါတယ်။ ဘုရားအလောင်းရဲ့ စကားလေးက နှစ်ပေါင်းထောင်သောင်းမက ကြာခဲ့ပြီဖြစ်ပေမယ့် ဒီနေ့အထိ အသစ်အသစ် ဖြစ်နေဆဲပါ။

အဲဒီမှာ တစ်ခုသတိထားစရာက စိတ်ညစ်နေရင် ကိုယ့်အတွက်တင်မကဘဲ သူတစ်ပါး အကျိုးအတွက်ပါ ဆောင်ရွက်လို့ မရတာပါ။ ဒီတော့ စိတ်ညစ်တာဟာ ကိုယ့်အတွက်သာမကဘဲ ကိုယ့်ပတ်ဝန်းကျင် တစ်ခုလုံးအတွက်ပါ ကောင်းကျိုး မပြုနိုင်တာပါ။ စိတ်ညစ်တာဟာ ဘာမှကို မကောင်းတာပါ။

ဥပမာ– တစ်ယောက်ယောက် စိတ်ညစ်နေတုန်း အကူအညီများ သူ့ဆီက သွားတောင်းရင် မရဖို့က များပါတယ်။ ဒီလိုပါပဲ ကိုယ် စိတ်ညစ်နေတုန်း တစ်ယောက်ယောက်က အကူအညီ လာတောင်းရင်လည်း မပေးချင်ပါဘူး။ သူစိမ်းမှတင် မဟုတ်ပါဘူး၊ မိသားစုထဲက တစ်ယောက်ယောက် စိတ်ညစ်နေတုန်း မိသားစု အချင်းချင်း

http://www.dhammadownload.com



လူတိုင်းမှာ စိတ်ညစ်စရာ အပူကိုယ်စီရှိကြပါတယ်။ ထုတ်မပြောလို့သာပါ။ စိတ်ညစ်စရာရှိနေတုန်းမှာ စိတ်ညစ်စရာစကားကို ထပ်ကြားရတဲ့အချိန်မှာ စိတ်ညစ်စရာ နှစ်ခါဆင့်သွားတဲ့ သဘောပါ။ အပူနှစ်ခါငေါင်သွားတာပါ။ နားထောင်ပေးရတဲ့သူမှာလည်း အလွန်ဆုံး နှစ်ကြိမ်သုံးကြိမ်လောက်ပဲ ကောင်းပါတယ်။

ခိုင်းရင်တောင် အဆင်မပြေလှပါဘူး။ စိတ်ညစ်တာဟာ လူ့အဖွဲ့အစည်းကို အဲဒီလောက်ထိ ဒုက္ခပေးတာပါ။

စိတ်ညစ်တယ်ဆိုတာ အဘိဓမ္မာသဘောတရားအရ အရကောက်ရင် ဒေါမနဿပါ။ ဒေါမနဿဆိုတာ အကုသိုလ်ပါ။ ဒေါမနဿကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက "စိတ်ထဲ၌ နလုံးမသာယာမှု၊ မခံသာမှု မှန်သမျှသည် ဒေါမနဿ= စိတ်ဆင်းရဲခြင်းမည်၏" လို့ မြန်မာပြန်ပြေးပါတယ်။ စိတ်ဆင်းရဲတယ်၊ စိတ်ညစ်တယ် ဆိုတာ ဒေါမနဿ အကုသိုလ်ပါ၊ ဒီတော့ စိတ်ညစ်နေတာဟာ အကုသိုလ်ဖြစ်နေတာပါပဲ။ နေရင်းထိုင်ရင်း တစ်ယောက်တည်း ကိုယ့် ဟာကိုယ် အကုသိုလ်ဖြစ်မှန်း မသိဖြစ်နေတာပါ။ စိတ်လည်း ညစ်ရသေး၊ အကုသိုလ်လည်း ဖြစ်ရသေးဆိုရင် ဈေးတွက်နဲ့တွက်ရင် မတန်ပါဘူး။

တကယ်လို့ "ငါ စိတ်ညစ်တယ်... ငါ စိတ်ညစ်တယ်" လို့ ပြောနေတာဟာ "ငါ အကုသိုလ်ဖြစ်နေတယ်" လို့ ပြောနေတာနဲ့ အတူတူပါပဲ။ ဒီလိုပါပဲ။

http://www.dhammadownload.com

တစ်ယောက်ယောက်က "ငါ စိတ်ညစ်တယ်၊ ငါ စိတ်ညစ်တယ်"လို့ အော်နေတာဟာလည်း "ငါ အကုသိုလ် ဖြစ်နေတယ်"လို့ ပတ်ဝန်းကျင်ကို တရားဝင် ကြေညာလိုက်တာပါ။ တွေးကြည့်တော့လည်း ရှက်စရာကြီးပါ။

စိတ်ညစ်စရာစကားကို ပြောတဲ့သူရှိရင် နားထောင်ပေးရတဲ့သူလည်း ရှိတော့တာပါ။ စိတ်ညစ်စရာစကားဆိုတာ အကုသိုလ်စကား၊ အပူစကားပါ။ အကုသိုလ်စကား၊ အပူစကားကို နားထောင်ပေးရတဲ့သူမှာလည်း မသက်သာလှပါဘူး။ တကယ်တော့ ဘယ်သူမှ စိတ်ညစ်စရာစကား၊ အပူစကားကို နားမထောင်ချင်လှပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းမှာ စိတ်ညစ်စရာ အပူကိုယ်စီ ရှိကြပါတယ်။ ထုတ်မပြောလို့သာပါ။ စိတ်ညစ်စရာရှိနေတုန်းမှာ စိတ်ညစ်စရာစကားကို ထပ်ကြားရတဲ့အချိန်မှာ စိတ်ညစ်စရာ နှစ်ခါဆင့်သွားတဲ့သဘောပါ။ အပူနှစ်ခါ လောင်သွားတာပါ။ နားထောင်ပေးရတဲ့သူမှာလည်း အလွန်ဆုံး နှစ်ကြိမ် သုံးကြိမ်လောက်ပဲ ကောင်းပါတယ်။ စိတ်ညစ်စရာ စကားတွေကို အမြဲနားထောင်ပေးနေရရင် ရေရှည်မသက်သာလှပါဘူး။

ဥပမာ– ညကလည်း ကောင်းကောင်း မအိပ်လိုက်ရဘူး၊ ကောင်းကောင်း မအိပ်လိုက်ရတဲ့အတွက် ခေါင်းကလည်း ကိုက်နေမယ်၊ မနက်ကျ စိတ်ညစ်စရာစကားလည်း ကြားလိုက်ရမယ်ဆိုရင်တော့ အဲဒီ လူသားအတွက် ဒီနေ့တစ်နေ့တာ ကံအဆိုးဆုံး လူသားတစ်ယောက် ဖြစ်သွားတော့တာပါ။ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့တာလုပ်ရမယ့် အလုပ်တွေကို ကောင်းကောင်းမလုပ်နိုင်တော့ပါဘူး။ အထူးသဖြင့် မနက်စောစောဟာ ကျက်သရေမင်္ဂလာ ရှိနေတဲ့

http://www.dhammadownload.com

အချိန်လေးပါ။ ကျက်သရေ မင်္ဂလာရှိနေတုန်း ဘဝတစ်နေ့တာရဲ့ အစမှာ စိတ်ညစ်စရာ စကားကြားလိုက်ရရင် တစ်နေ့တာ အလုပ်တွေကို လုပ်ဖို့အတွက် အားအင်တွေကို ရိုက်ချိုးခံလိုက်ရသလိုပါပဲ။

စိတ်ညစ်စရာစကားဟာ ပြောပါများရင် အကျင့်တစ်ခုလိုဖြစ်သွားတတ်ပါတယ်။ အလေ့အကျင့်တစ်ခုဖြစ်သွားရင် ပြန်ပယ်ဖို့ တော်တော်ခက်သွားပါတယ်။ ဒီတော့ စိတ်ညစ်စရာစကား ပြောနေတုန်း သိလိုက်တာနဲ့ ချက်ချင်းရပ်စဲလိုက်ဖို့ပါ။ တုံးတိကြီး ရပ်လိုက်ဖို့ ခက်တယ်ဆိုရင်လည်း တခြားစကားလမ်းကြောင်း ပြောင်းပစ်လိုက်ဖို့ပါ။ တချို့များ စိတ်ညစ်စရာ စကားတွေကို တစ်နာရီကျော် နှစ်နာရီလောက် မနားတမ်း တရစပ်ပြောနေတော့တာပါ။ နားထောင်ပေးရတဲ့သူမှာလည်း "အင်း အင်း အင်း အင်း" နဲ့ အပူပိုက်ကွန်နဲ့ အုပ်ထားသလို စိတ်ပူလောင်မှုဒဏ်ကို ခံစားရတော့တာပါ။ ကိုယ်ပြောချင်တာကိုပဲ မနားတမ်းပြောနေပြီး နားထောင်ပေးရတဲ့သူကိုတော့ စကားပြန်ပြောခွင့် လုံးဝကို မပေးတော့တာပါ။ စကားဆိုတာကလည်း သူ (၅၀) ကိုယ် (၅၀) ပြောမှ အရသာရှိတာပါ။ ကိုယ်ကချည်း တစ်ဖက်သတ် ပြောနေရင် ဘယ်သူမှ နားမထောင်ချင်ပါဘူး။

နားထောင်ပေးရတဲ့သူမှာသာ "အင်း" တစ်လုံးကလွဲလို့ ဘာစကားမှ ပြန်ပြောခွင့်ပြုထားတာ မဟုတ်ပါဘူး။ သူ့ရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို "အင်းပေါ့၊ ဟုတ်တာပေါ့" နဲ့ နားထောင်မှု ပါရမီကို စိတ်မသက်မသာနဲ့ ဖြည့်နေရတော့တာပါ။

http://www.dhammadownload.com

ဒီနေရာမှာ စိတ်ညစ်စရာစကားကို ပြောတဲ့နေရာမှာ လူ (၂) မျိုးထွက်လာပါတယ်။

စိတ်ညစ်တဲ့အခါ စိတ်ညစ်စရာတွေ ပြေပျောက်သွားဖို့၊ အဖြေသိဖို့ ပြောတဲ့ လူရယ်။

စိတ်ညစ်စရာစကားကို ဝါသနာအလေ့အကျင့်အရ နားထောင်ပေးရတဲ့သူကို ပြန်ပြောခွင့် မပေးတော့ဘဲ ကိုယ်ကချည်းပဲ မနားတမ်း တရစပ်ပြောနေတဲ့သူရယ်ပါ။

လူနှစ်မျိုးထဲက တစ်မျိုးမျိုးထဲမှာတော့ ပါနေမှာ အသေအချာပါ။ ကိုယ်က ဘယ်အမျိုးအစားထဲမှာ ပါနေမယ်ဆိုတာ ကိုယ်တိုင်ပဲ ဆုံးဖြတ်ရမှာပါ။ ပထမအမျိုးအစားအတွက်ကတော့ ပြဿနာမရှိပါဘူး။ ဒုတိယအမျိုးအစား အတွက်သာ ပြဿနာရှိနေတာပါ။

ပုထုဇဉ် လူသားတစ်ယောက်အနေနဲ့ စိတ်ညစ်စရာတော့ အခါအားလျော်စွာ ရှိနေကြမှာပါ။ စိတ်ညစ်စရာက အနာဂါမ် ရောက်မှပဲ ပယ်လို့ရတာပါ။ ဒီတော့ အနာဂါမ် မဖြစ်သရွေ့ စိတ်ညစ်စရာကတော့ ကြုံနေရမှာပါ။

စိတ်ညစ်စရာစကားဟာ ပြောပါများရင် အကျင့်တစ်ခုလို ဖြစ်သွားတတ်ပါတယ်။ အလေ့အကျင့်တစ်ခုဖြစ်သွားရင် ပြန်ပယ်ဖို့တော်တော်ခက်သွားပါတယ်။ ဒီတော့စိတ်ညစ်စရာစကား ပြောနေတုန်းသိလိုက်တာနဲ့ ချက်ချင်းရပ်ပစ်လိုက်ဖို့ပါ။



http://www.dhammadownload.com

စိတ်ညစ်လာတဲ့အခါ ဘယ်လို ဖောက်ထွက်ရမလဲ အဖြေရှာတာကတော့ သဘာဝကျတဲ့ မှန်ကန်တဲ့ လမ်းစဉ် တစ်ခုပါ။ အနာဘိရတိ ဇာတ်မှာ ပုဏ္ဏားလုလင်က ဆရာဘုရားအလောင်းဆီ သွားပြီး အဖြေ ရှာပါတယ်။

ဒီလိုပါပဲ။ သိကြားမင်း သေရတော့မယ်ဆိုတာ (၇) ရက်အလိုမှာ သိရတဲ့အခါ စိတ်တွေ ဆင်းရဲလွန်းလို့၊ သိကြားမင်း စည်းစိမ်ကို စွန့်လွှတ်ရမှာ ကြောက်လို့ မြတ်စွာဘုရားဆီ သွားလျှောက်ပြ၊ မြတ်စွာဘုရားက ပြန်တရားဟောပြ၊ တရားနာပြီး သောတာပန်ဖြစ်၊ သောတာပန် တည်ပြီး သိကြားမင်းသေ၊ ပြီးတော့ သူဖြစ်ချင်တဲ့ သိကြားမင်း အသစ်ပြန်ဖြစ်၊ ကျန်တဲ့ နတ်ဗြဟ္မာတွေလည်း တရားနာခွင့်ရ အားလုံး အားလုံး အကျိုးရှိသွားတော့တာပါ။



စကားဆိုတာကလည်း
သူ (၅၀) ကိုယ် (၅၀) ပြောမှ
အရသာရှိတာပါ။
ကိုယ်ကချည်း
တစ်ဖက်သတ် ပြောနေရင်
ဘယ်သူမှ နားမထောင် ချင်ပါဘူး။

http://www.dhammadownload.com

သိကြားမင်း စိတ်ညစ်တာကျန်တဲ့ နတ်ဗြဟ္မာတွေပါ တရားထူး ရသွားကြကုန်တာက သိကြားမင်းရဲ့ အဖြေရှာမှု၊ စကားပြောတတ်မှု လမ်းကြောင်းမှန်ကန်သွားလို့ပါပဲ။

စိတ်ညစ်လာတဲ့အခါ အဖြေစကား ကြားရဖို့၊ သိကြားမင်းလိုပဲ စိတ်ညစ်တာတွေက ရုန်းထွက်နိုင်ဖို့ သူငယ်ချင်း မိတ်ဆွေတွေကိုပဲ ဖြစ်ဖြစ်၊ ဆရာသမားကိုပဲဖြစ်ဖြစ် ပြောပြတာကတော့ သဘာဝကျတဲ့ အပြု အမူတစ်ခုပါ။ အဲဒီသူအတွက်တော့ နားထောင်ပေးရတဲ့သူကလည်း ဝန်မလေးသလို စိတ်လည်း မညစ်ပါဘူး။

ဒုတိယလူအမျိုးအစားကျတော့ စိတ်ညစ်စရာစကားကို ပြောတဲ့လူရော၊ နားထောင်ပေးရတဲ့လူရော နှစ်ဦးလုံးအတွက် အကျိုးကို မရှိတာပါ။ ပြောနေတဲ့လူကလည်း စိတ်ညစ်စရာစကားကို ပြောနေတာဖြစ်တဲ့အတွက် အကုသိုလ်တွေ ထပ်ဆင့်ပွားနေတော့တာပါ။ နားထောင်ပေးရတဲ့ လူကလည်း ကြာလာတဲ့အခါကျတော့၊ အကြိမ်ရေများလာတဲ့အခါကျတော့ ပုထုဇဉ်အားလျော်စွာ နှလုံးမသွင်းတတ်ရင် ငြီးငွေ့မှုတွေ၊ စိတ်ဆင်းရဲမှုတွေ ဖြစ်လာတော့မှာပါ။ ဒီလို ဖြစ်လာရင် ပြောသူရော၊ နားထောင်ပေးရတဲ့သူရော နှစ်ဖက်လုံး အကုသိုလ်ဖြစ်ရတော့တာပါ။ ဒီတော့ ကိုယ်က ဒုတိယအမျိုးအစားထဲမှာ ပါနေမယ်ဆိုရင်လည်း ပထမ အမျိုးအစားထဲမှာ ပါအောင် ပြန်ကြိုးစားယူရပါမယ်။ သိပ်ပြီး ခက်မယ်တော့ မထင်ပါဘူး။

အဲဒီမှာ အထူးသတိထားရမှာက ဘယ်အရာပဲဖြစ်ဖြစ် အလေ့အကျင့်များရင် နောက်ဘဝအထိ ပါတတ်တာဆိုတော့ ဒီဘဝ စိတ်ညစ်စရာ စကားတွေ တွင်တွင်ပြောတတ်ရင် နောက်ဘဝတွေ

http://www.dhammadownload.com

မှာလည်း စိတ်ညစ်စရာ စကားတွေ ပြောပြောနေပါလိမ့်မယ်။ အဲဒါမျိုး ဖြစ်သွားရင် ပိုလို့တောင် ရှုံးပါသေးတယ်။

တခြားဆိုးကျိုးတွေလည်း အများကြီးပါ။ စိတ်ညစ်စရာ စကားတွေကို မရပ်တမ်း ပြောနေတဲ့သူကို ဘယ်သူမှ အချိန်ကုန်ခံ နားမထောင်ချင်ပါဘူး။ အားလုံးက အလုပ်ကိုယ်စီနဲ့ပါ။ အလုပ် ပျက်ခံ အချိန်ကုန်ခံပြီး နားထောင်ပေးဖို့ ဆိုတာ ရေရှည်မှာ မလွယ်ပါဘူး။ ကြာလာရင် ကိုယ့်ဆီက တယ်လီဖုန်းလာရင်တောင် ကိုင်တော့မှာ မဟုတ်ပါဘူး။ ဝေးဝေးက ရှောင်ကြတော့မှာပါ။ တချို့ ဆို စိတ်ညစ်စရာစကားတွေကို တစ်ညလုံး အအိပ်ပျက်ခံပြီး နားထောင်ပေးရတာတောင် ရှိဖူးပါသတဲ့။ ဒီတော့ စိတ်ညစ်စရာ စကားတွေ ပြောဖြစ်ခဲ့ရင် သိလိုက်တာနဲ့ ရပ်လိုက်ဖို့ပါ။ တုံးတိတိ ရပ်လိုက်ဖို့ ခက်ရင်လည်း စကားလမ်းကြောင်း ပြောင်းလိုက်ဖို့ပါ။

တတ်နိုင်ရင်တော့ စိတ်ညစ်စရာ စကားပြောတဲ့ ကိုယ့်ကို လည်း အထင်မသေးအောင်၊ ပျော်စရာကုသိုလ်ဖြစ်စရာ စကားဘက် ကို လမ်းကြောင်း ပြောင်းပစ်လိုက်ဖို့ပါ။ စကားလမ်းကြောင်း ပြောင်းတာတော့ ခက်မယ်မထင်ပါဘူး၊ လေ့ကျင့်သွားရင် ရနိုင် ပါတယ်။ စကားလမ်းကြောင်း ပြောင်းတတ်တာလည်း အတတ်ပညာ တစ်ခုပါပဲ။ အဓိကကတော့ စိတ်ညစ်တာရော၊ စိတ်ညစ်စရာ စကားပြောတာရော အကုသိုလ်ဆိုတာကို သေချာသိထားလိုက်ဖို့ပါ။ အကုသိုလ်လို့ ဆိုလိုက်ရင် အများစုက ကြောက်ကြတာ များပါ တယ်။

တစ်ခါတလေ တွေးမိပါတယ်၊ "ငါ စိတ်ညစ်စရာတစ်ခုခုကို တွေးနေတုန်းများ အသက်ထွက်သွားရင်" ဆိုတဲ့ အတွေးပါပဲ။ အဲဒီ


http://www.dhammadownload.com

အချိန်မှာ အသက်ထွက်သွားရင်တော့ မသက်သာလှပါဘူး။ အသက်ဆိုတာကလည်း ပြောလို့ရတာ မဟုတ်ပါဘူး၊ သူထွက်ချင်တဲ့အချိန်ထွက်သွားမှာပါ။ "အသက်ကလေးရယ် စိတ်ညစ်နေတုန်းလေးတော့ မထွက်ပါနဲ့ဦး၊ ခဏနေပါဦး" လို့ တောင်းပန်ထားလို့ ရတာလည်း မဟုတ်ပါဘူး။ စိတ်ဆိုတာကလည်း အာရုံမျိုးစုံကို တစ်ချိန်တစ်မျိုး မရိုးရအောင် တွေးနေတာပါ။ "ကောင်းတဲ့အာရုံလေး တွေးဖြစ်နေတုန်း ထွက်ပါစေ"လို့ ဆုတောင်းရတော့မယ့် အနေအထားပါ။

ဘာပဲပြောပြောလေ... စိတ်ညစ်တာရော စိတ်ညစ်စရာစကားပြောတာရော ဒေါမနဿ ဆိုတဲ့ အကုသိုလ်လို့ သေချာနှလုံးသွင်းလိုက်ရင် အခွင့်သင့်ရင် ပြောတတ်တဲ့ စိတ်ညစ်စရာစကားတွေ အတိုင်းအတာတစ်ခုအထိ လျော့လျော့သွားမှာတော့ အမှန်ပါပဲလေ။

စံတော်ချိန်သတင်းစာ
၃၀-၅-၂၀၁၆။

http://www.dhammadownload.com



http://www.dhammadownload.com



ဂုဏ်ရှိုးတွေကိုသံသရာမှာ ယူဆောင်သွားပါနဲ့လား

တစ်ခါတုန်းက မိလိန္ဒမင်းက အရှင်နာဂသိန်ကို ကုသိုလ်၊ အကုသိုလ် အကျိုးနဲ့ ပတ်သက်ပြီး မေးခွန်းမေးပါတယ်။

"အရှင်ဘုရားနာဂသေန၊ ကုသိုလ်ပြုသူနဲ့ အကုသိုလ်ပြုသူဟာ အကျိုးပေး တူတူပဲလား၊ ဒါမှမဟုတ် ထူးခြားမှု ရှိပါသလား ဘုရား"

"မင်းမြတ် ထူးခြားပါတယ်၊ ကုသိုလ်က ကောင်းကျိုးကို

http://www.dhammadownload.com

ပေးတယ်၊ နတ်ပြည်သုဂတိကို ပို့ဆောင်ပေးတယ်၊ အကုသိုလ်က မကောင်းကျိုးကို ပေးတယ်၊ ငရဲဒုဂ္ဂတိကို ဆွဲချတယ်"

"အရှင်ဘုရား ဒါဖြင့် ဟုတ်ပါပြီ၊ ဒေဝဒတ်ဟာ မည်းညစ်ယုတ်မာတယ်၊ မည်းညစ်ယုတ်မာတဲ့ တရားတွေနဲ့လည်း ပြည့်စုံတယ်၊ ဘုရားအလောင်းကတော့ ဖြူစင်ကောင်းမြတ်တယ်။ ဖြူစင်ကောင်းမြတ်တဲ့ တရားတွေနဲ့လည်း ပြည့်စုံတယ်လို့ အရှင်ဘုရားတို့ ဆရာတော်ဘုရားတွေက မကြာခဏ ဟောတတ်ပါတယ်။ ဒါပေမဲ့ ဒေဝဒတ်ဟာ ဘဝတိုင်း ဘဝတိုင်း စည်းစိမ်အားဖြင့်ပဲဖြစ်ဖြစ်၊ အဆွေအရံအားဖြင့်ပဲဖြစ်ဖြစ် ဘုရားအလောင်းနဲ့ တူညီနေပါတယ်။ တစ်ခါတစ်ရံ တချို့ဘဝတွေမှာဆို ဘုရားအလောင်းထက်တောင် သာလွန်နေပါသေးတယ်။ ဒေဝဒတ်ရဲ့ အတိတ်ဇာတ်ကြောင်းတွေ ပြန်ကြည့်တဲ့အခါ ဒေဝဒတ်ဟာ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကို ခစားရတဲ့ ပုရောဟိတ်ရဲ့သား ဖြစ်ပြီး ဘုရားအလောင်းကတော့ ယုတ်ညံ့တဲ့ ဒွန်းစဏ္ဍား အမျိုးမှာ ဖြစ်ခဲ့ပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က ဘုရင်ဖြစ်ပြီး ဘုရားအလောင်းက ဘုရင်ရဲ့ အသုံးဆောင် ဆင်ပြောင်ကြီး ဖြစ်ရပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က တောထဲမှာ နွားပျောက်ရှာတဲ့ လူဖြစ်ပြီး ဘုရားအလောင်းက မျောက်ဖြစ်ရပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က သောဏုတ္တိရ်လူမုဆိုးဖြစ်ပြီး ဘုရားအလောင်းက ဆဒ္ဒန်ဆင်မင်း ဖြစ်ရပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က ကလာဗုမင်း ဖြစ်ပြီး ဘုရားအလောင်းက ခန္တီဝါဒီရသေ့ ဖြစ်ရပါတယ်။

http://www.dhammadownload.com



ဒေဒတ်ဟာဇွဲထက်မရလိုက်တာနဲ့ မြစ်ကမ်းစပ်မှာပဲသွေးအန်ပြီး သေဆုံးသွားခဲ့ပါတယ်။ အဲဒီလိုသွေးအန်သေသွားခဲ့တဲ့ အတွက်ဒေဒတ်ဟာ ဘုရားအလောင်းကို ရွဲကုန်သည်ဇာတ်ကစပြီး ပထမဆုံးရန်ငြိုးစဖွဲ့ခဲ့တာလို့ ဇာတ်တော်ကဆိုပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က စေတီတိုင်းပြည်မှာ အထက် ကောင်းကင်ကို သွားနိုင်တဲ့ ဘုရင်ဖြစ်ပြီး ဘုရားအလောင်းက သာမန် ပုဏ္ဏား ဖြစ်ရပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က အဓမ္မနတ်သား ဖြစ်ပြီး ဘုရား အလောင်းက ဓမ္မနတ်သား ဖြစ်ရပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က ယောကျ်ား (၅၀၀)ကို အစိုးရတဲ့ လှေသူကြီး ဖြစ်ပြီး ဘုရားအလောင်းက တစ်ဖက်မှာ ယောကျ်ား (၅၀၀)ကို အစိုးရတဲ့ လှေသူကြီး ဖြစ်ရပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က လှည်း (၅၀၀)ကို အစိုးရတဲ့ လှည်းမှူးကြီး ဖြစ်ပြီး ဘုရားအလောင်းက တစ်ဖက်မှာ လှည်း (၅၀၀)ကို အစိုးရတဲ့ လှည်းမှူးကြီး ဖြစ်ရပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က သာခစစ်သူကြီး ဖြစ်ပြီး ဘုရားအလောင်းက နိဂ္ဂြောဓစစ်သူကြီး ဖြစ်ရပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က ဖြဟ္မဒတ်မင်းဖြစ်ပြီး ဘုရား အလောင်းက

http://www.dhammadownload.com

အဲဒီမင်းရဲ့သား မဟာပဒုမမင်းသား ဖြစ်ရပါတယ်။

ဘဝတစ်ခုမှာလည်း ဒေဝဒတ်က မဟာပတာပမင်းဖြစ်ပြီး ဘုရားအလောင်းက အဲဒီ မင်းရဲ့သား ဓမ္မပါလမင်းသား ဖြစ်ရပါတယ်။

"ရန်ပြိုးတွေကို သံသရာအထိယူမသွားဘူး။ ဒီဘဝမှာပဲ အပြတ်ရှင်းခဲ့မယ်" ဆိုပြီး ဒီဘဝမှာပဲ အပြီးအပြတ် လက်စားချေခဲ့ရမှာမဟုတ်ပါဘူး။ ကြုံတွေ့ခဲ့ရတဲ့ ရန်ပြိုးတွေကို မတွေးမိအောင်ရယ်၊ မတွေ့အောင်ရယ် ရှောင်ရှားပြီး ဒါန၊ သီလ၊ ဝိပဿနာ တရားတွေကို စွမ်းနိုင်သမျှ ပိုလုပ်နေဖို့ပါ။



ယခု နောက်ဆုံး ဘဝမှာလည်း နှစ်ဦးလုံး အမျိုးမြတ်တဲ့ သာကီဝင် မင်းမျိုးမှာ ဖြစ်ရသလို ဘုရားအလောင်းက တရားအလုံးစုံကိုသိတဲ့ ဘုရားဖြစ်ပြီး ဒေဝဒတ်လည်း ရဟန်းပြု စွာန်အဘိညာဉ်တွေရပြီး ဘုရားကို တုပပြိုင်ခဲ့ပါတယ်။

အရှင်ဘုရား တပည့်တော် လျှောက်ချင်တာက... ဒေဝဒတ်ဟာ ဘုရားအလောင်းနဲ့ တွေ့ဆုံလေသမျှ ဘဝတိုင်း ဘဝတိုင်း စည်းစိမ်အားဖြင့်ပဲ ဖြစ်ဖြစ်၊ အဆွေအရံအားဖြင့်ပဲ ဖြစ်ဖြစ် ဘုရားအလောင်းနဲ့ တူညီနေပါတယ်။ တစ်ခါတလေ တချို့ဘဝတွေမှာဆို ဒေဝဒတ်က ဘုရားအလောင်းထက်တောင် သာလွန်နေပါသေးတယ်။ အခု တပည့်တော် လျှောက်ထားခဲ့တာတွေဟာ မှန်ပါသလား၊ မှားပါသလား ဘုရား"

http://www.dhammadownload.com

"မင်းမြတ် သင်က ဇာတ်တော်တွေထဲက ထုတ်ပြီး လျှောက်ထားတယ်၊ သင်ပြောခဲ့တဲ့ စကားအားလုံး မှန်ပါတယ်။ အမှားအယွင်း မရှိပါဘူး"

"အရှင်ဘုရား ဒါဆိုရင် မည်းညစ်ယုတ်ညံ့သောသူနဲ့ ဖြူစင်ကောင်းမြတ်သောသူတို့ ထပ်တူညီမျှ ဖြစ်နေကြရင် ကုသိုလ်နဲ့ အကုသိုလ် တို့ဟာလည်း ထပ်တူညီမျှ အကျိုးပေးကြမယ်လို့ ပြောရတော့မှာပေါ့ ဘုရား"

"မင်းမြတ်... ကုသိုလ်၊ အကုသိုလ်တို့ဟာ ထပ်တူညီမျှ အကျိုး မပေးနိုင်ပါဘူး။ တကယ်တော့ ဒေဝဒတ်ဟာ လောကမှာ ရှိရှိသမျှ လူသားအားလုံးနဲ့ ဆန့်ကျင်ဘက် လုပ်တာမဟုတ်ပါဘူး၊ ဘုရားအလောင်းနဲ့သာ ဆန့်ကျင်ဘက်လုပ်တာပါ။ ဘုရားအလောင်းကို ဆန့်ကျင်ဘက် လုပ်ခဲ့တဲ့အတွက်လည်း ဆန့်ကျင်ဘက်လုပ်ခဲ့တဲ့ ဘဝတွေမှာ မကောင်းကျိုးကို ခံစားရပါတယ်။

ဒါပေမဲ့လည်း ဒေဝဒတ်ဟာ ဘုရင်ဖြစ်တဲ့အခါမှာ မြို့ရွာကျေးလက်တွေကို အကုအညီ အစောင့်ရှောက်တွေ ပေးခဲ့တယ်၊ တံတားတွေ ဆောက်ခဲ့တယ်၊ လမ်းတွေ ခင်းခဲ့တယ်၊ အလှူခံ မဏ္ဍပ်တွေ လုပ်ပြီး ရဟန်း၊ ပုဏ္ဏား၊ အထီးကျန်တဲ့သူ၊ ဆင်းရဲသား၊ ခရီးသွားသူ၊ သူတောင်းစား စသည်တွေကို စားစရာရိက္ခာတွေ ပေးလှူခဲ့ပါတယ်။ အဲဒီ အလှူတွေရဲ့ ကုသိုလ်အကျိုးကြောင့် ဒေဝဒတ်ဟာ ဘဝတိုင်း ဘဝတိုင်း စည်းစိမ်ချမ်းသာတွေ ခံစားရပါတယ်။ အလှူပေးခြင်း၊ ဣန္ဒြေကို ဆုံးမခြင်း ကိုယ်နဲ့နှုတ်ကို စောင့်စည်းခြင်း၊ ဥပုသ်စောင့်ခြင်း မလုပ်ဘဲ အခြားတရားတွေနဲ့ စည်းစိမ်ချမ်းသာတွေ ခံစားရလိမ့်မယ်လို့ ဘယ်သူက ပြောနိုင်မှာလဲ၊ သေချာစဉ်းစားကြည့်ပါ။

http://www.dhammadownload.com

မင်းမြတ်... ဒေဝဒတ်နဲ့ ဘုရားအလောင်းဟာ ဘဝတိုင်း အတူတကွ အစဉ်မပြတ် ဆုံတွေ့ခဲ့တာ မဟုတ်ပါဘူး။ တကယ်တော့ ဒေဝဒတ်နဲ့ ဘုရားအလောင်းတို့ ပေါင်းဆုံမိခြင်းဟာ ဘဝတစ်ရာ၊ ဘဝတစ်ထောင်၊ ဘဝတစ်သိန်း၊ ဘဝတစ်သန်းမှာ တစ်ကြိမ်တစ်ခါ ဖြစ်ချင်မှ ဖြစ်တာပါ။ ဘဝများစွာ ကျော်လွန်ပြီးမှ တစ်ခါတရံ တွေ့ဆုံရခြင်းသာ ဖြစ်ပါတယ်။

မင်းမြတ်... ဘုရားအလောင်းက ဒေဝဒတ်နဲ့သာ ပေါင်းဆုံရတာ မဟုတ်ပါဘူး။ အရှင်သာရိပုတ္တရာနဲ့လည်း ပေါင်းဆုံခဲ့ရတာပါပဲ။ အလျဉ်မပြတ် အမြဲစီးဆင်းနေတဲ့ရေဟာ ကောင်းတဲ့ပစ္စည်းတွေနဲ့ကော၊ မကောင်းတဲ့ပစ္စည်းတွေနဲ့ကော ပေါင်းဆုံရပါတယ်။ ဒီအတိုင်းပါပဲ။ သံသရာ ရေလျဉ်ကြောမှာ မျောပါနေရတဲ့သူတွေ အားလုံးဟာ မချစ်ခင် မနှစ်သက်တဲ့သူတွေနဲ့လည်း ပေါင်းဆုံတွေ့ရတတ်ပါတယ်။ ချစ်ခင် နှစ်သက်တဲ့သူတွေနဲ့လည်း ပေါင်းဆုံ တွေ့ရတတ်ပါတယ်။

ဒေဝဒတ် ငရဲကျရတဲ့ ဘဝတွေလည်း ရှိခဲ့ဖူးပါတယ်။ နောက်ဆုံးတော့ ဒေဝဒတ်ဟာ မပြစ်မှားသင့်တဲ့သူကို ပြစ်မှားမိလို့ မြေမျိုခံရတယ်။ ဘုရားအလောင်းကတော့ ဘုရားအဖြစ်ကို ရောက်ရှိပြီး အနုပါဒိသေသနိဗ္ဗာန်စံဝင်သွားရပါတယ်"

"အရှင်ဘုရား ကျေးဇူးတင်ပါတယ်ဘုရား"

(မိလိန္ဒပဉှာမြန်မာပြန်စာမျက်နှာ - ၂၁၃)

အရင်ကတော့ ဘုရားအလောင်းနဲ့ ဒေဝဒတ်တို့ ဘဝတိုင်း နီးပါး ဆုံတွေ့ခဲ့တယ်လို့ပဲ ထင်ခဲ့တာပါ။ ဇာတ်တော်တွေထဲမှာလည်း ဒေဝဒတ်က ဘုရားအလောင်းကို တိုက်ခိုက် တိုက်ခိုက်နေတဲ့ အခန်းတွေပဲ ဖတ်ဖတ်နေရတာလည်း ပါပါတယ်။ ဘုရားအလောင်းနဲ့

http://www.dhammadownload.com



ဒေါသဖြစ်ပြီးမကျေနပ်တဲ့စိတ်နဲ့ ချက်ချင်းသေသွားတဲ့သူရယ်၊ ဒေါသဖြစ်ပြီးမသေသေးပေမဲ့ အကြောကြီးဖြစ်ကြာရှည်နေတဲ့ သူရယ်၊သေတဲ့အခါမှာလည်း အဲဒီမကျေနပ်စိတ်ကလေးနဲ့ပဲ သေသွားတဲ့သူတွေရဲ့ ရန်ပြိုးကတော့သံသရာအထိ ပါသွားဖို့မျှားပါတယ်။

ဒေဝဒတ်တို့ဟာ ဘဝရာထောင် သောင်းသန်းမှ တစ်ခါတစ်ရံ တစ်ဘဝ တလေသာ ဆုံရတာပါတဲ့။

နောက် ဒေဝဒတ်ရဲ့ ထူးခြားချက် တစ်ခုက ဒေဝဒတ်ဟာ ရှိရှိသမျှ လူသားအားလုံးနဲ့ ဆန့်ကျင်ဘက် လုပ်ခဲ့တာ မဟုတ်ဘဲ ဘုရားအလောင်းနဲ့သာ ဆန့်ကျင်ဘက် လုပ်ခဲ့တာပါ။ မြို့ရွာနေ ပြည်သူလူထု အပေါ်မှာတော့ အကူအညီ အစောင့်ရှောက်တွေ ပေးခဲ့သလို တံတားဆောက်၊ လမ်းခင်း၊ အလှူဒါနပြုခြင်းစတဲ့ ကြီးမားတဲ့ ကာမာဝစရကုသိုလ်ကြီးတွေကို ပြုခဲ့တာပါတဲ့။

ဒီကုသိုလ်ကံတွေကြောင့်ပဲ ဘဝဘဝတွေမှာ ဘုရင်ဖြစ်တဲ့အခါဖြစ်၊ သူဌေးဖြစ်တဲ့အခါဖြစ်၊ လှည်းသမားတို့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့အခါဖြစ်၊ လှေသမားတို့ရဲ့ ခေါင်းဆောင် ဖြစ်တဲ့အခါဖြစ်နဲ့ အထက်တန်းစား လောကီစည်းစိမ် ချမ်းသာတွေကို ရခဲ့တာပါ။ တချို့ဘဝတွေမှာဆို ဘုရားအလောင်းထက်တောင် သာနေတာပါ။ ဒါကို ထောက်ပြီး ဘုရားအလောင်းနဲ့ မဆုံတဲ့ ဘဝတွေမှာလည်း ဒေဝဒတ် ဟာ

http://www.dhammadownload.com



သေခါနီးဟာ
သိပ်ကြောက်ဖို့ကောင်းသလို
ရန်ငြိုးတွေဟာလည်း
သိပ်ကြောက်ဖို့ကောင်းတာပါ။
အထူးသဖြင့်နောက်ဘဝအထိ
ပါသွားတဲ့ရန်ငြိုးတွေက
ပိုကြောက်ဖို့ကောင်းပါတယ်။

အများအကျိုးပြု ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်နေပုံရပါတယ်။ သူ့မှာ အတိတ်အတိတ်ဘဝတွေက ကြီးမားတဲ့ ကုသိုလ်ကြီးတွေ ရှိခဲ့တာပါ။ ဒေဝဒတ်ရဲ့ အတိတ်ကုသိုလ်ပါရမီတွေကို လျှော့တွက်လို့ မရတဲ့ သဘောပါ။

ဒါပေမဲ့ ဘုရားအလောင်းကို တွေ့လိုက်တာနဲ့ ဆန့်ကျင်ဘက် လုပ်ချင်တဲ့စိတ်က အလိုလိုပေါ်လာပြီး ဆန့်ကျင်ကောက်ကျစ်တေ့တာပါ။ ကျန်တဲ့လူတွေနဲ့ တွေ့တဲ့အခါ ဘာမှမဖြစ်ဘဲ ဘုရားအလောင်းနဲ့ တွေ့တဲ့အခါမှသာ ဆန့်ကျင် ကောက်ကျစ်ချင်တဲ့စိတ်တွေ ပေါ်ပေါ်လာတာဟာ အတိတ်ဘဝတစ်ခုရဲ့ ရန်ငြိုးတစ်ခုကြောင့်ပါ၊ အားလုံး သိကြတဲ့ ရွှေကုန်သည် ဇာတ်ပါပဲ။

ဒေဝဒတ်ဟာ ရွှေခွက်မရလိုက်တာနဲ့ မြစ်ကမ်းစပ်မှာပဲ သွေးအန်ပြီး သေဆုံးသွားခဲ့ပါတယ်။ အဲဒီလို သွေးအန် သေသွားခဲ့တဲ့အတွက် ဒေဝဒတ်ဟာ ဘုရားအလောင်းကို ရွှေကုန်သည်ဇာတ်ကစပြီး ပထမဆုံးရန်ငြိုးစဖွဲ့ခဲ့တာလို့ ဇာတ်တော်က ဆိုပါတယ်။ ဒေဝဒတ်ရဲ့ ဘုရားအလောင်းအပေါ်

http://www.dhammadownload.com

ပထမဆုံး ရန်ငြိုးစဖွဲ့ခဲ့တဲ့ သမိုင်းဝင် အတိတ်ဝတ္ထုလေးပါပဲ။ ဘဝတစ်ခုရဲ့ ရန်ငြိုးဟာ ဘဝအဆက်ဆက် လိုက်တော့တာပါ။

တကယ်လို့များ ဒေဝဒတ်ဟာ ချက်ချင်းမသေသေးဘဲ နှစ်ကာလတွေ ခြားပြီးမှ သေမယ်၊ ဒီကြားကာလတွေမှာလည်း ရွှေခွက်ထက်သာတဲ့ တခြား တခြား အမြတ်အစွန်းတွေ လေးငါးခုလောက် ရလိုက်မယ် ဆိုရင်တော့ ရန်ငြိုးဖွဲ့ချင်မှ ဖွဲ့ဖြစ်တော့မှာပါ။ နှစ်ကာလတွေ ကြာသွားတာရယ်၊ ဒီထက်မက အမြတ်အစွန်းပစ္စည်းတွေ ရလိုက်တာရယ်ကြောင့် ရွှေခွက်ကိစ္စကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားတော့မှာပါ။ သတိရချင်မှလည်း ရတော့မှာပါ။ သေချိန် နီးကပ်သွားတာရယ်၊ သေတာကလည်း မသက်မသာ ပင်ပင်ပန်းပန်း သေသွားရတာရယ်က ရန်ငြိုးဖွဲ့ရခြင်းရဲ့ အဓိကအကြောင်းရင်းတွေ ဖြစ်သွားပါလိမ့်မယ်။ သေခါနီးဟာ သိပ်ကြောက်ဖို့ ကောင်းသလို ရန်ငြိုးတွေဟာလည်း သိပ်ကြောက်ဖို့ ကောင်းတာပါ။ အထူးသဖြင့် နောက်ဘဝအထိ ပါသွားတဲ့ ရန်ငြိုးတွေက ပိုကြောက်ဖို့ ကောင်းပါတယ်။

ပုထုဇဉ်အားလျော်စွာ စိတ်ခံစားမှုကို အခြေခံပြီး ရန်ငြိုးတွေ ကတော့ ရှိချင် ရှိနေနိုင်ပါတယ်။ ကိုယ်က ချက်ချင်း မသေသေးဘူး ဆိုတော့ ဒီဘဝက ရန်ငြိုးတွေကို ဒီဘဝမှာပဲ ထားခဲ့တာ ကောင်းပါတယ်။ နောက်ဘဝအထိ သယ်မသွားဖို့ပါ။

"ရန်ငြိုးတွေကို သံသရာအထိ ယူမသွားဘူး။ ဒီဘဝမှာပဲ အပြတ်ရှင်းခဲ့မယ်" ဆိုပြီး ဒီဘဝမှာပဲ အပြီးအပြတ် လက်စား ချေခဲ့ရမှာ မဟုတ်ပါဘူး။ ကြုံတွေ့ခဲ့ရတဲ့ ရန်ငြိုးတွေကို မတွေးမိအောင်ရယ်၊ မတွေ့အောင်ရယ် ရှောင်ရှားပြီး ဒါန၊ သီလ၊ ဝိပဿနာ တရားတွေကို

http://www.dhammadownload.com

စွမ်းနိုင်သမျှ ဖိလုပ်နေဖို့ပါ။ အချိန်ကာလလည်း ကြာသွားမယ်၊ ကုသိုလ်တွေနဲ့လည်း ပျော်နေမယ်ဆိုရင်တော့ ရန်ငြိုးတွေက မေ့မေ့ပျောက်ပျောက် ဖြစ်သွားတော့မှာပါ။

တကယ်လို့ တွေးမိရင်လည်း သိလိုက် သိလိုက်ပြီး ကိုယ့်စိတ်ကလေးကို ဆုံးမလိုက်ဖို့ပါ။ အထူးသဖြင့် ဒေဝဒတ်ရဲ့ ရန်ငြိုးဘဝအဆက်ဆက် လိုက်တတ်ပုံလေးကို အာရုံပြုလိုက်ဖို့ပါ။

တွေ့စရာ ရှိတယ်ဆိုရင်လည်း မတွေ့မိအောင် ရှောင်လိုက်ဖို့ပါ။ သူက ဒီလမ်းမှာ ရှိနေရင် ကိုယ်က တခြား လမ်းက ရှောင်သွားလိုက်ဖို့ပါ။ သူက အဲဒီနေရာမှာရှိနေရင် ကိုယ်က အဲဒီနေရာကို မသွားလိုက်ဖို့ပါ။ ဒါက မတွေ့အောင်ရှောင်တဲ့ သဘောပါ။

မြတ်စွာဘုရားရှင်က အင်္ဂုတ္တိရ်ပါဠိတော်မှာ အမျက်ဒေါသဖြစ်ပုံ ပုဂ္ဂိုလ် ၃ မျိုးကို ဟောပြထားပါတယ်။

၁။ ပါသာဏာလေခူပမပုဂ္ဂိုလ် = ဒေါသဖြစ်ပြီးနောက် ပျောက်ခဲပြီး ခိုင်မြဲစွာ ဖြစ်နေသော သူ။

ကျောက်ဖျာမှာ ရေးထွင်းထားတဲ့ အရေးသားနဲ့ တူတဲ့သူ။

၂။ ပထဝီလေခူပမပုဂ္ဂိုလ် = ဒေါသဖြစ်ပြီးနောက် ပျောက်လွယ် ပြေလွယ်တဲ့သူ။

မြေကြီးပေါ်မှာ ရေးထားတဲ့ အရေးသားနဲ့ တူတဲ့ပုဂ္ဂိုလ်။

၃။ ဥဒကလေခူပမပုဂ္ဂိုလ် = ဒေါသမဖြစ်သောသူ။

ရေပေါ်မှာ ရေးအပ်တဲ့ အရေးသားနဲ့ တူတဲ့ပုဂ္ဂိုလ်။

ဒါကတော့ ပါဠိတော်ကနေ မြန်မာလို တိုက်ရိုက် ပြန်လိုက်တာပါ။

http://www.dhammadownload.com

ဥပမာလေးတွေက ပိုရှင်းပါတယ်။ မကျေနပ်တဲ့ ဒေါသကို ကျောက်ဆောင်၊ ကျောက်ဖျာမှာ ရေးထားတဲ့သူရယ်၊ မြေကြီးပေါ်မှာ ရေးထားတဲ့သူရယ်၊ ရေပေါ်မှာ ရေးတဲ့သူရယ်ပါ။

တချို့ကျတော့ ဖြစ်လိုက်တဲ့ မကျေနပ်မှု ဒေါသက ပျောက်ခဲပြီး ခိုင်ခိုင်မြဲမြဲ အကြာကြီး ဖြစ်နေတဲ့သူပါ။ ကျောက်ဖျာ ကျောက်ဆောင်မှာ ရေးထွင်းထားသလို ခိုင်မြဲနေတဲ့ ပုဂ္ဂိုလ်ပါ။ ဘယ်တော့မှ မပျောက်တော့ပါဘူး။ ဒေါသဖြစ်ပြီး တော်တော်နဲ့ မပျောက်ဘဲ ဖြစ်ကြောတွေ ရှည်နေတာပါ။ အဲဒီအချိန်မှာ သေသွားရင် မသက်သာလှပါဘူး။

နောက်တစ်ယောက်ကျတော့ ဒေါသဖြစ်ပြီး ပျောက်လွယ် ပြေလွယ်တဲ့သူပါ။ မကျေနပ်တဲ့ ခံစားမှု



တွေးမိရင်လည်း သိလိုက် သိလိုက်ပြီး ကိုယ့်စိတ်ကလေးကို ဆုံးမလိုက်ပို့ပါ။ အထူးသဖြင့် ဒေါဒတ်ရဲ့ ရုန်ပြီး ဘဝအဆက်ဆက် လိုက်တတ်ပုံလေးကို အာရုံပြုလိုက်ပို့ပါ။

http://www.dhammadownload.com



ဝုဏ်တော်ကို
အမြဲပွားထုံနေတဲ့သူ၊
မေတ္တာကို အမြဲပွားနေတဲ့သူ၊
ဝိပဿနာကို အမြဲပွားနေတဲ့
သူကတော့ မကျေနပ်တဲ့
အာရုံတစ်ခုကြောင့်
ဒေါသတော့ ဖြစ်လိုက်တာပါပဲ။
ဒါပေမဲ့ ခဏပါပဲ၊ ရေထဲမှာ
စာရေးသလို ခဏလေးနဲ့
ပျောက်သွားတာ များပါတယ်။

ဖြစ်ပြီး ရှုးခနဲ ဒိုင်းခနဲတော့ ဖြစ်လိုက်တာပါပဲ။ ခဏကြာတော့ ပျောက်သွားတာများ ပါတယ်။ အကြာကြီး ဖြစ်မနေပါဘူး။ စိတ်လှုပ်ရှားမှု မြန်တဲ့ပုဂ္ဂိုလ်ပါ။ စိတ်လှုပ်ရှားမှုမြန်တာလည်း အားနည်းချက်တစ်ခုပါပဲ။

ဟုတ်လား မဟုတ်လားတော့ မသိပါဘူး။ ဗုဒ္ဓဟူး သားသမီးတွေဟာ မကျေနပ်တဲ့ ကိစ္စတစ်ခု ပေါ်လာတာနဲ့ ရှုးခနဲ ဒိုင်းခနဲတော့ ထပေါက်ကွဲတတ်ပါသတဲ့။ ပေါက်ကွဲပြီးရင်တော့ ငြိမ်ကျသွားပါသတဲ့။ ဒါပေမဲ့ အဲဒီ စိတ်လှုပ်ရှားနေတုန်း ဆုံးဖြတ်စရာတွေကို ဆုံးဖြတ်လိုက်ရင် မှားတာပဲ များပါတယ်။ ဒေါသဖြစ်ပြီး ပျောက်ပျက်လွယ်တဲ့သူကို မြေကြီးပေါ်မှာ ရေးထားတဲ့သူနဲ့ တူတယ်လို့ ဆိုပါတယ်။ မြေကြီးပေါ်မှာ ရေးထားတဲ့ စာဟာ ခဏနေရင် ပျောက်သွားတတ်ပါတယ်။

နောက်တစ်ယောက်ကျတော့ ဒေါသမဖြစ်တဲ့သူပါ။ ရေထဲမှာ ရေးတဲ့ အရေးသားနဲ့တူတဲ့သူပါ။ ရေထဲမှာ ဝလုံးလို့ ရေးလိုက်ရင် ရှေ့ကရေး နောက်ကပျက်သွားတော့တာပါ။

http://www.dhammadownload.com

အဘိဓမ္မာသဘောအရဆိုရင်တော့ အနာဂါမ်ဖြစ်မှပဲ ဒေါသကို အပြီးပယ်လို့ ရတာပါ။ ဒါပေမဲ့လည်း ဂုဏ်တော်ကို အမြဲပွားထုံနေတဲ့သူ၊ မေတ္တာကို အမြဲပွားနေတဲ့သူ၊ ဝိပဿနာကို အမြဲပွားနေတဲ့သူကတော့ မကျေနပ်တဲ့ အာရုံတစ်ခုကြောင့် ဒေါသတော့ ဖြစ်လိုက်တာပါပဲ။ ဒါပေမဲ့ ခဏပါပဲ၊ ရေထဲမှာ စာရေးသလို ခဏလေးနဲ့ ပျောက်သွားတာ များပါတယ်။ အဲဒီလိုလူတွေလည်း ရဟန်းထဲမှာရော၊ လူထဲမှာပါ အများကြီး တွေ့ရပါတယ်။

ဒီအတိုင်းပါပဲ။ ကျေနပ်တဲ့ ကုသိုလ်တစ်ခုခုကို ပြုနေတဲ့အချိန်၊ ကုသိုလ်ပြုပြီး ပီတိဝမ်းမြောက်မှုတွေ ဖြစ်နေတဲ့အချိန် အဲဒီအချိန်မှာ မကျေနပ်စရာ တစ်ခုနဲ့ ကြုံလိုက်ရပေမယ့် စိတ်က ကုသိုလ် ပီတိထဲမှာ ရောက်နေတဲ့အတွက် ခဏပါပဲ၊ တကယ့် ရေထဲမှာ စာရေးလိုက်သလိုပါပဲ၊ ခဏလေးပဲ ဖြစ်သွားတာပါ။

ပုဂ္ဂိုလ် (၃)ယောက်ထဲက တမျိုးမျိုးထဲမှာ ပါနေတာတော့ အသေချာပါ။ ဘယ်အမျိုးစားထဲမှာ ပါနေလဲဆိုတာတော့ ကိုယ်တိုင်ပဲ ဆုံးဖြတ်ရမှာပါ။ အထူးသဖြင့်တော့ နံပါတ် (၁) ပုဂ္ဂိုလ်ထဲမှာ မပါဖို့ဘဲ အရေးကြီးပါတယ်။

ဒေါသဖြစ်ပြီး မကျေနပ်တဲ့စိတ်နဲ့ ချက်ချင်း သေသွားတဲ့သူရယ်၊ ဒေါသဖြစ်ပြီး မသေသေးပေမဲ့ အကြာကြီး ဖြစ်ကြောရှည်နေတဲ့သူရယ်၊ သေတဲ့အခါမှာလည်း အဲဒီမကျေနပ်စိတ်ကလေးနဲ့ပဲ သေသွားတဲ့သူတွေရဲ့ ရန်ငြိုးကတော့ သံသရာအထိ ပါသွားဖို့ များပါတယ်။ သံသရာရဲ့ နောက်ဘဝတွေမှာ ဆုံတွေ့တိုင်း ဆုံတွေ့ တိုင်း တိုက်ခိုက်နေရင် နိုင်နိုင်ရှုံးရှုံး အကုသိုလ်ပဲ ဖြစ်နေတော့မှာပါ။

http://www.dhammadownload.com

နောက်ဘဝအထိ အကုသိုလ်ကို လက်မှတ်ထိုး စာချုပ်ချုပ်ပြီး ယူသွားတဲ့ သဘောပါ။

ဒီဘဝရန်ငြိုးကို ဒီဘဝမှာပဲ ထားခဲ့တာ ကောင်းပါတယ်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတွေ ခံခဲ့ရတာတော့ ခံခဲ့ရတာပါပဲ။ ချက်ချင်း လွယ်လွယ်ကူကူ ပျောက်ပျက်သွားဖို့ ဆိုတာကတော့ မလွယ်လှပါဘူး။ အရှုံးထဲက အမြတ်ထွက်အောင် လုပ်ရတော့မှာပါ။ ကိုယ်က မကျေနပ်တဲ့ စိတ်တွေနဲ့ ခံခဲ့ရဖေမယ့် မသေသေးဘူး ဆိုရင်တော့ ကုစားစရာအဖြစ် လမ်းကြောင်း အခွင့်အရေးတွေ အများကြီး ရှိနေပါသေးတယ်။

ဒေဝဒတ်ရဲ့ ရန်ငြိုးကို အာရုံပြုလိုက်ရင်ပဲ ရန်ငြိုးရဲ့ ကောင်းကျိုးဆိုးပြစ်တွေကို တွက်ဆလို့ ရပါတယ်။ ဆရာကြီး ဦးရွှေအောင်ကတော့ သာသနာ့သမိုင်းမှာ ဒေဝဒတ်ဟာ သံဃဂယူဖွယ် အကောင်းဆုံးပုဂ္ဂိုလ်လို့ ရေးပြထားပါတယ်။ မကျေနပ်တဲ့ စိတ်နဲ့ သေသွားရတဲ့ သူတွေထက်စာရင် ကိုယ်က မသေသေးတဲ့အတွက် ကိုယ့်မှာ အခွင့်ရေးတွေ အများကြီး ရှိနေပါသေးတယ်။ ဂုဏ်တော်၊ မေတ္တာ၊ ဝိပဿနာတွေ အမြဲပွားနေမယ်၊ အများကောင်းကျိုး ဖြစ်စေမယ့် ကုသိုလ်ကောင်းမှုတွေ အစဉ်အမြဲ ပြုလုပ်နေမယ်၊ ရန်ငြိုးတွေ ပေါ်လာရင်လည်း ရန်ငြိုးရဲ့ ကောင်းကျိုးဆိုးပြစ်တွေကို ဆင်ခြင်လိုက်မယ်ဆိုရင် သံသရာထိ ပါသွားစရာ အကြောင်းမရှိတော့ပါဘူး။ ဒီအတိုင်း နေသွားရင် သံသရာမှာလည်း ကိုယ့်အတွက် အထက်တန်းကျကျ၊ အဆင့်တန်းမြင့်မြင့် လောကီ၊ လောကုတ္တရာ ကောင်းကျိုး တွေ ဖြစ်နေတော့မှာပါ။ ဒါဆို အရှုံးထဲက အမြတ် ထွက်သွားတော့တာပါပဲ။

http://www.dhammadownload.com

မကျေနပ်တဲ့စိတ်နဲ့ တိုက်ရင်းခိုက်ရင်း သေသွားတဲ့ သူတွေကျတော့ ရန်ငြိုးတွေက သံသရာအထိ ပါသွားဖို့ များပါတယ်။ ဒီလိုပါပဲ။ တိရစ္ဆာန်လေးတွေ သွေးသံတရဲရဲနဲ့ မချိမဆန့် အော်ဟစ်သေသွားရတဲ့ အခါ ရန်ငြိုးတွေကတော့ ပါချင် ပါသွားနိုင်ပါတယ်။ ထင်မထားတဲ့ သံသရာအတွက် ရန်ငြိုးလေးတွေပါ။

ဘာပဲပြောပြောလေ ရန်ငြိုးတွေကို သံသရာအထိ ယူမသွားတာကတော့ အကောင်းဆုံးပါပဲလေ။

ကျမ်းကိုး

၁။ မိလိန္ဒပဉ္ဉာမြန်မာပြန်၊ ကမ္ဘာအေး၊

၂။ မိလိန္ဒပဉ္ဉာဝတ္ထု၊ ဒါန့်တိုင်ဆရာတော်၊

၃။ မိလိန္ဒပဉ္ဉာ၊ မာဏဝ၊

၄။ မိလိန္ဒပဉ္ဉာ၊ ဦးသော်ဇင်၊

စံတော်ချိန်သတင်းစာ

၁၇-၇-၂၀၁၆

http://www.dhammadownload.com



http://www.dhammadownload.com



လောကခြုံကျုံစရာ

တစ်ခါတုန်းက ဆရာတော် အရှင်ဇနကာဘိဝံသကို ထီးဆောင်း မောင်ရှင်ဆိုတဲ့ ကလောင်ရှင်တစ်ယောက်က မဟုတ်မဟတ်လုပ်ဇာတ်တွေ ခင်းပြီး နဝဒေးမဂ္ဂဇင်းမှာ ဝေဖန် ပုတ်ခတ် သရော်ဆောင်းပါး ရေးပါတယ်။ ဆရာတော့် မကောင်းကြောင်းရေးထားတဲ့ ဆောင်းပါးပါတဲ့လမှာ အဲဒီနဝဒေးမဂ္ဂဇင်းဟာ ရောင်းမလောက်အောင် ကုန်သွားပါသတဲ့။ ဒီဆောင်းပါးနဲ့ ပတ်သက်ပြီး ဆရာတော့် ဒကာ ဒကာမတွေက မခံနိုင်လွန်းလို့ ပြန်ရေးမယ်လို့ ဆရာတော်ကို လျှောက်ကြပါတယ်။ ဒီတော့ ဆရာတော်က ခွင့်မပြုပါဘူး။ သည်းခံကြဖို့ ဆုံးမပြီး "လောကမှာ ရှိတတ်စမြဲပါပဲ" တဲ့။ နောက်ဆက်ပြီး "ဘဝသံသရာထဲမှာ တို့တစ်တွေနဲ့ သူတို့တစ်တွေဟာ ဘယ်လို ဇာတ်ကောင်တွေအဖြစ်နဲ့ ကသွားကြရမယ် မသိနိုင်သေးဘူး" တဲ့။ နောက်ဆက်တွဲ ထူးခြားတာကတော့ ထီးဆောင်းမောင်ရှင်ဆိုတဲ့ ကလောင်ရှင်ဟာ ဆရာတော်ဘုရားရဲ့ တပည့်ကြီးတစ်ပါး ဖြစ်နေတယ် ဆိုတာပါပဲ။

(တစ်ဘဝသာသနာစာမျက်နှာ ၂၆၇။
အရှင်ဃောသိတ)

http://www.dhammadownload.com

တစ်ဘဝသာသနာစာအုပ်ထဲက သမိုင်းဓာတ်ကွက်ကလေး ဖတ်ပြီး ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ ဆရာတော့်လို သီလ၊ သမာဓိ၊ ပညာ ကြီးမားရုံမက အထူးသဖြင့် ပရိယတ်နယ်ပယ်မှာ ကျော်ကြားလှတဲ့ ဆရာတော်တစ်ပါးကို ဝေဖန် ဆောင်းပါးရေးတယ် ဆိုတော့ ဘေးကနေ နယ်ပယ်စုံအတွေးနဲ့ တွေးနေမိပါတယ်။ အဲဒီ အထဲက "ထင်ရှားရတာလည်း မသက်သာလှပါလား"၊ နောက် အတွေးတစ်ခုကတော့ "တကယ်လို့များ ဘဝရဲ့ နောက်ဆုံးအချိန်လေး မှာ ကိုယ့်ရဲ့ ဝေဖန်ရေးသားခဲ့တာလေး ဖျတ်ခနဲ ပြန်ပေါ်လာလိုက်ရင်" ဆိုတဲ့ စိုးရိမ်အတွေးပါ။ တကယ်တော့ တဒင်္ဂစိတ်ခံစားမှုကြောင့် ရေးဖြစ်သွားတာ ထင်ပါတယ်။ ဆရာ တပည့်ရင်းတွေဆိုတော့ နောက်တော့လည်း စိတ်မကောင်းတွေ ဖြစ်နေမှာပါ။

ငယ်ရွယ်တုန်းမှာ လောကရေးရာအရကော ဓမ္မရေးရာအရကော ဂုဏ်ရှိတဲ့လူပဲ ဖြစ်ဖြစ်, ရဟန်းပဲ ဖြစ်ဖြစ်, တစ်ဦးဦး တစ်ပါးပါး ကို ကဲ့ရဲ့ခဲ့မယ်။ ဒီလိုနဲ့ အသက်ကြီးလာတဲ့အခါ အလုပ်ကလည်း အနားယူ၊ အရွယ်ညောင်းလာတဲ့အားလျော်စွာ ရိပ်သာဝင် တရားအားထုတ်မယ်၊ တရားထိုင်တဲ့အခါ ငယ်ငယ်က ကဲ့ရဲ့ခဲ့တာကို အတွေးအာရုံမှာ ပြန်ပြန်ပေါ်တတ်ပါတယ်။ ဒီတော့ နောင်တရ ယူကျုံးမရ ဖြစ်နေတတ်ပါတယ်။ အဲဒီအချိန်မှာ ကိုယ်ကဲ့ရဲ့ခဲ့တဲ့သူကလည်း လူ့လောကမှာ မရှိတော့ပါဘူး၊ သေသွားပါပြီ။ ဒါဆို တရားရှုမှတ်ရတာ အနှောင့်အယှက်တစ်ခု ဖြစ်နေပါတော့တယ်။ တရားမှတ်လို့ မကောင်းတော့သလို၊ တရားလည်း မတက်တော့ပါဘူး။ သက်တမ်းကြည့်တော့လည်း နေရမယ့် လက်ကျန်အချိန်က နည်းနေပါပြီ။ ဒါကြောင့် အသက်ကြီးမှ နောင်တရမယ့် ကဲ့ရဲ့မှုမျိုးကို မလုပ်တာ

http://www.dhammadownload.com

အကောင်းဆုံးပါပဲ။ ဒါတွေက တရားထိုင်ရင် တွေ့ရတတ်တဲ့ သဘော သဘာဝလေးတွေပါ။ အထူးသဖြင့် အသက်ထွက်ခါနီးမှာ ကဲ့ရဲ့ခဲ့ တာလေးတွေကို ပြန်တွေးခဲ့မိရင်တော့ မတွေးဝံ့စရာပါပဲ။

ဆရာတော်ဘုရားရဲ့ဘဝမှာ တစ်ဖက်က အောင်မြင် ကျော်ကြားသလောက် တစ်ဖက်မှာလည်း လောကဓံမျိုးစုံနဲ့ ကြုံရပါတယ်။ ဒါပေမဲ့ ဆရာတော်က လောကဓံတွေကို ကျွန်ုပ်ရရဲ့ ဖြတ်သန်းသွားခဲ့ ပါတယ်။ ဆရာတော့်နေရာမှာ သာမန်ရဟန်းတစ်ပါးသာဆိုရင် ဖြတ်သန်းရ ခက်ခဲနိုင်သလို ကိုယ့်ဘက်က မှန်ဦးတော့၊ စိတ်ဓာတ် ကျပြီး ဘဝတောင် ပြောင်းသွားနိုင်ပါတယ်။ တစ်ခုတော့ ရှိပါတယ်။ ဒါတွေဟာ ထင်ရှားကျော်ကြားမှုရဲ့ သကေ်တအကျိုးဆက်တွေပါပဲ။ မထင်ရှားရင်တော့ ကဲ့ရဲ့ခံရစရာလည်း အကြောင်း မရှိပါဘူး။

လောကဓံဆိုတာ လောကမမွှေဆိုတဲ့ ပါဠိကနေ ဖြစ်ပေါ်လာတဲ့ အမည်ပါ။ လောကရယ်၊ ဓမ္မရယ် နှစ်ပုဒ်ပါ။ လောကအရ သတ္တ လောကဆိုတဲ့ သတ္တဝါအပေါင်းကို ကောက်ရပါမယ်။ ဓမ္မက သဘာဝ တရား။ ဒီတော့ လောကဓံဆိုတာ သတ္တဝါတွေမှာ မလွဲမရှောင်သာဘဲ အမြဲထိတွေ့ ခံစားနေရတဲ့ သဘာဝတရားတွေလို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက အဓိပ္ပာယ်ဖွင့်ပြပါတယ်။ မြတ်စွာ ဘုရားက လောကဓံနဲ့ပတ်သက်လို့ အင်္ဂုတ္တိရ်ပါဠိတော်မှာ လောက ဓမ္မသုတ်ဆိုပြီး အကျဉ်းတစ်သုတ်၊ အကျယ်တစ်သုတ် ဟောပြပေး ထားပါတယ်။ အထူးသဖြင့် လောကဓံတရားတွေ ကြုံလာရတဲ့အခါ ဘယ်လို နှလုံးသွင်း ဆင်ခြင်ရမယ်ဆိုတာ ဟောပြထားတဲ့ သုတ္တန်ပါ။ လောကဓံရှစ်ပါးကတော့ အားလုံးသိကြတဲ့ လာဘော၊ အလာဘော၊ ယသော၊ အယသော၊ နိန္ဒာ၊ ပသံသာ၊ သုခံ၊ ဒုက္ခံပါ။ ဒီနေရာမှာ

http://www.dhammadownload.com



လောကဓံဆိုတာ
သတ္တဝါတွေမှာ
မလွှဲမရှောင်သာဘဲ
အမြဲထိတွေ့ခံစားနေရတဲ့
သဘာဝတရားတွေလို့
ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီးက
အဓိပ္ပာယ်ဖွင့်ပြပါတယ်။

အလာဘအရ လာဘ်မရခြင်းအပြင် ရပြီး သား ပစ္စည်းဥစ္စာတွေ၊ အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးပျောက်ဆုံးသွားရင်လည်း အလာဘပါပဲတဲ့။ အယသ – အခြံအရံမဲ့ခြင်းဆိုတာလည်း အခြံအရံ မရှိတာတင်မကဘဲ ကိုယ့်အိမ်ထောင်ဖက် ခင်ပွန်း၊ ဇနီး၊ သားသမီး၊ မိဘ၊ မိတ်ဆွေ၊ အခြွေအရံတွေ အကြောင်းတစ်ခုခုကြောင့် ကွေကွင်းသွားရင်လည်း အယသလောကဓံ ဖြစ်သွားပါတယ်။

သုခအရ ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းကို ကောက်ယူရပါမယ်၊ ဒုက္ခအရ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းကို ကောက်ယူရပါမယ်။

မြတ်စွာဘုရားရှင်က ကောင်းတဲ့ လောကဓံ(၄)ပါးပဲကြုံကြုံ၊ မကောင်းတဲ့ လောကဓံ (၄)ပါးပဲကြုံကြုံ –

အနိစ္စာ – မမြဲပါတကား။

ဒုက္ခာ – ဆင်းရဲပါတကား။

ဝိပရိဏာမဓမ္မာ – ဖောက်ပြန် ပြောင်းလဲတတ်တဲ့ သဘောရှိပါတကား။

http://www.dhammadownload.com

အဲဒီသုံးချက်နဲ့ ဆင်ခြင်ဖို့ ဟောပြထားပါတယ်။ ဥပမာ– ကိုယ့်ရဲ့ ပစ္စည်း လာဘ်လာဘတွေကို ကြည့်ပြီး အနိစ္စော မမြဲပါတကား၊ ဒုက္ခော ဆင်းရဲပါတကား။ ဝိပရိဏာမဓမ္မော ဖောက်ပြန်ပြောင်းလဲတတ်တဲ့ သဘောရှိပါတကားလို့ ဆင်ခြင်ရပါမယ်။ မမြဲတဲ့သဘောရယ်၊ ဆင်းရဲတဲ့သဘောရယ်၊ ဖောက်ပြန်ပြောင်းလဲတတ်တဲ့ သဘောရယ်ပါ။ ပစ္စည်း၊ ဥစ္စာတွေကလည်း မမြဲပါဘူး၊ ရန်သူမျိုး (၅)ပါးနဲ့ အချိန်မရွေး ပျက်စီးသွားနိုင်ပါတယ်။ ပစ္စည်းတွေကြောင့်ပဲ ဆင်းရဲဒုက္ခရောက်နေကြရပါတယ်၊ တစ်ခါတစ်ရံ ကိုယ့်ပစ္စည်းကပဲ ကိုယ့်ကို ဒုက္ခပြန်ပေးသွားတာတွေလည်း ရှိပါတယ်။ ပြီးတော့ ဖောက်ပြန်ပြောင်းလဲတတ်တဲ့သဘောလည်း ရှိပါတယ်။ ဒီနေ့ ကိုယ့်ဟာ ဆိုပေမဲ့ နောက်နေ့ကျ သူများဟာ ဖြစ်ချင် ဖြစ်သွားတတ်ပါတယ်တဲ့။

ဒီလိုပါပဲ။ ပစ္စည်းဥစ္စာတွေ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီး ဆုံးရှုံးသွားတဲ့အခါမှာလည်း အနိစ္စော၊ ဒုက္ခော၊ ဝိပရိဏာမဓမ္မောလို့ ဆင်ခြင်ပါတဲ့။

နောက် အခြံအရံတွေကြည့်ပြီး ဆင်ခြင်ရပါမယ်။ အခြံအရံတွေ ဆိုတာလည်း မမြဲပါဘူး။ ဥပမာ– ကိုယ်က ရာထူးကြီးကြီး အရာတစ်ခုကို ရနေမယ်။ ဒါဆို ကိုယ့်အနားမှာ အခြံအရံတွေ များနေမှာပါ။ အကြောင်းတစ်ခုခုကြောင့် ရာထူးက အရာကျသွားတာနဲ့ အဲဒီအခြံအရံတွေက ကိုယ့်အနားက ပျောက်ကွယ်သွားနိုင်ပါတယ်။ ကြုံတင်ဆင်ခြင်ထားတော့ ဖြေသာပါတယ်။

နောက်ဆုံး ကိုယ့်လင်၊ ကိုယ့်ဇနီး၊ ကိုယ့်သားသမီး၊ ကိုယ့်မိဘစသည်တွေက အစမမြဲပါဘူး။ ရှင်ကွဲမကွဲရင်တောင် တစ်နေ့မှာတော့ သေကွဲ ကွဲရမှာပါ။ တကယ်တော့ ဘဝမှာ အချစ်ရဆုံးလို့

http://www.dhammadownload.com

ဆိုရမယ့် ကိုယ့်အိမ်ထောင်ဖက်ကလည်း မမြဲပါဘူး။ အခြံအရံတွေ မဲ့သွားတဲ့အခါမှာလည်း ဒီအတိုင်းပဲ ဆင်ခြင်ရပါမယ်။

မမြဲတဲ့သဘောတရားတွေကို မမြဲတဲ့သဘောတရားအတိုင်း ကြိုသိထားတော့ ဘဝခရီးအတွက် သက်သာရာရစေတာတော့ အမှန်ပါပဲ။

နောက်တစ်တွဲက နိန္နာ၊ ပသံသာ။ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းပါ။ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတွေ ကြုံရတဲ့အခါမှာလည်း အနိစ္စော၊ ဒုက္ခော၊ ဝိပရိဏာမဓမ္မော ဒီသုံးချက်နဲ့ပဲ ဆင်ခြင်ရမှာပါ။ မြတ်စွာဘုရားရှင် အလိုကျဆိုရင် ချီးမွမ်းခံရရင်လည်း ဆင်ခြင်ရပါမယ်။ ကိုယ့်ကို ချီးမွမ်း နေတဲ့အခါ အနိစ္စော– ဒုက္ခော– ဝိပရိဏာမဓမ္မောလို့ စိတ်ထဲက ဆင်ခြင်နေရပါမယ်၊ ဒီနေ့ ချီးမွမ်းနေပေမယ့် နောင်တစ်ချိန်ကျရင် အဲဒီ ချီးမွမ်းတဲ့သူတွေကပဲ ကိုယ့်ကို ပြန်ကဲ့ရဲ့ချင် ကဲ့ရဲ့နေတတ်ပါတယ်။ မမြဲတဲ့ လောကဓံတရားတွေကို တရားနဲ့ ကြိုနှလုံးသွင်းထားတဲ့ သဘောပါ။

ဆင်ခြင်နေတဲ့အချိန်မှာ ဆင်ခြင်ခြင်း ကုသိုလ်တွေ ဖြစ်နေသလို နောင်အနာဂတ်အတွက်လည်း ကြိုတင်ပြင်ဆင်ပြီးသားဖြစ်နေပါတယ်။ ချီးမွမ်းတာကိုတော့ လူတိုင်း ကြိုက်ကြပါတယ်။ ကဲ့ရဲ့တာကျတော့ ဘယ်သူပဲဖြစ်ဖြစ် မကြိုက်ကြပါဘူး။ အထူးသဖြင့် ထင်ရှားတဲ့သူတွေ ဆိုရင် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတွေကသူများထက် ပိုခံရတတ်ပါတယ်။ ဥပမာ– အနုပညာရှင် တစ်ယောက် အိမ်ထောင်ကွဲသွားတယ် ဆိုပါစို့။ ပရိသတ် အာရုံစိုက်မှုကို သူများထက် ပိုခံရတတ်ပါတယ်။ အိမ်ထောင် ကွဲတာကတော့ အရပ်ထဲမှာ ဖြစ်ရိုးဖြစ်စဉ်တွေပါပဲ။ ဒါပေမဲ့ သူတို့တွေကျတော့ ပိုအာရုံစိုက်ခံရပါတယ်။

http://www.dhammadownload.com

အိမ်ထောင်ကွဲလို့ ခံစားရတာက တစ်မျိုး၊ ကွဲရဲ့လို့ ခံစားရတာက တစ်မျိုး၊ ပိုလို့ တောင် ခံစားရပါသေးတယ်။ တရား သဘောနဲ့ နှလုံးမသွင်းနိုင်ရင် အခံရခက်ပါတယ်။ ဒါတွေက ထင်ရှားရခြင်းရဲ့ ကောင်းကျိုး ဆိုးပြစ်တွေပါ။

ကိုယ်က ထင်ရှားသူတစ်ယောက် ဖြစ်ချင်တယ်ဆိုရင်တော့ ထင်ရှားခြင်း ကြောင့် ရလာမယ့် အကျိုးအပြစ်အတွဲကို ကြိုတွေးဆထားရမှာပါ။ တစ်ခါတလေ တော့လည်း ဘဝကို ရိုးရိုးရှင်းရှင်းလေး နေတာလေးက ဘဝတစ်ခုအတွက် ပို အေးချမ်းလှပါတယ်။

နောက်ဆုံးတစ်တွဲက သုခ၊ ဒုက္ခ။ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းပါ။ ဒီတော့ စိတ်ချမ်းသာလည်း ဆင်ခြင်ရမှာပါပဲ။ စိတ်ဆင်းရဲလည်း ဆင်ခြင်ရမှာပါပဲ။ အမြဲတမ်း စိတ်ချမ်းသာ မနေနိုင်သလို၊ အမြဲတမ်းလည်း စိတ်ဆင်းရဲ မနေပါဘူး။ ဒီတော့ စိတ်ချမ်းသာနေရင်လည်း ဒီသုံးချက်နဲ့ ဆင်ခြင်ရပါမယ်။



မမြဲတဲ့သဘောတရားတွေကို
မမြဲတဲ့သဘောတရားအတိုင်း
ကြိုသိထားတော့
ဘဝခရီးအတွက်
သက်သာရာရစေတာတော့
အမှန်ပါပဲ။

http://www.dhammadownload.com

စိတ်ဆင်းရဲနေရင်လည်း ဒီသုံးချက်နဲ့ ဆင်ခြင်ရပါမယ်။ မျက်လုံးလေးမှိတ်ဆင်ခြင်ရင် အာရုံစိုက်မှု ပိုရပါတယ်။

မြတ်စွာဘုရားက လောကခံရှစ်ပါးထဲက ကောင်းတာပဲ ကြုံကြုံ၊ ဆိုးတာပဲကြုံကြုံ အနိစ္စာ၊ ဒုက္ခာ၊ ဝိပရိဏာမဓမ္မောလို့ သုံးချက်နဲ့ ဆင်ခြင်ပါလို့ မိန့်မှာထားပါတယ်။

မြတ်စွာဘုရားက ဆင်ခြင်ပါဆိုတော့လည်း ဆင်ခြင်လိုက်ရုံပါပဲ။ သိပ်လည်း မခက်လှပါဘူး။ ဆင်ခြင်ပုံ ပါဠိမြန်မာလေးကလည်း ဆိုလို့ ဆင်ခြင်လို့ ကောင်းတဲ့ ပါဠိမြန်မာလေးပါ။ ဆင်ခြင်ပြီးရင်လည်း ကျေနပ်မှု တစ်ခုခုတော့ အနည်းနဲ့ အများရသွားကြတာ များပါတယ်။ မြတ်စွာဘုရားရှင်ကို ကြည်ညိုချစ်ခင်စိတ်နဲ့ ဆင်ခြင်လိုက်ရုံပါပဲ။

အနိစ္စာ = မမြဲပါတကား။

ဒုက္ခာ = ဆင်းရဲပါတကား။

ဝိပရိဏာမဓမ္မော = ဖောက်ပြန်ပြောင်းလဲတတ်တဲ့သဘောရှိပါတကား။

ဒီနေရာမှာ တစ်ခုတော့ရှိပါတယ်။ ဆင်ခြင်တဲ့အခါမှာ တစ်ယောက်နဲ့ တစ်ယောက် ပါရမီမတူတဲ့အတွက် သဘောပေါက်သိသွားပုံချင်း၊ ဉာဏ်အလင်းပွင့်သွားပုံချင်းတူမှာတော့ မဟုတ်ပါဘူး။ ဥပမာ– ဆယ်ယောက် ဆင်ခြင်ရင် ဆယ်ယောက်လုံး သဘောပေါက်သွားပုံခြင်း တူညီ ညီမျှမှာတော့ မဟုတ်ပါဘူး။ ပါရမီဉာဏ်ရည် အနိမ့်အမြင့် အားလျော်စွာ သဘောပေါက်မှု အနိမ့်အမြင့်လည်း ကွဲသွားနိုင်ပါတယ်။ တချို့က (၂၀)ရာခိုင်နှုန်း၊ တချို့

http://www.dhammadownload.com

က (၃၀)ရာခိုင်နှုန်း၊ တချို့က (၄၀)ရာခိုင်နှုန်း စသည်ဖြင့် သဘော ပေါက်မှု ဉာဏ်အလင်းပွင့်မှု ကွဲသွားနိုင်ပါတယ်။

သဘောပေါက်မှုရာခိုင်နှုန်း နည်းလို့လည်း ဘာမှ အားငယ် စရာ မလိုပါဘူး။ ဆင်ခြင်စရာရှိတာ ဆင်ခြင်ရမှာပါပဲ။ ဆင်ခြင်ရင်း ဆင်ခြင်ရင်းနဲ့ သဘောပေါက်မှုတွေက တစ်ဆင့်ထက်တစ်ဆင့် မြင့်မြင့်လာမှာပါ။ သဘောပေါက်မှု ဉာဏ်ရည်က တန့်မနေပါဘူး။ ဒီတစ်ခါ ဆင်ခြင်လို့ (၂၀)ရာခိုင်နှုန်း သဘောပေါက်ရင် နောက်တစ်ခါ ဆင်ခြင်တဲ့အခါ (၂၁)ရာခိုင်နှုန်း သဘောပေါက်လာမှာပါ။ နောက်တစ်ခါ ဆင်ခြင်တဲ့အခါ (၂၂၊ ၂၃၊ ၂၄၊ ၂၅) စသည်ဖြင့် သဘောပေါက်မှု၊ ဉာဏ်အလင်းပွင့်မှု ရာခိုင်နှုန်း မြင့်မြင့်လာမှာပါ။ ဆင်ခြင်ရင်း ဆင်ခြင်ရင်းနဲ့ သဘောပေါက်မှု၊ ဉာဏ်အလင်းပွင့်မှု များလာတာနဲ့အမျှ ဘဝအတွက် သက်သက်သာသာ ရှိလာတော့ မှာပါ။

ဆင်ခြင်တာ ဝိပဿနာမဟုတ်သေးပေမဲ့ ဝိပဿနာအတွက် အထောက်အပံ့ကောင်းတွေ ဖြစ်နေသလို သံသရာခရီးအတွက်လည်း ပါရမီတွေ ဖြစ်နေပါတယ်။ ဇာတ်တော်တွေထဲမှာတော့ ဆင်ခြင်မှုက တစ်ဆင့် ဝိပဿနာကူးသွားပြီး တရားထူးရသွားကြတဲ့ သာဓကဝတ္ထု တွေလည်း အများကြီးပါပဲ။ ဆင်ခြင်မှုဟာ ဒီဘဝအတွက် သက်သာတဲ့ ဘဝနေထိုင်မှုတွေကို ရနိုင်သလို နောင်သံသရာအတွက်လည်း တရားထူးရဖို့အတွက် အထောက်အပံ့ကောင်းတွေ ရသွားမှာပါ။

ဒါတွေကတော့ ဆင်ခြင်ပြီး လောကဓံကို ဖြတ်ကျော်တာပါ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက မြတ်စွာဘုရား ဟောကြားထားတဲ့အတိုင်း စနစ်တကျ ဝိပဿနာရှုမှတ်နေတဲ့ ယောဂီ

http://www.dhammadownload.com

ဟာ အဲဒီလောကခံတွေကို ရှုမှတ်ပြီးတော့လည်း အတော်အတန် သည်းခံနိုင်ပါတယ်လို့ မိန့်ထားသလို ရှုမှတ်ရင်း သမာဓိဉာဏ်တွေ ရင့်သန်ပြီး သခ်ါရပေက္ခာဉာဏ် အဆင့်အထိ ရောက်သွားရင်တော့ လောကခံအကောင်းကော၊ အဆိုးကော သည်းခံနိုင်သွားပြီလို့ ဆိုပါတယ်။

သခ်ါရပေက္ခာဉာဏ်မှာ ဂုဏ်ရည်သုံးခု ရှိပါတယ်။ အဲဒီ ဂုဏ်ရည်သုံးခုကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက အများနားလည်လွယ်အောင် ဆောင်ပုဒ်လေးနဲ့ ပြထားပါတယ်။

ကြောက် နှစ်သက်ခြင်း၊ ကင်းရှင်းပေသည်၊
ချမ်းသာဆင်းရဲ၊ ရှုမြဲတူညီ၊
ကြောင့်ကြမပြု၊ မှတ်ရှုလွယ်သည်၊
သခ်ါရ ညီမှုဂုဏ်သုံးရည်။

သခ်ါရပေက္ခာဉာဏ်ရောက်သွားတဲ့ ယောဂီဟာ –

၁။ အလွန် ကြောက်စရာကောင်းတဲ့ အာရုံတွေနဲ့ တွေ့ကြုံရပေမယ့် ကြောက်ခြင်းမရှိတော့ပါဘူး။ အလွန် နှစ်သက်စရာ အာရုံတွေနဲ့ တွေ့ရပေမယ့်လည်း နှစ်သက်ခြင်း မရှိတော့ပါဘူး။

၂။ ချမ်းသာနဲ့ တွေ့ရလို့လည်း စိတ်တက်ကြွမှုတွေ မရှိတော့သလို ဆင်းရဲနဲ့ တွေ့ရလို့လည်း စိတ်နှလုံးမသာယာမှုတွေ မရှိတော့ပါဘူး။ ချမ်းသာနဲ့ ဆင်းရဲကို အညီအမျှ ရှုလို့ရနေပါတယ်။

၃။ တရားရှုမှတ်တဲ့အခါ ကြောင့်ကြစိုက်စရာ မလိုတော့ပါဘူး။ ရှုမှတ်ရတာ အလွန် လွယ်ကူနေတတ်ပါတယ်။ မှတ်စရာအာရုံနဲ့ မှတ်သိ

http://www.dhammadownload.com

စိတ်တို့ အလိုလို မှတ်နေရသလို လွယ်လွယ်ကူကူ ရှုမှတ်နေရတာတ်ပါတယ်။ ဒါတွေက သခ်ါရုပေက္ခာဉာဏ်ရဲ့ ဂုဏ်ရည်သုံးခုပါ။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကတော့ ဝိပဿနာတရား အားထုတ်လို့ သခ်ါရုပေက္ခာဉာဏ် ရောက်သွားရင်တော့ လောကဓံအဆိုးတွေကို သည်းခံသွားနိုင်ပြီလို့ အသေအချာမိန့်မှာထားတယ်။ သခ်ါရုပေက္ခာဉာဏ်အထိရောက်အောင် အားထုတ်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။


ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး ပါရမီမတူတဲ့အတွက် ရှုမှတ်မှုလမ်းကြောင်းကို မလျှောက်နိုင်သေးရင်တောင် လွယ်ကူတဲ့ သိပ်မခက်လှတဲ့ ဆင်ခြင်မှု လမ်းကြောင်းလေးတွေကိုတော့ ဆင်ခြင်ရင်းကျင့်ရမှာပါ။

ဘာပဲပြောပြောလေ မြတ်စွာဘုရားက လောကဓံအကောင်းပဲကြံကြံ့ အဆိုးပဲကြံကြံ့ အနိစ္စော- ဒုက္ခော- ဝိပရိဏာမဓမ္မောလို့ သုံးချက်နဲ့ ဆင်ခြင်ပါဆိုတော့ မြတ်စွာဘုရားကို ကြည်ညိုချစ်ခင်စိတ်နဲ့ ဆင်ခြင်လိုက်ဖို့ပါပဲလေ။

ကျမ်းကိုး
လောကဓံတရားတော်၊ (မဟာစည်ဆရာတော်ဘုရားကြီး)

News Watch
စောင့်ကြည့်သတင်းဂျာနယ်၊
၂၂-၇-၂၀၁၇

http://www.dhammadownload.com



http://www.dhammadownload.com

တန်ခိုးကြီးချမ်းကြ

တစ်ခါတုန်းက မုတ္တာ ဆိုတဲ့ အမျိုးသမီးလေး
တစ်ယောက် ရှိခဲ့ဖူးပါတယ်။ မုတ္တာဟာ မြတ်စွာဘုရား
ရှင်လက်ထက်တော်က ဆင်းရဲလှတဲ့ ပုဏ္ဏားမိသားစု



http://www.dhammadownload.com



ဘဝတစ်နေ့တာရဲ့ ဖြတ်သန်းမှုက အာရုံကောင်းနဲ့ စတွေ့လိုက်ပို့ သိပ်အလေးကြီးပါတယ်။ မနှစ်သက်စရာအာရုံတွေနဲ့ စတွေ့လိုက်ရရင် အဲဒီနေ့အတွက် နေရထိုင်ရတာ သက်သက်သာသာ မရှိတော့ပါဘူး။

ရဲ့ သမီးလေးတစ်ယောက်ပါ။ အတိတ်ကုသိုလ်ကြောင့် ရုပ်ရည်လေးက လှပနေပါတယ်။

အရွယ်ရောက်လာတော့ မိဘတွေက ခါးကုန်းနေတဲ့ ပုဏ္ဏား တစ်ယောက်နဲ့ အိမ်ထောင်ချပေးပါတယ်။ အိမ်ထောင်ကျတော့ ခါးကုန်းနေတဲ့ လင်ပုဏ္ဏားအိမ်ကို လိုက်သွားရပါတယ်။ ခါးကုန်းလင် ပုဏ္ဏားအိမ်ရောက်တော့ အိမ်မှုကိစ္စတွေအပြင် ကြိတ်ဆုံထဲစပါးကို ကုန်းကုန်းထည့်ရပါတယ်။ ပြီးတော့ ကျည်ပွေ့ကို လက်နဲ့ ကိုင် ကုန်းကုန်း စပါးထောင်းဆန်ဖွပ်ရတဲ့ အလုပ်ကို နေ့စဉ် လုပ်ရပါတယ်။ ဒီတော့ ခါးကုန်းတဲ့ လင်ရယ်၊ ခါးကုန်းပြီး ကြိတ်ဆုံ ထောင်းရတာရယ်၊ ခါးကုန်းပြီး ကျည်ပွေ့ကိုင်ရတာရယ် အကုန်းသုံးမျိုးနဲ့ နေ့စဉ် ပေါင်းဖက် နေရပါတယ်။ အကုန်းသုံးမျိုးနဲ့ နေ့စဉ်ပေါင်းဖက်နေရတော့ နေ့တိုင်း စိတ်ဆင်းရဲနေရပါတယ်။ လွတ်မြောက်ရာ ထွက်ပေါက်ရှာတဲ့အခါ ဘိက္ခုနီမဝတ်ပြီး ဝိပဿနာတရား အားထုတ်ရေးလမ်းကြောင်းကို စဉ်းစားမိလိုက်ပါတယ်။

http://www.dhammadownload.com

ဒါကြောင့် လင်ယောကျ်ားကို ခွင့်တောင်းပြီး ဘိက္ခုနီမဝတ်လိုက်ပါတယ်။

ဘိက္ခုနီမဝတ်ပြီး ဝိပဿနာတရားကို အားထုတ်ပေမယ့် စိတ်တွေက ဟိုရောက် ဒီရောက်နဲ့ စိတ်တွေ အပြင်ထွက်နေတဲ့အတွက် သမာဓိမရ ဖြစ်နေပါတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အားပေးတဲ့အနေနဲ့ " ငါလွတ်မြောက်သူဖြစ်ပြီ၊ ငါလွတ်မြောက်သူဖြစ်ပြီ "လို့ နှုတ်က ရွတ်ဆိုရင်း ဝိပဿနာတရားကို ဆက်လက် ကြိုးစားအားထုတ်လိုက်တာ ပဋိသမ္ဘိဒါဉာဏ်လေးပါးနဲ့ အရဟတ္တဖိုလ်ကို ရရှိပြီး ရဟန္တာ ဖြစ်သွားပါတယ်။

ရဟန္တာဖြစ်ပြီးတော့ အောက်ပါအတိုင်း ဝမ်းသာစကားကို ကျေကျေနပ်နပ်ကြီး ကျူးရင့်လိုက်ပါတော့တယ်။

" ငါဟာ ခါးကုန်းတဲ့လင်၊ ခါးကုန်းထောင်းထုရတဲ့ဆုံ၊ ခါးကုန်း ကိုင်ရတဲ့ ကျည်ပွေ့ဆိုတဲ့ အကုန်းသုံးမျိုးတို့ကနေ အလွတ်မြောက်ကြီး လွတ်မြောက်သူ ဖြစ်သွားပြီ၊ ဘဝတွေကို ဆောင်တတ်တဲ့ တဏှာကို အရဟတ္တမဂ်နဲ့ အကြွင်းမဲ့ ပယ်သတ်လိုက်လို့ ပဋိသန္ဓေနေခြင်း သေခြင်းတွေမှလည်း လွတ်မြောက်သူဖြစ်သွားပါပြီ။

(ထေရီအဋ္ဌကထာ၊ မုတ္တာထေရီဝတ္ထု၊ နှာ ၁၄၊ ၁၅)

မုတ္တာအမျိုးသမီးလေးဘဝကလည်း ခါးကုန်းတဲ့လင်နဲ့ပေါင်းနေရလို့ စိတ်ဆင်းရဲရတာကတစ်မျိုး၊ ခါးကုန်းကုန်းပြီး ကျည်ပွေ့ကိုင်၊ ခါးကုန်းကုန်းပြီး ဆန်ဖွပ်ရတဲ့ ကိုယ်ဆင်းရဲရတာကတစ်မျိုး၊ အကုန်းသုံးမျိုးနဲ့ နေ့စဉ်စိတ်ဆင်းရဲနေရတာပါ။ တွေးရုံနဲ့တင် မသက်သာလှပါဘူး။ သတ်သေဖို့လမ်းကြောင်း၊ ထွက်ပြေးဖို့လမ်းကြောင်း၊ ကွာရှင်းဖို့ လမ်းကြောင်း စတဲ့ လမ်းကြောင်းတွေကို

http://www.dhammadownload.com

မရွေးဘဲ အတိတ်ပါရမီတွေကြောင့် မှန်ကန်တဲ့ လမ်းကြောင်းတစ်ခုကို ရွေးလိုက်နိုင်ပါတယ်။ လမ်းကြောင်းမှန်သွားတဲ့အတွက် ထာဝရ အေးချမ်းသွားတော့တာပါ။ အတိတ်ပါရမီပါခဲ့တဲ့သူတွေဟာ အခြေအနေအရ အခက်အခဲ အကျပ်အတည်းနဲ့ ကျဉ်းထဲကျပ်ထဲ ရောက်နေရင်တောင် လမ်းကြောင်းတွေ ဘယ်လောက်များများ လမ်းကြောင်းမှန်ကို ရွေးမိတတ်တာ သဘာဝတစ်ခုပါ။

တကယ်လို့ ကိုယ်က ပါရမီနည်းသေးလို့ မုတ္တာထေရီလို ထာဝရ အေးချမ်းရာကို မလှမ်းနိုင်သေးရင်တောင် တဒင်္ဂအေးချမ်းရာကိုတော့ ရှာလို့ရပါတယ်။ တဒင်္ဂနဲ့ ထာဝရ အေးချမ်းဖို့အတွက်တော့ လမ်းကြောင်းတွေက လေးငါးကြောင်းရှိမနေခဲ့ပါဘူး။ မြတ်စွာဘုရားရှင်က " ဧကာယနောမဂ္ဂေါ = တစ်ကြောင်းတည်းသော သတိပဋ္ဌာန် ဝိပဿနာတစ်လမ်းပဲ ရှိပါတယ် "လို့ ဟောကြားထားပါတယ်။ တဒင်္ဂအေးချမ်းဖို့အတွက် တစ်နေ့ကို နာရီဝက်လောက်လေး နေ့စဉ် တရားထိုင်ဖြစ်ဖို့ပါ။

စထိုင်ထိုင်ချင်းတော့ အေးချမ်းမှုကို ချက်ချင်းရချင်မှ ရမှာပါ။ ထိုင်စမှာ စိတ်တွေက ဟိုရောက်ဒီရောက် ဂနာမငြိမ်နဲ့ ယောက်ယက်ခတ် နေမှာပါ။ ပြီးတော့ ခဏနေ ပြင်ချင်လိုက်နဲ့ ခန္ဓာကိုယ်ကလည်း မတည်မငြိမ် ဖြစ်နေမှာပါ၊ တစ်နေ့ နာရီဝက် တရားထိုင်တာလေးကို စဖြစ်သွားအောင် ပထမအလေ့အကျင့် လုပ်ယူရပါမယ်။ လေ့ကျင့်ပါများသွားရင် စွဲသွားတာ များပါတယ်။ ဒါကြောင့် အချိန်ကလေး တစ်ခုတော့ ယူပြီး လေ့ကျင့်ယူရပါမယ်။

ဒီနေရာမှာ ထိုင်တဲ့ပုံစံကလည်း အစိတ်အပိုင်းတစ်ခုအနေနဲ့ အရေးကြီးပါတယ်။ ဒီတော့ ထိုင်တဲ့ပုံစံအမျိုးမျိုးကို ပုံစံစုံထိုင်ကြည့်

http://www.dhammadownload.com

ရမှာပါ။ အဲဒီအထဲကမှ ကိုယ်နဲ့ သပ္ပာယ သင့်မယ့် အဆင်ပြေမယ့် ထိုင်တဲ့ ပုံစံ တစ်ခုခုကို ရွေးပြီး အမြဲ ထိုင်သွားရမှာပါ။ ထိုင်တဲ့ ပုံစံတွေက တစ်ယောက်နဲ့ တစ်ယောက် အဆင်ပြေပုံချင်း မတူပါဘူး။ သူက ကျုံ့ကျုံ့ထိုင်တာ အဆင်ပြေပေမယ့် ကိုယ်နဲ့ကျ ပြေချင်မှ ပြေမှာပါ။ ကိုယ်က တင်ပလ္လင်ခွေထိုင်မှ အဆင်ပြေရင် တင်ပလ္လင်ခွေပဲ ထိုင်ရမှာပါ။ အထူးသဖြင့်တော့ သက်သက်သာသာနဲ့ ကြာရှည် ထိုင်နိုင်တဲ့ ပုံစံကို ရွေးချယ်ရမှာပါပဲ။ ထိုင်တဲ့ပုံစံ ကျနလို့ ခန္ဓာကိုယ် မလှုပ်မယှက် ငြိမ်ကျသွားပြီး မှတ်စရာအာရုံပေါ်မှာ မှတ်သိစိတ်က တည့်တည့်ကျနေတဲ့အတွက် စိတ်ကလေးက အေးချမ်းသွားတော့တာပါ။ ခန္ဓာကိုယ်လေး မလှုပ်မယှက် ငြိမ်ကျနေတာလေးကလည်း တရားထိုင်မှုအတွက် အထောက်အကူဖြစ်သလို စိတ်အေးချမ်းမှုအတွက်လည်း တစ်စိတ် တစ်ဒေသ အထောက်အပံ့ဖြစ်စေပါတယ်။

ဒီတော့ တဒင်္ဂစိတ်အေးချမ်းဖို့ အတွက် နာရီဝက် နေ့စဉ် တရားထိုင်တာ

အမှန်တော့ ညဉ့်နာရီထိုးရင် ဗုန်းတွေသိပ်မပြောတော့တာ ကောင်းပါတယ်။ ဗုန်းပြောရင်း မကျေနပ်တဲ့ စကားတစ်ခွန်းလောက်ကံဆိုးစွာ ကြားလိုက်ရရင် ညဘီပ်မပျော်တော့ပါဘူး။



http://www.dhammadownload.com



ဘဝတစ်ခုရဲ့ဝင်သက်ထွက်သက်တွေကပင်ပန်းတဲ့ ရှုပ္ပြိုက်မှုတွေပဲ များပါတယ်။ ဝင်သက်ထွက်သက် တချို့ကိုတော့ ခဏပဲဖြစ်ဖြစ် အေးချမ်းတဲ့ ရှုပ္ပြိုက်မှုလေးတွေအဖြစ် အတွေးအသိထားနှံရှာရမှာပါ။

လေးကို အလေ့အကျင့် လုပ်သွားရမှာပါ။ ဘယ်အချိန် တရားထိုင်ထိုင် အဆင်ပြေပါတယ်။ ဒါပေမဲ့ မနက်အိပ်ရာထ ကိုယ်လက် သန့်စင်ပြီးတဲ့အခါ ထိုင်တာလေးက ပိုအဆင်ပြေတဲ့သဘောရှိပါတယ်။ မနက်အိပ်ရာထဆိုတော့ အပြင်အာရုံတွေနဲ့လည်း မတွေ့ရသေးတဲ့အတွက် စိတ်ကလေးက ကြည်နေတာများပါတယ်။ ဘဝ တစ်နေ့တာကို အာရုံကောင်းနဲ့ စလိုက်တဲ့ သဘောပါ။

ဘဝတစ်နေ့တာရဲ့ ဖြတ်သန်းမှုက အာရုံကောင်းနဲ့ စတွေ့လိုက်ဖို့ သိပ်အရေးကြီးပါတယ်။ မနှစ်သက်စရာ အာရုံတွေနဲ့ စတွေ့လိုက်ရရင် အဲဒီနေ့အတွက် နေရထိုင်ရတာ သက်သက်သာသာ မရှိတော့ပါဘူး။ အမြဲတမ်း အာရုံကောင်းတွေတွေ့ဖို့လည်း မလွယ်ပါဘူး။ မကောင်းတဲ့ အာရုံတစ်ခုကြောင့် မကျေနပ်စိတ်ကလေး ဖြစ်နေရင် စိတ်ပူလောင်တော့တာပါပဲ။ စိတ်ပူလောင်မှုဖြစ်တဲ့အခါ ကိုယ့်မှာ ရှိတဲ့ ပိုက်ဆံတွေ ပိုင်ဆိုင်မှုတွေကလည်း ဘယ်လိုမှ မကူညီနိုင်တော့ပါဘူး။ စကား တစ်ခွန်းကြောင့်လည်း တွေးကြောတွေ

http://www.dhammadownload.com

ရှည်နေတတ်ပါတယ်။ တွေးကြောက အိပ်ရာထဲအထိ ပါလာရင် အိပ်မရတော့ ပါဘူး။ မကျေနပ်တဲ့ တွေးကြောကြောင့် အိပ်မရတာက ပိုစိတ်ဆင်းရဲဖို့ ကောင်းပါတယ်။ အိပ်ချိန် အပြည့်အဝ မရတဲ့အတွက် ကျန်းမာရေးလည်း ထိခိုက်ပါတယ်။ ကျန်တဲ့အချိန် မကျေနပ်တဲ့ တွေးကြောရှည်နေရင် အလုပ်တစ်ခု ထလုပ်ပြီး အတွေးကို ရှောင်လွှဲလို့ရပါသေးတယ်။ အိပ်ရာထဲကျတော့ ထလုပ်လိုက်ရင်လည်း အိပ်ရေးပျက်ဖို့ပဲ ရှိပါတော့တယ်။

အမှန်တော့ ည ၉ နာရီထိုးရင် ဖုန်းတွေ သိပ်မပြောတော့တာ ကောင်းပါတယ်။ ဖုန်းပြောရင်း မကျေနပ်တဲ့ စကားတစ်ခွန်းလောက် ကဲ့ဆိုးစွာ ကြားလိုက်ရရင် ညအိပ်မပျော်တော့ပါဘူး။ ကျေနပ်တဲ့ စကားတစ်ခွန်း ကြားလိုက်ရပြန်ရင်လည်း ကျေနပ်ပြီး ပျော်လို့မဆုံးနဲ့ အိပ်မပျော်တော့ပါဘူး။ ဒါကြောင့် ည ဖုန်းပြောတာကလည်း သတိထားစရာပါပဲ။ မကျေနပ်စိတ်ဟာ လူတစ်ယောက်ရဲ့ အေးချမ်းမှုကို သိပ်ဖျက်ဆီးတာပါ။ ဝိပဿနာသဘောအရဆိုရင်တော့ အဲဒီ မကျေနပ်စိတ်ကလေးကိုပဲ ရှုရမှာပါ။ ရှုတယ်ဆိုတာ မကျေနပ်စိတ်ကလေးကို သတိဦးစီးတဲ့စိတ်နဲ့ စူးစူးစိုက်စိုက်ကလေးသိလိုက်တာပါပဲ။

အထူးသဖြင့်တော့ မကျေနပ်တဲ့စိတ်ကလေးက ဘယ်လိုလဲ၊ ဘယ်လိုလေး ဖြစ်နေတာလဲဆိုပြီး သဘောလေးအထိ သိအောင် မှတ်ရမှာပါ။ " မကျေနပ်စိတ် ဖြစ်တယ်၊ ဖြစ်တယ် "ဆိုပြီး မှတ်ရမှာပါ။ မျက်လုံးလေးမှိတ် မှတ်ရင် မှတ်ရတာ ပိုမှတ်လို့ ကောင်းပါတယ်။ မှတ်တဲ့အခါမှာ မကျေနပ်တဲ့ စိတ်ကလေးက ပျောက်ချင် ပျောက်မယ်။ မပျောက်ချင် မပျောက်ဘူး။ ပျောက်တာမပျောက်တာ

http://www.dhammadownload.com

သူ့အလုပ်ပါ။ မှတ်ရမှာက ကိုယ့်အလုပ်ပါ။ မှတ်နေရင် တရား အားထုတ်နေတာပါပဲ။ ဒီလိုပါပဲ။ လေ့ကျင့်ယူရမှာပါပဲ။

စကားတစ်ခွန်းကြောင့် တွေးကြောရှည်နေပြီး အိပ်မပျော်တတ်တဲ့ ဒီသဘောလေးကိုသိပြီး ကိုယ်ကလည်း တစ်ဖက်လူ တွေးကြောရှည်ပြီး အိပ်မပျော်ဖြစ်စေတဲ့စကားကို မပြောဖြစ်ဖို့ ကိုယ့်ကိုယ်ကိုယ် သတိထားစရာလည်း ဖြစ်သွားပါတယ်။ အိပ်မပျော်တာကလည်း လူကို တော်တော်ဒုက္ခပေးတာပါ။ ညအိပ်ခါနီး ပြင်းထန်တဲ့ မကျေနပ်စိတ် ဖြစ်လာတဲ့အခါ အိပ်ဆေးသောက်ပေမယ့်လည်း အိပ်ပျော်ချင်မှ ပျော်တာပါ။ တရားမှတ်ဖို့ကျတော့လည်း ခက်နေတတ်ပါတယ်။ မကျေနပ်စိတ်ကလေးက ရင်ထဲမှာ ငွေ့ငွေ့, ငွေ့ငွေ့နဲ့ လောင်နေတာပါ။ ဒီတော့ အိပ်မရတော့ပါဘူး။ အဲဒီအချိန်များ အသက်ထွက်သွားခဲ့ရင်တော့ ဒုက္ခပါပဲ။ သာမန်အိပ်မပျော်ရင်တောင် တွေးမိတွေးရာ လျှောက်တွေးနေပြီး အတွေးဆိုးတွေကို တွေးမိနေတတ်ပါတယ်။ အတွေးဆိုးတွေ တွေးဖြစ်နေတာဟာ နေရင်းထိုင်ရင်း အိပ်ရာပေါ်မှာ အကုသိုလ်တွေ မဖြစ်ချင်ဘဲနဲ့ ဖြစ်ဖြစ်နေရတဲ့သဘောပါ၊ မတန်ပါဘူး။ လူကို တော်တော်ဒုက္ခပေးတဲ့ ညတစ်ညပါပဲ။ နောက်ဆုံးတော့လည်း ကိုယ်ဖြစ်နေတဲ့ဒုက္ခကိုပဲ အာရုံပြုပြီး နောင်ကိုယ်ပြောမယ့် စကားတွေအတွက် သတိထားစရာအဖြစ်ပဲ အမြတ်ထုတ်ရတော့မှာပါ။

လူဆိုတာကတော့ ကိုယ့်အာရုံလေးတွေနဲ့ကိုယ် လွင့်နေကြတာပါပဲ။ တချို့က ပရဟိတလုပ်နေတာလေးတွေနဲ့ လွင့်နေတယ်။ တချို့က မနက်စောစောငှက်စာကျွေးတာလေးတွေနဲ့ လွင့်နေတယ်။ တချို့ကျ ခွေးစာကျွေးတာ၊ ပန်းပင်စိုက်တာ၊ ခရီးသွားတာ၊ စာသင်

http://www.dhammadownload.com

တာ၊ သွေးလှုတာ၊ လက်ကိုင်ပဝါလေးခေါက် ရေမွှေးဆွတ်ပြီး မြတ်စွာဘုရားကို ပူဇော်တာ။ မြတ်စွာဘုရားကို ကြာပန်းကပ်တာ၊ နှင်းဆီပန်းကပ်တာ စသည်ဖြင့် ကိုယ့်အာရုံလေးတွေနဲ့ ကိုယ် လွှင့်နေကြတာပါပဲ။

မနက်စောစော ငှက်ကလေးတွေ အစာကျွေးနေတဲ့ အချိန်လေးဟာ ကိုယ့်အတွက် တဒင်္ဂအေးချမ်းမှုလေးပါ။ တစ်ဖက်က စိတ်အေးချမ်းမှုတွေ ဖြစ်နေသလို တစ်ဖက်ကလည်း ပါရမီကုသိုလ်တွေ ဖြစ်နေတာပါ။ တကယ့်ကို ကျေနပ်စရာ အချိန်လေးပါ။ ကိုယ်နှစ်သက်တဲ့ ရေမွှေးလေး ဝယ်ပြီး လက်ကိုင်ပဝါလေးခေါက်ပြီး ရေမွှေးဆွတ်ညစဉ် မြတ်စွာဘုရားကို ပူဇော်ရတာလေးကလည်း တဒင်္ဂအေးချမ်းမှုလေးပါပဲ။



စကားတစ်ခွန်းကြောင့် တွေးကြောရှည်နေပြီး အိပ်မပျော်တတ်တဲ့ ဒီသဘောလေးကိုသိပြီး ကိုယ်ကလည်း တစ်ဖက်လူ တွေးကြောရှည်ပြီး အိပ်မပျော်ဖြစ်စေတဲ့စကားကို မပြောဖြစ်ဖို့ ကိုယ့်ကိုယ်ကိုယ် သတိထားစရာလည်း ဖြစ်သွားပါတယ်။

http://www.dhammadownload.com



တကယ်တော့ နာရီဝက် တရားထိုင်ချိန်လေးဟာ ကိုယ့်ဘဝရဲ့ အေးချမ်းရာ သီးခြားကမ္ဘာလေး တစ်ခုပါ။

GUCCI တစ်လုည့်၊ Calvin Klein တစ်လုည့်၊ CHANEL တစ်လုည့်၊ TIFFANY တစ်လုည့် စသည်ဖြင့် တံဆိပ်တစ်မျိုးစီ ပြောင်းပြောင်းဝယ်ပြီး ပူဇော်လည်း ကျေနပ်စရာပါပဲ။ အထူးသဖြင့်တော့ ကိုယ်လွှင့်နေတဲ့ အာရုံလေးတွေက တစ်ဖက်လူကို အိပ်မပျော် မဖြစ်စေဖို့ပါပဲ။ ကိုယ်ကတော့ ပျော်နေကျနပ်နေပြီး တစ်ဖက်လူမှာတော့ ကိုယ့်ရဲ့ လွှင့်မျောမှုကြောင့် အိပ်မပျော် ဖြစ်နေပြန်ရင်လည်း အဆင်မပြေပါဘူး။

ဘဝတစ်ခုရဲ့ ဝင်သက် ထွက်သက်တွေက ပင်ပန်းတဲ့ ရှုရှိုက်မှုတွေပဲ များပါတယ်။ ဝင်သက်ထွက်သက်တချို့ကိုတော့ ခဏပဲဖြစ်ဖြစ် အေးချမ်းတဲ့ ရှုရှိုက်မှုလေးတွေအဖြစ် အတွေးအသိလေးနဲ့ ရှုရမှာပါ။ တကယ့်ဘဝတိုတိုလေးမှာ အချိန်မရွေးသေသွားနိုင်တာဆိုတော့ မသေခင်လေးမှာ စိတ်ပူလောင်မှုတွေ နည်းနိုင်သမျှ နည်းပြီး အေးအေးချမ်းချမ်းနဲ့ ဘဝကို ဖြတ်သန်းသွားနိုင်ဖို့ပါပဲ။

တကယ်တော့ နာရီဝက် တရားထိုင်ချိန်လေးဟာ ကိုယ့်ဘဝရဲ့ အေးချမ်း

http://www.dhammadownload.com

ရာ သီးခြားကမ္ဘာလေးတစ်ခုပါ။ ကိုယ့်ရဲ့ တစ်ဘဝတစ်ကမ္ဘာလေးထဲမှာ အဖော်ဆိုလို့ အရှုခံအာရုံရယ်၊ ရှူသိစိတ်ရယ်ပဲ ရှိပါတယ်။ ဘယ်သူမှ မရှိပါဘူး။ ဘယ်သူမှ မရှိတဲ့အတွက် အေးချမ်းနေပါတယ်။ တကယ့် ကိုယ့်ရဲ့ ကိုယ်ပိုင် အေးချမ်းရာ ကမ္ဘာလေးတစ်ခုပါ။

ဘာပဲပြောပြောလေ တဒင်္ဂ အေးချမ်းဖို့ မနက်ပိုင်းလေးမှာ နေ့စဉ် နာရီဝက်လေး တရားထိုင်ဖြစ်ဖို့ပါပဲလေ။

ကျမ်းကိုး

၁။ ထေရိဂါထာအဋ္ဌကထာနိဿယ၊ ဒေါကုသလဝဂ်တီ။
၂။ ထေရိဘာသာပြန်၊ လယ်တီပဏ္ဍိတဦးမောင်ကြီး။
၃။ ထေရိထေရာရဟန္တာပုဂ္ဂိုလ်ကြီးများ၊ ဝဏ္ဏသီရိ။
၄။ ထေရိထေရာ၊ လေးမြိုင်။

News Watch


စောင့်ကြည့်သတင်းဂျာနယ်၊
၁၆-၉-၂၀၁၇။

http://www.dhammadownload.com



တစ်ခါတုန်းက အမှကာသိလို့
အမည်ရတဲ့ ထေရီမတစ်ပါး ရှိခဲ့ဖူးပါ
တယ်။ ထေရီမက ဘုရားနှစ်ဆူနဲ့
အဓိက ဆက်စပ်နေပါတယ်။ အမှကာသိ

http://www.dhammadownload.com



ဟာ ကဿပဘုရားရှင် လက်ထက်တော်ကလည်း ဘိက္ခုနီမ
လေးတစ်ပါးပါပဲ။ ဘိက္ခုနီမလေးဟာ သီလလည်း စောင့်
ထိန်းတယ်။ ဣန္ဒြေငါးပါးကိုလည်း စောင့်စည်းတယ်။
အစားအစာကိုလည်း အတိုင်းအရှည်သိပြီး စားတယ်။
နိုးနိုးကြားကြားလည်း ရှိတယ်။ ဝိပဿနာ တရားကိုလည်း
ပွားများအားထုတ်ပါတယ်။ ဘိက္ခုနီမ တစ်ပါးမှာ ရှိရမယ့်

http://www.dhammadownload.com



မျက်မှောက်လောကဥပဒေနဲ့ ကြည့်မယ်ဆိုရင်လည်း နိုင်ငံတော်ကြီးအကဲ တစ်ယောက်ကိုဆဲတာနဲ့သာမန် အခြေခံလူတန်းစားတစ်ယောက် ကိုဆဲတာနဲ့အပြစ်ပေးခံရရင် တူမှာတော့မဟုတ်ပါဘူး။

ဂုဏ် အားလုံးရှိနေပါတယ်။ သောတာပန်၊ သကဒါဂါမ် စသည်တွေတော့ မဖြစ်သေးပါဘူး။ ဒါပေမဲ့ တစ်နေ့မှာတော့ အရဟတ္တမဂ် အရဟတ္တဖိုလ် ရရှိပြီး ရဟန္တာမထေရီ တစ်ပါးကို စိတ်ဆိုးပြီး "ပြည့်တန်ဆာမ" လို့ ဆဲရေးလိုက်ပါတယ်။ အဲဒီအကုသိုလ်ကံကြောင့်ပဲ အပါယ်ငရဲကို ကျရောက်သွားရပါတယ်။

ဂေါတမဘုရားရှင်လက်ထက် ရောက်တော့ ပြုခဲ့တဲ့ ကုသိုလ်ကံတွေကြောင့် သူဌေးသမီးဖြစ်ရပါတယ်။ ရုပ်ရည်လည်း အလွန်လှပါတယ်။ ဒါပေမဲ့ "ပြည့်တန်ဆာမ"လို့ ဆဲရေးခဲ့တဲ့ အကုသိုလ်ကံကြွေးကြောင့် ဘုရင်၊ မင်းညီမင်းသား၊ မှူးကြီးမတ်ကြီး၊ သူဌေးသူကြွယ်တွေရဲ့ ထောက်ခံမှုနဲ့ ပြည့်တန်ဆာမအဖြစ် ရွေးချယ်ခံရပါတယ်။ တစ်ရက်တာ နေ့ည ဟော်ပါးမှုအတွက် အသပြာတစ်ထောင် သတ်မှတ်ပါတယ်။ အဲဒီခေတ်က ဈေးတော်တော် မြင့်သလို လူတိုင်း မသွားနိုင်ဘူးလို့ ဆိုပါတယ်။ နောက်ပိုင်းကာလကြာလာတဲ့အခါမှာတော့ တစ်နေ့ တစ်ည၌ တစ်ရက်တာလုံး တစ်ထောင်မပေးနိုင်

http://www.dhammadownload.com

တော့တဲ့အတွက် ညမပါ နေ့ပိုင်းမှာပဲ ငါးရာနှုန်းနဲ့ ပျော်ပါးပါတယ်။ ဒါကြောင့် အမှုကာသိလို့ နာမည်တွင်သွားပါတယ်။ အမှုကာသိဆိုတာ တစ်ထောင်ထက်ဝက် ငါးရာထိုက်တန်သောသူလို့ အဓိပ္ပာယ် ရပါတယ်။

အကုသိုလ်ကံကြွေးကြောင့် ပြည့်တန်ဆာမ ဖြစ်နေပေမယ့် အတိတ်ပါရမီတွေကြောင့် တရားသဘောလေးတွေကို တွေးဆဆင်ခြင်နေပါတယ်။ တစ်နေ့မှာတော့ အမှုကာသိဟာ ဘိက္ခုနီမကျောင်းသွားပြီး သာမဏေမ ရှင်ပြုလိုက်ပါတယ်။ ပြီးတော့ မြတ်စွာဘုရားထံမှာ ရဟန်းပြုမယ်လို့ တွေးပြီး မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည်ကိုသွားဖို့ စီစဉ်ပါတယ်။

သေသောက်ကြူး၊ မိန်းမကြူးတွေက ဒီသတင်းကို ကြားသွားပါတယ်။ ဒါကြောင့် သာဝတ္ထိပြည်ကိုသွားရာ လမ်းတစ်နေရာက စောင့်နေပါတယ်။ အမှုကာသိသာမဏေမကလည်း သေသောက်ကြူးတွေ လမ်းကစောင့်နေတဲ့သတင်း ထပ်ကြားရပြန်ပါတယ်။ ဒီတော့ မသွားရဲတော့ပါဘူး။

အမှုကာသိက သူကြဲတွေ့နေရတဲ့ အခက်အခဲကို မြတ်စွာဘုရားဆီ တမန်စေလွှတ်ပြီး လျှောက်ထားပါတယ်။ ဒီတော့ မြတ်စွာဘုရားရှင်က "ရဟန်းတို့ တမန်ဖြင့် ရဟန်းပြုပေးရန် ငါဘုရားခွင့်ပြုတယ်" ဆိုပြီး ဝိနည်းသိက္ခာပုဒ်အသစ် ထုတ်ပြန်ပေးပါတယ်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းက သံဃာတော်တွေက အဝေးကနေ အမှုကာသိအတွက် ရဟန်းခံ ကမ္မဝါစာရွတ်ဖတ်ပေးကြပါတယ်။ ကမ္မဝါရွတ်မှ ပြီးဆုံးချိန်ဟာ အမှုကာသိဘိက္ခုနီမ ဖြစ်

http://www.dhammadownload.com

ချိန်ပါပဲ။ သာသနသမိုင်းမှာ ပထမဆုံး တမန်စေလွှတ်ပြီး ဘိက္ခုနီမ ဖြစ်ရသူရယ်လို့ သမိုင်းမှတ်တမ်းတင်သွားပါတယ်။

အမှုကာသိဟာဘိက္ခုနီမ ဖြစ်ပြီးတော့ ဝိပဿနာတရားကို ဆက်လက် အားထုတ်လိုက်တာ အရဟတ္တဖိုလ်ရပြီး ရဟန္တာမ ဖြစ်သွားပါတော့တယ်။

(ထေရီအဋ္ဌကထာ၊ နာ-၃၁)

အဲဒီမှာ အုံ့ဩမိတာက အမှုကာသိဟာ သီလ၊ သမာဓိ၊ ပညာ နဲ့လည်း ပြည့်စုံတယ်။ ဣန္ဒြေလည်း စောင့်ထိန်းတယ်။ အစား အသောက်ကိုလည်း အတိုင်းအရှည်ကို သိပြီး စားတယ်။ အထူး သဖြင့် ဝိပဿနာတရားကို ကြိုးကြိုးစားစား အားထုတ်တယ်။ ဒါပေမဲ့ တဒင်္ဂစိတ်ဆိုးပြီး ရဟန္တာထေရီမတစ်ပါးကို ပြည့်တန်ဆာမလို့ ဆဲမိသွားတာပါ။

တဒင်္ဂစိတ်ဆိုးမှုလေးက ဘဝတစ်ခုကို အပြောင်းလဲကြီး ပြောင်းလဲ သွားခဲ့ပါတယ်။ မင်္ဂဖိုလ်ရမှု နှေးသွားတာ၊ အပါယ်ငရဲ ကျသွားတာ၊ ဝစီကံအားလျော်စွာ ပြန်ခံရတာစသည်တွေက သူ့အတွက် ကြီးမားလွန်းလှပါတယ်။ ကျူးလွန်လိုက်တဲ့ အချိန် ကာလလေးက မိနစ်ပိုင်း၊ စက္ကန့်ပိုင်းပဲ ရှိမှာပါ။ လောကသဘာဝ ကြောင်းကျိုးဖြစ်စဉ်အရ ပြစ်မှုနဲ့ ပြစ်ဒဏ်မမျှဘူးလို့ ပြောမယ် ဆိုလည်း ပြောလို့ရပါတယ်။ ဒါပေမဲ့လည်း စောဒကတက်လို့တော့ မရပြန်ပါဘူး။ မျက်မှောက်လောက ဥပဒေနဲ့ ကြည့်မယ်ဆိုရင်လည်း နိုင်ငံတော်အကြီးအကဲတစ်ယောက်ကို ဆဲတာနဲ့ သာမန် အခြေခံ လူတန်းစားတစ်ယောက်ကို ဆဲတာနဲ့ အပြစ်ပေး ခံရရင် တူမှာတော့ မဟုတ်ပါဘူး။ အမှုကာသိက အရဟတ္တ မင်္ဂ၊ အရဟတ္တဖိုလ်ရပြီး

http://www.dhammadownload.com

ရဟန္တာထေရီမ တစ်ပါးကို သွားဆဲလိုက်လို့ပါ။ သာမန် ကျေးရွာသူတစ်ယောက်ကို ဆဲမိရင်တော့ အခုလို ကြီးမားတဲ့ အပြစ်ကြီးဖြစ်မှာတော့ မဟုတ်ပါဘူး။

ကိုယ့်ထက် သီလ၊ သမာဓိ၊ ပညာ ကြီးတဲ့ ဆရာတော် သံဃာတော်တွေကို မပြစ်မှားမိအောင် သတိထားနေတာ ကတော့ အကောင်းဆုံးပါပဲ။ ပုထုဇဉ် အားလျော်စွာ ဖြစ်တတ်တဲ့ မကျေနပ်မှုကို မကျေနပ်တဲ့အတိုင်းပဲ ထားပြီး ကာယက်မြောက်၊ ဝစီက်မြောက် မကျူးလွန်လိုက်မိဖို့ပါ။ ကျူးလွန်လိုက်ရင် ကိုယ်ပဲ ရှုံးရတော့တာပါ။ တဒင်္ဂ စိတ်ခံစားမှုကို သတိနဲ့ ကျော်လွှားလိုက်နိုင်ဖို့ပါ။ တဒင်္ဂဆိုတော့လည်း တဒင်္ဂကာလလောက်ပဲ သည်းခံရတာပါ။ တဒင်္ဂကာလလေး ကျော်သွားတာနဲ့ စိတ်ကလည်း ပြေသွားတာပါပဲ။ နည်းနည်း ကြာသွားရင် ကိုယ့်အလုပ်နဲ့ကိုယ် သတိတောင် မရတော့ပါဘူး။ မေ့သွားတတ်ပါတယ်။ တဒင်္ဂ စိတ်ခံစားမှုကို သည်းခံရတဲ့ အချိန်ကာလလေးက သိပ်တော့ ကြာမယ်မထင်ပါဘူး။



ကြမ်းတမ်းတဲ့ မနှစ်မြို့တဲ့ စကားနဲ့ ဆဲရေးလို့အဆဲခံရသူက တစ်သက်လုံး နာကြည်းသွားနိုင်သလို "ဝစီဘေဒထိတိုင်းရှ" "ဝဠုမှာ အမြင်ရဲမှာအာပ" ဆိုတဲ့ စကားပုံတွေရဲ့ ဖြစ်စဉ်အကျိုးဆက်တွေကလည်း ရှိနေပါသေးတယ်။

http://www.dhammadownload.com



အဘိဓမ္မာသင်ဘောအရတော့ ဆဲသူလည်း စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ပြီး အကုသိုလ်ဖြစ်၊ အဆဲခံရသူလည်း စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ပြီး အကုသိုလ်ဖြစ်၊ နှစ်ဦးနှစ်ဖက် အကုသိုလ်ဖြစ်ပြီး ပူးကြရတာပါ။

ဒီနေရာမှာ အမှုကာသိအနေနဲ့ တောင်းပန်လိုက်ရင်ကော ဆိုတဲ့ အတွေးလည်း ဝင်လာပါတယ်။ စာအရဆိုရင်တော့ ဆောင်းပန်လိုက်ရင် ကျရောက်မယ့် ပြစ်ဒဏ်တွေက တော်တော်ကြီးကို လျော့သွားမှာပါ။ တောင်းပန်လို့ လျော့နည်းပျောက်ကင်းသွားတဲ့ သာဓကတွေလည်း အများကြီးပါ။ ဒါဆို ဘဝသမိုင်းက တစ်မျိုးပြောင်းသွားနိုင်ပါတယ်။ တစ်ခါတလေ ကျတော့လည်း မာနတို့ ဒေါသတို့က လည်း ဘဝတက်လမ်းကို အတားအဆီးတစ်ခု ဖြစ်သွားတာပါ။

တောင်းပန်တာကျတော့ ကိုယ့်ရဲ့ မာနရယ်၊ သတိ အသိတရားရယ်က အများကြီး ဆိုင်နေပါတယ်။ မာနတင်းခဲနေရင်ပဲဖြစ်ဖြစ် သတိအသိတရား မရှိရင်ဘဲဖြစ်ဖြစ် တောင်းပန်ခြင်းဆိုတာကတော့ ဖြစ်လာမှာမဟုတ်တော့ပါဘူး။

ဒါပေမဲ့လည်း အကုသိုလ်ဝဋ်ကြွေးတွေ ခံရပေမယ့် မဂ်ဖိုလ်ရမှု နှေးသွားပေမယ့် ဖြည့်ခဲ့တဲ့ ပါရမီတွေကတော့ အမှုကာသိအတွက် အလကား ဖြစ်မသွားခဲ့ပါဘူး။

http://www.dhammadownload.com

နောက်ဆုံး ပြည့်တန်ဆာမ ဘဝရောက်နေတာတောင် တရားအားထုတ်ချင်စိတ်တွေ ဖြစ်ပြီး တရားတွေ အားထုတ်ပြီး အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရသွားခဲ့ပါတယ်။ ပန်းတိုင်တွေ ပျောက်မသွားခဲ့ပါဘူး။ အရောက်နှေးသွားတာတစ်ခုပါပဲ။ ဖြည့်ခဲ့တဲ့ ပါရမီတွေက အလကား ဖြစ်မသွားတဲ့ သာဓကပါ။

ဆဲတာကတော့ အတိတ်အတိတ်က ပါလာတဲ့ အထုံဝါသနာကြောင့် ဆဲတာရော၊ တဒင်္ဂ စိတ်ဆိုးလို့ ဆဲတာရော အမျိုးမျိုး ရှိတတ်ပါတယ်။ ဘယ်လိုပဲဆဲဆဲ ဆဲရင် ဆိုးကျိုးက တွဲပါနေတတ်ပါတယ်။ မြို့ကြီးတစ်မြို့က လုပ်ငန်းရှင်တစ်ယောက် သူဝန်ထမ်းတွေကို မကြာခဏ ဆဲတတ်ပါသတဲ့။ တစ်နေ့တော့ အလုပ်သမားတစ်ယောက်ကို ဂုဏ်သိက္ခာနဲ့ ယှဉ်တဲ့ ဆဲရေးမှု ပြင်းပြင်းထန်ထန် ဆဲလိုက်ပါတယ်။ အလုပ်သမားက တော်တော်လေး နာကြည်းသွားပြီး အကွက်ကောင်းကို တော်တော်ကြာကြာ စောင့်နေပါတယ်။ သူလိုချင်တဲ့ နေ့တစ်နေ့ ရောက်တဲ့အခါမှာတော့ အိမ်ထဲဝင်ပြီး မိသားစုလိုက် ဓားနဲ့ ခုတ်ပါသတဲ့။ နာကြည်းစရာ အဆဲတစ်ခွန်းဟာ လူ့အသက်အထိ ဆိုးကျိုးဖြစ်စေပါတယ်။ သည်းခံတတ်တဲ့သူက သည်းခံတတ်ပေမယ့် သည်းမခံတတ်တဲ့ သူကျတော့ အသက်အထိ ရန်ရှာဖို့ ဝန်မလေးကြပါဘူး။

မြတ်စွာဘုရားရှင်က ဆဲရေးခြင်း (၁၀)မျိုးကို ဟောပြပေးထားပါတယ်။

၁။ ဇာတိ – အမျိုးဇာတ်အားဖြင့် ဆဲရေးခြင်း။
၂။ နာမ – နာမည်အားဖြင့် ဆဲရေးခြင်း။
၃။ ဂေါတ္တ – အနွယ်အားဖြင့် ဆဲရေးခြင်း။

http://www.dhammadownload.com

၄။ ကမ္မ – သူ၏ အလုပ်အကိုင်အားဖြင့် ဆဲရေးခြင်း။
၅။ သိပ္ပ – အတတ်ပညာအားဖြင့် ဆဲရေးခြင်း။
၆။ အာဇာဓ – သူ့မှာရှိသော အနာရောဂါအားဖြင့် ဆဲရေးခြင်း။
၇။ လိင် – သူအချိုးကျ မကျ အနိမ့် အမြင့် အဖြူ အမည်း စသော အသွင်ပုံသဏ္ဌာန်အားဖြင့် ဆဲရေးခြင်း။
၈။ ကိလေသ – သူ့မှာ ဖြစ်တတ်သော လောဘ၊ ဒေါသ၊ ရာဂ၊ တဏှာစသော လောဘကြီးသူ၊ ဒေါသ ကြီးသူ၊ တဏှာကြီးသူ စသည်ဖြင့် ကိလေသာ အားဖြင့် ဆဲရေးခြင်း။
၉။ အာပတ္တိ – သူ့မှာ သင့်သော အပြစ်အာပတ်အားဖြင့် ဆဲရေးခြင်း။
၁၀။အက္ကောသ – မေထုန်နှင့်စပ်၍ လည်းကောင်း၊ ယောကျ်ား အင်္ဂါဇာတ်၊ မိန်းမအင်္ဂါဇာတ်နှင့်စပ်၍ လည်းကောင်း၊ ဟဲ့နွား၊ ဟဲ့ခွေးစသော ယုတ်ညံ့သောစကားဖြင့် ဆဲရေးခြင်း။

ဆဲရေးခြင်း (၁၀)မျိုးထဲက ဒရိုင်ဘာ၊ တဏှာကောင်၊ ငပု၊ ငမဲ၊ ခွေးကောင် စသည်ဖြင့် ဘယ်ပုံစံနဲ့ပဲဆဲဆဲ အဆဲခံရသူက မပျော်ပါဘူး။ တကယ်တမ်းကျတော့ ဆဲသူလည်း မပျော်ပါဘူး။ ဆဲလို့ ပျော်မယ့်သူလည်း ရှိမယ် မထင်ပါဘူး။

ကြမ်းတမ်းတဲ့ မနှစ်မြို့တဲ့ စကားနဲ့ ဆဲရေးလို့ အဆဲခံရသူက တစ်သက်လုံး နာကြည်းသွားနိုင်သလို "ဝစီဘေဒ ထိတိုင်းရှ"

http://www.dhammadownload.com

"ဝဋ်မှာ အမြဲငရဲမှာ အပ" ဆိုတဲ့ စကားပုံတွေရဲ့ ဖြစ်စဉ် အကျိုး ဆက်တွေကလည်း ရှိနေပါသေးတယ်။ စကားပုံ အတိုင်းဖြစ်နေတဲ့ မျက်မြင် သာဓကတွေလည်း မြင်နေ တွေ့နေရတာ ဆိုတော့ သတိ နဲ့ပဲ သတိထားရတော့မှာပါ။

''တဏှာကောင်'' လို့ ဆဲရေးရင် တစ်ချိန်ချိန်မှာ ကိုယ်ကိုယ်တိုင် တဏှာရဲ့ ကျေးကျွန်တစ်ယောက် ဖြစ်ချင်ဖြစ်သွားနိုင်ပါတယ်။ ဝစီကံရဲ့ အပြစ်တွေက နောင် တစ်ချိန်ချိန်မှာ တစ်နေရာက ကြိုနေတတ်ပါတယ်။

ခေါကြီး၊ ပုတက်၊ အဖွားကြီး၊ ထော့ကျိုး စသည် ဖြင့် သူငယ်ချင်း အချင်းချင်း အပြောင်အပြက် ခေါ်ပေမယ့် ဆဲရေးခြင်း (၁၀)မျိုးနဲ့ သွား ငြိနေတာကိုတော့ သတိထား ရပါမယ်။



စေတနာမပါပေမဲ့ဒေါသဆိုတဲ့အတိုင်းကိုယ်လည်း တစ်ချိန်ချိန် ဖြစ်မသွားဘူးလို့ပြောလို့မရပါဘူး။ ကိုယ့်နှုတ်ကငေးကိုသတိနဲ့ဆောင့်ထိန်းတာထော့ အကောင်းဆုံးပါ။

http://www.dhammadownload.com

စေတနာ မပါပေမဲ့ ခေါ်ခဲ့တဲ့အတိုင်း ကိုယ်လည်း တစ်ချိန်ချိန် ဖြစ်မသွားဘူးလို့ ပြောလို့ မရပါဘူး။ ကိုယ့်နှုတ်ကလေးကို သတိနဲ့ စောင့်ထိန်းတာတော့ အကောင်းဆုံး ပါ။

ထူးထူးခြားခြား တစ်ယောက်ကတော့ ငယ်ငယ်က ဆွေမျိုး တစ်စုက နှိမ်နှိမ်ဆဲပါသတဲ့။ နှိမ်ဆဲတာကို မခံချင်စိတ်နဲ့ အလုပ်ကို ကြိုးစားလိုက်တာ အချိန်ကာလတစ်ခုမှာ ကြီးပွားချမ်းသာ သွားပါ သတဲ့။

တိုက်တိုက်ဆိုင်ဆိုင် သူ့ကို နှိမ်ဆဲခဲ့တဲ့ ဆွေမျိုးတစ်စုကလည်း အကြောင်းကြောင်းတွေကြောင့် ငွေကြေးတွေ အားနည်းသွားပါ သတဲ့။ အဆဲခံရသူကတော့ နှိမ်ဆဲခဲ့တဲ့ ဆွေမျိုးတစ်စုနဲ့ ခပ်ကင်းကင်းပဲ နေသလို နှိမ်ဆဲခဲ့တဲ့ ဆွေမျိုးတွေက အကူအညီ လာတောင်းရင်လည်း တစ်ချိန်က အနှိမ်ခံစကားလုံးတွေနဲ့ ပြန်ကလဲ့စားချေပါသတဲ့။

ဆဲတာကို မခံချင်စိတ်နဲ့ ကြိုးစားလို့ ကြီးပွားချမ်းသာသွားတာကတော့ ဝမ်းမြောက်စရာ ကောင်းပေမယ့် ကိုယ်က ကြီးပွားပြီး တစ်ဖက်က နိမ့်ပါးသွားတဲ့အချိန်အထိ အတိတ်က အာဃာတတွေ ပါလာတာကျတော့ ဝတ္ထုဇာတ်လမ်းသဘောနဲ့ ပြောရင် ဖတ်ရတာ သိပ်အဆင်မပြေပါဘူး။ ကိုယ်က အထက်ရောက်သွားတဲ့အချိန် ပြုံးပြုံးနဲ့ ပြန်ကူညီမှ ဇာတ်လမ်းက ဖတ်ရတာ ကောင်းတာပါ။

အဘိဓမ္မာသဘောအရတော့ ဆဲသူလည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး အကုသိုလ်ဖြစ်၊ အဆဲခံရသူလည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး အကုသိုလ်ဖြစ်၊ နှစ်ဦးနှစ်ဖက် အကုသိုလ်ဖြစ်ပြီး

http://www.dhammadownload.com

ရှုံးကြရတာပါ။ မျက်မှောက်ဘဝနဲ့ နောက်ဘဝတွေမှာလည်း ဝစီကံအကုသိုလ်ကံကြွေးကို အနည်းနဲ့ အများ ခံရဦးမှာပါ။

ဘာပဲပြောပြောလေ ဆဲရေးခြင်း(၁၀)မျိုးကို မှတ်သားခြင်းနဲ့ အတူ ဆဲသူလည်း မပျော်၊ အဆဲခံရသူလည်း မပျော်၊ မပျော်ခြင်း အမှုအရာတစ်ခုကို နေရသခိုက် လူ့ဘဝသက်တမ်းတိုတိုလေးမှာ သတိနဲ့ ရှောင်လိုက်ဖို့ပါပဲလေ။ နောက်တော့လည်း သေသွားကြတာပါပဲလေ။

News Watch

စောင့်ကြည့်သတင်းဂျာနယ်။

၆-၁-၂၀၁၈။

http://www.dhammadownload.com



အိပ်မက်ဆိုးကကျား

တစ်ခါတုန်းက အရှင်မဟာကစ္စာယနရယ်၊ စဏ္ဍပဒ္ဒောတမင်းရယ် ဆိုပြီး ရှိခဲ့ဖူးပါတယ်။ အရှင်မဟာကစ္စာယနက ရဟန်းမဖြစ်ခင် လူဘဝကတည်းက

http://www.dhammadownload.com



စက္ကူပန်းတောတမင်းရဲ့ ဘုရင့်ပုရောဟိတ်တစ်ယောက်အဖြစ် နီးနီးကပ်ကပ် ပတ်သက်ခဲ့ရသူပါ။ အရှင်မဟာကစ္စာယနလောင်းရဲ့ ဖခင်က စက္ကူပန်းတောတမင်းရဲ့ ပုရောဟိတ်ကြီးပါ။ ဖခင်ကြီး ကွယ်လွန်တော့ ဖခင်နေရာ ပုရောဟိတ်ရာထူးကို ဆက်ခံရပါတယ်။

အရှင်မဟာကစ္စာယနဟာ ဘုရားအဆူဆူနဲ့ ဖူးတွေ့ခဲ့ရသလို ဘုရားနှစ်ဆူထဲမှာလည်း နှစ်သက်ရာ ဆုနှစ်ဆုကို တောင်းခဲ့သူပါ။ ပဒုမုတ္တရဘုရားရှင်လက်ထက်မှာ "တရားအကျဉ်းကို အကျယ်ချဲ့ပြီး

http://www.dhammadownload.com

ဟောနိုင်ရပါလို၏"လို့ ဆုတောင်းခဲ့သလို ကဿပဘုရားရှင်လက်ထက်မှာလည်း ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တဲ့အခါ ဘုရားရှင်ရဲ့ ဓာတ်တော်တွေကို ဌာပနာပြီး စေတီတည်တဲ့အခါ ရွှေအုတ်ချပ်ကို လှူပြီး "မြတ်စွာဘုရား ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်း၌ တပည့်တော်၏ ခန္ဓာကိုယ်သည် ရွှေအဆင်းကဲ့သို့ လှလှပပ ဖြစ်ရပါလို၏"လို့ ထူးထူးခြားခြား ဆုတောင်းခဲ့သူပါ။ တောင်းခဲ့တဲ့အတိုင်းလည်းပဲ ဆုနှစ်ဆုလုံးက ဂေါတမဘုရားရှင်လက်ထက်မှာ ပြည့်ခဲ့ရပါတယ်။

စဏ္ဍပဒ္ဓေါတမင်းရဲ့ ပုရောဟိတ်ဘဝမှာ ဘုရင်က "ဆရာ ပုရောဟိတ် ဂေါတမဘုရား ပွင့်တော်မူနေပါတယ်၊ ဒီဥဒ္ဒေနီမြို့ကို ဆရာကိုယ်တိုင် သွားရောက်ပင့်ဆောင်ပေးပါ"လို့ ခိုင်းလို့ ပုဏ္ဏားခုနစ်ယောက်နဲ့အတူ မြတ်စွာဘုရားရှိရာကို ရောက်ခဲ့ပါတယ်။ မြတ်စွာဘုရား တရားနာပြီး ရှစ်ယောက်လုံး အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရပြီး ဧဟိဘိက္ခုရဟန်းတွေ ဖြစ်ကုန်ကြပါတယ်။

အရှင်မဟာကစ္စာယန ရဟန်းဖြစ်သွားတော့ လာရင်းကိစ္စဖြစ်တဲ့ မြတ်စွာဘုရားကို စဏ္ဍပဒ္ဓေါတမင်းက ဥဒ္ဒေနီမြို့ကို ပင့်တဲ့အကြောင်း လျှောက်ပြပါတယ်။ မြတ်စွာဘုရားက "သင်သာသွားလိုက်ပါ"လို့ ခိုင်းလိုက်လို့ ဇာတိမြို့ကို ပြန်ကြွရပါတယ်။ စဏ္ဍပဒ္ဓေါတမင်းရဲ့ နာမည်ရင်းက ပဒ္ဓေါတမင်းပါ။ ဒါပေမဲ့ စိတ်နှလုံးကြမ်းတမ်းလွန်းလို့ စဏ္ဍ = ကြမ်းကြုတ် ခက်ထန်သောဆိုတဲ့ စကားလုံးတစ်လုံး ရှေ့ကို တိုးပြီး စဏ္ဍပဒ္ဓေါတမင်းရယ်လို့ ပြည်သူတွေက ပေးလိုက်တာပါ။

http://www.dhammadownload.com

တကယ်လည်း စဏ္ဍာပဇ္ဇောတမင်းက ကြမ်းတမ်းလွန်းလှပါတယ်။ စဏ္ဍာပဇ္ဇောတမင်းဟာ ပုဏ္ဏားတွေရဲ့ စကားကို နားထောင်ပြီး တိရစ္ဆာန်မျိုးစုံကိုသတ်ပြီး ယဇ်ပူဇော်ပွဲကြီးတွေ လုပ်ပါတယ်။ အမှုတွေကိုလည်း သေချာမစစ်ဆေးဘဲနဲ့ မြန်မြန်ဆန်ဆန် ဆုံးဖြတ်တတ်ပါတယ်။ အမွေအမှုတွေမှာလည်း တကယ့်ပိုင်ရှင်အစစ်တွေက မရဘဲ မပိုင်တဲ့သူတွေကို ပေးတတ်ပါတယ် စသဖြင့် ကြမ်းကြမ်းတမ်းတမ်း အလွဲလွဲ အချော်ချော်တွေ လုပ်နေပါတယ်။ ဒါကိုသိရတဲ့ အရှင်မဟာကစ္စာယနဟာ လူ့ဘဝက အရှင်သခင်အနေနဲ့ ကျေးဇူးလည်း ရှိခဲ့တဲ့အတွက် အိပ်မက်နဲ့ ဂါထာ လေးပုဒ်ကို တရားဟော ပေးပါတယ်။

"အကုသိုလ် မကောင်းမှုကို သူတစ်ပါးကိုလည်း မခိုင်းပါနဲ့။ ကိုယ်တိုင်လည်း မလုပ်ပါနဲ့။ သတ္တဝါတွေဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိပါတယ်။

သူတစ်ပါးစကားကြောင့်လည်း သူခိုးမဖြစ်ပါ။ သူတစ်ပါး စကားကြောင့်လည်း သူတော်ကောင်းမဖြစ်ပါ။ သူတော်



ဗုဒ္ဓဝင်သာသနာ့သမိုင်းမှာ ဆန်းဆန်းပြားပြားနဲ့ ရှားရှားပါးပါး အိပ်မက်နဲ့ တရားဟောခဲ့တဲ့ ဝတ္ထုငယ်လေးတစ်ပုဒ်ပါပဲ။ အားကျဖို့လည်း ကောင်းသလို ကျေနပ်ဖို့လည်း ကောင်းပါတယ်။

http://www.dhammadownload.com

ကောင်း ဟုတ်သည် မဟုတ်သည်ကို ကိုယ်တိုင်လည်း သိရသလို နတ်တွေလည်း သိကြပါတယ်။

လူမိုက်တို့သည် ငါတို့ဟာ သေမင်း နိုင်ငံကို သွားရမယ်ဆိုတာ မသိကြပါ။ ပညာရှိတွေကတော့ ငါတို့ဟာ တစ်ချိန်မှာ သေမင်း နိုင်ငံကို သွားရမယ်ဆိုတာ သိကြပါတယ်။ ဒါကြောင့် သတ္တဝါတွေကို ညှဉ်းဆဲခြင်း မလုပ်ပါ။

ပညာရှိတွေဟာ ဥစ္စာပစ္စည်း ကုန်ခန်းသွားပေမယ့် အပြစ် မရှိသော အသက်မွေးခြင်းဖြင့် အသက်မွေးနိုင်တယ်။ ပညာမဲ့တွေကတော့ ပစ္စည်း ဥစ္စာမရှိရင် အသက်မမွေးတတ်တော့ပါ"

အိပ်မက်က နိုးလိုက်ချိန်မှာ အရှင် မဟာကစ္စာယန ကို အနားမှာ မတွေ့ရ တာနဲ့



မျက်မှောက်ဒေတ်မှာလည်း ဒီလိုပုံစံတူတွေ ရှိနိုင်ပါတယ်။ အိပ်မက်ကြောင့် ကောင်းကျိုးတွေ ဖြစ်သွားသလို အိပ်မက်ကြောင့် ဒုက္ခရောက် သွားတာတွေလည်း ရှိတတ်တာဆိုတော့ သတိထားစရာ အချက်တစ်ခုပါ။

http://www.dhammadownload.com

အိပ်မက်ဆိုတာ သိလိုက်ရပါတယ်။ မနက်ရောက်တော့ စဏ္ဍပဇ္ဇောတမင်းက အရှင်မဟာကစ္စာယနဆီသွားပြီး ညက အိပ်မက်ထဲက တရားအကြောင်း လျှောက်ပြပါတယ်။ ဒီတော့ အရှင်မဟာကစ္စာယနမထေရ်က အိပ်မက်ထဲမှာ ဟောခဲ့တဲ့ ဂါထာလေးပုဒ်ကို ပြန်ဟောပေးပြီး နောက်ထပ် ဂါထာနှစ်ပုဒ်ကိုလည်း ထပ်ဟောပေးလိုက်ပါတယ်။ စဏ္ဍပဇ္ဇောတမင်းလည်း ပြုလုပ်ဆဲ အကုသိုလ်တွေကို ဆက်မလုပ်တော့ပါဘူး။

(ထေရာအဋ္ဌကထာ - ဒုတွဲ၊ နှာ - ၁၄၅)

ဗုဒ္ဓဝင်သာသနာ့သမိုင်းမှာ ဆန်းဆန်းပြားပြားနဲ့ ရှားရှားပါးပါး အိပ်မက်နဲ့ တရားဟောခဲ့တဲ့ ဝတ္ထုလေးတစ်ပုဒ်ပါပဲ။ အားကျဖို့လည်း ကောင်းသလို ကျေနပ်ဖို့လည်း ကောင်းပါတယ်။ စဏ္ဍပဇ္ဇောတမင်းအတွက် လုပ်ဆဲအကုသိုလ်တွေကို ဆက်မလုပ်ဖြစ်တော့သလို ကုသိုလ်တွေကို တိုးတိုးလုပ်ဖြစ်ခဲ့ပါတယ်။

မျက်မှောက်ခေတ် နယ်ပယ်ထဲမှာလည်း အိပ်မက်ပေးလို့ ကောင်းကျိုးဖြစ်သွားတာတွေ၊ ပစ္စည်းဥစ္စာတွေ ရသွားတာတွေ၊ ထူးထူးခြားခြား အိပ်မက်ထဲကနေ "ခြံထဲက ငှက်ပျောပင်ကို သင်္ကန်းဆီးပေးပါ"လို့ မကြာခဏ အိပ်မက်ပေးနေလို့ မယုံပေမဲ့ အိပ်မက်ထဲက ခိုင်းတဲ့အတိုင်း ငှက်ပျောပင်ကို သင်္ကန်းဆီးပေးလိုက်လို့ ကောင်းကျိုးချမ်းသာတွေ ဖြစ်သွားတာတွေလည်း ထူးထူးဆန်းဆန်း ဖတ်ရဖူးပါတယ်။

တချို့ကျတော့ လူမည်းကြီးနှစ်ယောက်က အိပ်မက်ထဲမှာ ဆယ်ပေါင်တူနဲ့ မကြာခဏ လာလာထုနေပါသတဲ့။ တချို့ကျတော့လည်း ရာစုနှစ်ပေါင်းများစွာက အတိတ်သမိုင်းကြောင်းတွေကို

http://www.dhammadownload.com

ပြန်ပြန်မက်တတ်ပါသတဲ့။ အိပ်မက်ထဲကအတိုင်း သွားကြည့်တော့လည်း စေတီတွေ၊ တောင်တွေ၊ ဂူတွေ တကယ် ရှိနေပါသတဲ့။ အတိတ်က ဖြစ်ခဲ့တာတွေက တကယ် မှန်နေပေမယ့်လည်း လက်တွေ့ပစ္စုပ္ပန်ဘဝမှာတော့ ဘာမှ အသုံးချလို့ မရတော့ပါဘူး။

တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ မထေရ်ကြီးတစ်ပါးက ရဟန်း သံဃာတွေကို မပန်ကြားမပြောဘဲ ကုဋေပင်ကြီးတစ်ပင်ကို ခုတ်လဲစေလိုက်ပါတယ်။ ကုဋေပင်မှာ ရှိနေတဲ့ ရက္ခစိုးနတ်က တော်တော်လေး စိတ်ဆိုးသွားပါတယ်။ ဒါကြောင့် ရက္ခစိုးနတ်က ပထမအကြိမ် မှန်တဲ့ အိပ်မက်ကိုပေးပြီး သူ့ကို ယုံကြည်အောင် ပြုလုပ်ပါတယ်၊ ဒုတိယပေးတဲ့ အိပ်မက်မှာတော့ "ဒီနေ့မှ နောက် (၇)ရက်မြောက်မှာ အရှင်ဘုရား ဒကာတော်မင်းကြီး နတ်ရွာစံလိမ့်မယ်၊ သေလိမ့်မယ်"လို့ အိပ်မက်ပေးလိုက်ပါတယ်။ မထေရ်ကြီးကလည်း နန်းတွင်းမိဖုရား၊ မောင်းမမိသဲတွေကို မင်းကြီး တစ်ပတ်ပြည့်ရင် သေမယ်ဆိုတဲ့အကြောင်း ပြောလိုက်ပါတယ်။ မိဖုရား မောင်းမမိသဲတွေက စိတ်မကောင်းတွေ ဖြစ်လို့ ငိုပြီး မင်းကြီးကို ပြောပြကြပါတယ်။ မင်းကြီးကလည်း ရက်ကို ရေတွက်ပြီး စောင့်နေပါတယ်။ ဒါပေမဲ့ (၇)ရက်သာ ပြည့်သွားတယ်။ မင်းကြီးက မသေပါဘူး။ ဒီတော့ မင်းကြီးက နန်းတွင်းတစ်ခုလုံးကို အထိတ်တလန့်နဲ့ တုန်လှုပ်ချောက်ချား စိတ်ဆင်းရဲအောင် လုပ်တယ် ဆိုပြီး မထေရ်ကြီးရဲ့ လက်တွေ ခြေတွေကို ဖြတ်ပစ်စေလိုက်ပါတယ်။

(သာရတ္ထ၊ ဋီဒုတွဲ၊ နှာ – ၃၁၂)

ဒီသီဟိုဠ်ဝတ္ထုကျပြန်တော့လည်း အိပ်မက်ကြောင့် ဒုက္ခရောက်သွားတာပါ။ နတ်က အိပ်မက်ပေးတယ်ဆိုပေမယ့် အိပ်မက်

http://www.dhammadownload.com

က အမှားကြီး ဖြစ်နေပါတယ်။ ဒီဝတ္ထုကို ထောက်ပြီး နတ်တွေက စိတ်ဆိုးရင် မကျေနပ်ရင် တလွဲအိပ်မက်တွေ ပေးပြီး ဒုက္ခရောက်အောင် လုပ်တတ်တယ်ဆိုတာလည်း သတိထားစရာပါ။ သစ်ပင်ခုတ်ဖို့ ရှိရင်လည်း သစ်ပင်မှာ ရှိနေတဲ့ မမြင်နိုင်တဲ့ နတ်တွေနဲ့ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေကို ခွင့်တောင်းပြီး တောင်းပန်ပြီး နေရာ အစားပေးပြီးမှ ခုတ်ရမယ်ဆိုတဲ့ သာဓကပြ ဝတ္ထုတစ်ပုဒ်ပါပဲ။

မျက်မှောက်ခေတ်မှာလည်း ဒီလို ပုံစံတူတွေ ရှိနိုင်ပါတယ်။ အိပ်မက်ကြောင့် ကောင်းကျိုးတွေ ဖြစ်သွားသလို အိပ်မက်ကြောင့် ဒုက္ခရောက်သွားတာတွေလည်း ရှိတတ်တာဆိုတော့ သတိထားစရာ အချက်တစ်ခုပါ။

ဒီနေရာမှာ ငယ်ငယ်ကလေး ဘဝက ကြားဖူးတဲ့ ဥာဏ်စမ်းပုံပြင်တစ်ပုဒ်ကို သွားသတိရမိပါတယ်။ တစ်ခါက သူဌေးကြီးတစ်ယောက် မနက်ပိုင်းမှာ စီးပွားရေးကိစ္စတစ်ခုနဲ့ ခရီးသွားဖို့ ပြင်နေတုန်း ညစောင့် ဒရဝမ် တစ်ယောက်က ရောက်လာပြီး "သူဌေးကြီး ကျွန်တော်

အိပ်မက်မက်ရခြင်း အကြောင်း(၄)မျိုးထဲမှာ ဓာတ်ချောက်ချားခြင်းကြောင့် မက်တဲ့အိပ်မက်ရယ်၊ ငရဲက လေ့ကျက်ခံစားပူးလို့မက်တဲ့ အိပ်မက်ရယ်ကတော့ လူအများစုမကြာခဏ မက်နေတဲ့အိပ်မက်တွေလို့ ထင်ပါတယ်။



http://www.dhammadownload.com

ညက အိပ်မက်မက်ပါတယ်။ သူဌေးကြီး အခုသွားမဲ့ လမ်းခရီးမှာ အန္တရာယ် ကြုံရတယ်လို့ မက်ပါတယ်။ ဒါကြောင့် ဒီခရီးစဉ်ကို မသွားစေချင်ပါဘူး"လို့ ပြောလာပါတယ်။

သူဌေးကြီးကလည်း သွားမယ့်ခရီး ကို မသွားတော့ပါဘူး။ ဒါနဲ့ ညစောင့် ဒရုဝမ်ကိုခေါ်ပြီး "မောင်ရင်က ငါ့အသက် အန္တရာယ် ကို ကယ်လိုက်တယ်၊ ကျေးဇူးရှိတယ်"ဆိုပြီး ဆုငွေများစွာ ဆုချ လိုက်ပါတယ်။ ပြီးတော့ "ဒီနေ့ကစပြီး မောင်ရင့်ကို အလုပ် ဖြုတ်လိုက်ပြီ"လို့ တစ်ဆက်တည်း ပြောလိုက်ပါတယ်။

မေးခွန်းက "ဆုချပြီး ဘာဖြစ်လို့ အလုပ်ဖြုတ်လိုက်တာလဲ" ဆိုတဲ့ မေးခွန်းပါ။ ကလေးတွေအတွက် စဉ်းစားရတာ ပျော်ဖို့ ကောင်းတဲ့ မေးခွန်းတစ်ခုပါပဲ။

အဋ္ဌကထာတွေမှာတော့ အိပ်မက် မက်ရခြင်း အကြောင်း (၄) ပါးကို ဖွင့်ပြ ထားပါတယ်။

၁။ ဓာတုက္ခောဘတော = ဓာတ်ချောက်ချားခြင်းကြောင့် အိပ်မက်ခြင်း။

၂။ အနုဘူတပုဗ္ဗတော = ရှေ့က လေ့ကျက်ခဲ့စားခဲ့ဖူးသော ကြောင့် အိပ်မက်ခြင်း။

၃။ ဒေဝတောပသံဟာရတော = နတ်တို့၏ ဆောင်ပြခြင်း ကြောင့် အိပ်မက်ခြင်း။

၄။ ပုဗ္ဗနိမိတ္တတော = ရှေ့ဖြစ်လာမယ့် ပုဗ္ဗနိမိတ်ကြောင့် အိပ်မက်ခြင်း။

အိပ်မက်မက်ရခြင်း အကြောင်း(၄)မျိုးထဲမှာ ဓာတ်ချောက်ချား ခြင်းကြောင့် မက်တဲ့ အိပ်မက်ရယ်၊ ရှေ့က လေ့ကျက်ခဲ့စားဖူးလို့

http://www.dhammadownload.com

မက်တဲ့ အိပ်မက်ရယ်ကတော့ လူအများစု မကြာခဏ မက်နေတဲ့ အိပ်မက်တွေလို့ ထင်ပါတယ်။ ခေတ်ချောက်ချားခြင်းကြောင့် မက်တယ်ဆိုတာက အစားအသောက်၊ ဆေးဝါး၊ အိပ်ရာနေရာ မညီညွတ်မှု စသည်တွေကြောင့် တောင်ပေါ်က အောက်ပြုတ်ကျသလို ကောင်းကင်ပေါ်မှာ ပျံဝဲနေသလို ကြောက်စရာလန့်စရာတွေကို မက်တာပါတဲ့။ ရှေ့က လေ့ကျက် ခံစားဖူးရင်လည်း ခံစားခဲ့ဖူးတာ တစ်ခုကို စိတ်စွဲပြီး မက်တတ်ကြတာပါ။ ဒီအိပ်မက်နှစ်ခုကတော့ မမှန်ပါဘူးလို့ အဋ္ဌကထာက ဖွင့်ပြထားပါတယ်။

နတ်တွေ ဆောင်ပြလို့ မက်တာကျတော့ နတ်တွေက ချစ်လို့ အကျိုးလိုလားလို့ရယ်၊ မုန်းလို့ အကျိုးမလိုလားလို့ ဒုက္ခရောက်စေလိုလို့ အိပ်မက်ပေးတတ်ကြပါတယ်။ ဒီအိပ်မက်ကျတော့ ချစ်လို့ အိပ်မက် ပေးတာကမှန်ပြီး၊ မုန်းလို့ အိပ်မက်ပေးတာက မမှန်ဘူးလို့ ဖွင့်ပြထားပါတယ်။

ရှေ့ဖြစ်လာမယ့် ပုဗ္ဗနိမိတ်ကြောင့် အိပ်မက်တာကျတော့ ကုသိုလ်ကံရဲ့ အစွမ်းသတ္တိကြောင့် ကောင်းကျိုးဖြစ်ဖို့ ရှေ့ပြေးနိမိတ်အဖြစ် မက်တာရယ်၊ အကုသိုလ်ကံရဲ့ အစွမ်းသတ္တိကြောင့် မကောင်းကျိုး အပြစ်သာဖြစ်ဖို့ ရှေ့ပြေးနိမိတ်အဖြစ် မက်တာရယ်ပါ။ ဒီအိပ်မက်ကတော့ မှန်တယ်လို့ အဋ္ဌကထာက ဆိုထားပါတယ်။ ဒါကတော့ အဂ္ဂိတ္ထိရ် အဋ္ဌကထာ မဟာသုပိနသုတ်အဖွင့်မှာ ပြထားတာလေးတွေပါ။ အခြားကျမ်းတွေမှာလည်း အလားတူ ဖွင့်ပြထားပါသေးတယ်။ ဒါကိုကြည့်ပြီး အိပ်မက်တွေက မှန်တဲ့အိပ်မက်တွေ ရှိသလို မမှန်တဲ့ အိပ်မက်တွေလည်း ရှိတယ်လို့ သိရပါတယ်။

http://www.dhammadownload.com

ရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်များကတော့ ဝိပလ္လာသတရား (၃) မျိုးကို အကြွင်းမဲ့ ပယ်ပြီးဖြစ်လို့ အိပ်မက်မမက်တော့ပါဘူး။ လောကမှာ အိပ်မက်မမက်တဲ့သူဆိုလို့ ရဟန္တာပုဂ္ဂိုလ်ပဲရှိပါတယ်။

တစ်ခါက ရဟန္တာလို့ အပြောများနေတဲ့ ဆရာတော်ကြီးတစ်ပါးကို ဒကာတစ်ယောက်က လူရှင်းချိန်မှာ "ဆရာတော် အိပ်မက်မက်သေးလားဘုရား"လို့ မေးပါသတဲ့။ ဒီတော့ ဆရာတော်ကြီးက "ဆရာတော် အိပ်မက်မက်ပါသေးတယ်"လို့ ပြန်ဖြေပါသတဲ့။

တကယ်တော့ ဒကာက ဆရာတော်ရဟန္တာ ဖြစ်ပြီလားလို့ မေးတာ ပါ။ ဒါကိုသိတဲ့ ဆရာတော်ကြီးက အိပ်မက်မက်သေးတယ်လို့ ပြန်ဖြေလိုက်တာပါ။ အိပ်မက်မက်သေးရင် ရဟန္တာမဖြစ် သေးသလို ရဟန္တာဖြစ်သွားရင်လည်း အိပ်မက်မမက်တော့ပါဘူး။ မေးသူကော ဖြေသူကော စာပေဗဟုသုတရှိတော့ စာပေက လာတဲ့ အတိုင်းပဲ အမေးအဖြေ လုပ်သွားတာပါ။

တစ်ခါတလေ ဘယ်ရဟန္တာပုဂ္ဂိုလ် အိပ်မက်အရပါဆိုပြီး စာရွက်တွေ ဝေတတ်ပါတယ်။ ဒီစာရတဲ့သူ အစောင်(၂၀) ပြည့်အောင် ပြန်ဝေပါ။ မဝေရင် ဘယ်လိုဒုက္ခရောက်မယ်၊ ဝေရင် ဘယ်လို ကောင်းကျိုးတွေ ဖြစ်မယ်ဆိုတာလည်း ပါလိုက်ပါသေးတယ်။ အခြောက်တရားနဲ့ အကြောက်တရားတွေက တွဲပါလာတော့ လက်ခံရသူမှာ အနည်းနဲ့အများတော့ စိတ်မသက်မသာဖြစ်ရပါတယ်။ ဆရာတော်ကြီးတွေရဲ့ ဩဝါဒကို ရိုးရိုးရှင်းရှင်းလေးပဲ ဝေလိုက်ရင် ဝေသူကော လက်ခံသူကော နှစ်ဦးလုံး ကုသိုလ်ဖြစ်ကြမှာပါ။

ရဟန္တာမဖြစ်သရွေ့တော့ အိပ်မက်တွေ မက်နေကြရဦးမှာပါ။ ကောင်းတဲ့အိပ်မက်တွေကော၊ မကောင်းတဲ့အိပ်မက်တွေကောပါ။

http://www.dhammadownload.com

စာပေအရဆိုရင် အိပ်မက်ကြောင့် ကောင်းကျိုးတွေဖြစ်နိုင်သလို အိပ်မက်ကြောင့် မကောင်းကျိုးတွေလည်း ဖြစ်နိုင်ပါတယ်။ အိပ်မက်ကြောင့် ကောင်းကျိုး၊ မကောင်းကျိုး ဘာမှမဖြစ်တဲ့ အိပ်မက်တွေလည်း ရှိပါတယ်။


ဘာပဲပြောပြောလေ အိပ်မက်တွေကတော့ ရဟန္တာမဖြစ်သေးသရွေ့ မက်နေကြရဦးမှာပါ။ အိပ်မက်ဆိုးတွေ မက်တဲ့အခါ စိတ်ထဲမှာ မပျော်ရင် စိတ်မသန့်ဖြစ်နေရင် ကုသိုလ်ကောင်းမှုတွေ များများပြုလုပ်ပစ်လိုက်တာကတော့ အကောင်းဆုံး ယတြာချေခြင်းပါပဲလေ။

ကျမ်းကိုး


၁။ အိပ်မက်အကြောင်းသိကောင်းစရာ။
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
၂။ မဟာသုတဒီပနီကျမ်း (ပထမတွဲ)။ဘဒ္ဒန္တ ကုဏ္ဍလ
၃။ ထေရီထေရာရဟန္တာပုဂ္ဂိုလ်ကြီးများ။
ဝဏ္ဏသီရိ

News Watch
စောင့်ကြည့်သတင်းဂျာနယ်၊
၁၇-၂-၂၀၁၈။

http://www.dhammadownload.com



http://www.dhammadownload.com



တစ်ခါတုန်းက ကဿပ ဘုရားရှင်လက်ထက်မှာ ရဟန်းတော်တစ်ပါးဟာ တရားအားထုတ်နေပါတယ်။ ပျံလွန်တော်မူတဲ့အခါ နတ်ပြည်မှာ ဖြစ်ရပါတယ်။ နတ်ပြည်က စုတေတဲ့အခါ သူဌေးသား ဖြစ်ရပါတယ်။ သူဌေးသားဖြစ်တော့ သူတစ်ပါး

ကကုသိန်းလေးတွေ
ခေတ်လောက်
ဘိုးပေါ်ခဲ့ရဖူးတယ်ကွား

http://www.dhammadownload.com

သမီးပျိုမိန်းကလေးတွေကို ငွေနဲ့ ဖျက်ဆီးပါတယ်။ အဲဒီအကုသိုလ်ကံကြောင့် အပါယ်ငရဲကျပြီး တစ်ခါ ငရဲက လွတ်လာတော့ လူ့ပြည်မှာ သူဌေးသမီးအဖြစ် ပဋိသန္ဓေ တည်ပါတယ်။ ငရဲက လာသူဖြစ်လို့ ခန္ဓာကိုယ်က ပူနေတဲ့အတွက် မိခင် ခန္ဓာကိုယ်မှာလည်း ပူပူလောင်လောင်ဖြစ်ပြီး ပင်ပင်ပန်းပန်းနဲ့ မွေးဖွားရပါတယ်။ မွေးဖွားလာချိန်ကစပြီး သူဌေးသမီးလေးကို မိဘတွေကကော၊ ဆွေမျိုးသားချင်းတွေကကော ဘယ်သူမှ မချစ်ကြပါဘူး။ အရွယ်ရောက်လာလို့ အိမ်ထောင်ကျပြန်တော့လည်း လင်ယောကျ်ားက မချစ်သလို ယောကျ်မတွေကလည်း မချစ်ပြန်ပါဘူး။ အဲဒီအတွက် သူဌေးသမီးလေးမှာ နေ့စဉ် စိတ်ဆင်းရဲနေရပါတယ်။

တစ်နေ့မှာတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးက နိရောဓသမာပတ်က ထပြီး ဆင်ခြင်တဲ့အခါ "ဒီမိန်းကလေးက ငါ့ကို ပူဇော်မှုနဲ့ ကုသိုလ်ကောင်းမှုပြုရင် အကုသိုလ်ဝဋ်ကြွေးတွေ ကုန်သွားလိမ့်မယ်" ဆိုပြီး သူဌေးသမီးရှိရာကို ကြွပေးပါတယ်။

သူဌေးသားမယားဖြစ်တဲ့ သူဌေးသမီးလေးဟာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ သပိတ်ကို ယူလိုက်ပါတယ်။ ဆွမ်းဟင်းတွေနဲ့ အချိုပွဲတွေကို သပိတ်ထဲထည့်ပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ပြန်ကပ်လှူပါတယ်။ ပြီးတော့ ပဒုမ္မာကြာပန်းစည်းကို လက်ကကိုင်ထားပြီး ဆု (၅)ဆုကို တောင်းပါတယ်။

"အရှင်ဘုရား ဤကုသိုလ်ကောင်းမှုကြောင့် ဤကြာပန်းကဲ့သို့ လူအပေါင်းက တပည့်တော်ကို ချစ်ခင်မြတ်နိုးသူ ဖြစ်ရပါလိုစေ၊ ဘုရား။

http://www.dhammadownload.com

နောက်ဘဝ အမိဝမ်းမှာ ပဋိသန္ဓေမနေရဘဲ ပဒုမ္မာကြာပန်းမှာ သာ ပဋိသန္ဓေ နေရပါလို၏ဘုရား။

နောက်ဘဝယောကျ်ားဖြစ်ရပါလို၏ဘုရား။

ယောကျ်ားဘဝနဲ့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရာ အရဟတ္တဖိုလ်ကို ရရပါလို၏ဘုရား"

ဆု (၄)ဆုတောင်းပြီးတော့ ကိုင်ထားတဲ့ ကြာပန်းစည်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူလိုက်ပြီး ဦးချကန်တော့ပါတယ်။ ပြီးတော့ (၅)ခု မြောက်ဆုကို ဆက်တောင်းလိုက်ပါတယ်။

"ဤကြာပန်းကဲ့သို့ ဘုရားတပည့်တော်ရဲ့ ခန္ဓာကိုယ်ဟာလည်း ကိုယ်နဲ့သင်းပြီး အဆင်းလှရပါလို၏ဘုရား"

အရှင်မြတ်ကလည်း "သင်တောင်းတဲ့ဆုတွေ လျင်မြန်စွာ ပြည့်ပါစေ" လို့ ဆုပြန်ပေးလိုက်ပါတယ်။

မကြာခင် ကာလမှာပဲ လင်ယောကျ်ားကော ယောကျ်မတွေကော မိဘဆွေမျိုးတွေကော လူအပေါင်းက သူဌေးသမီးလေးကို ချစ်ခင်မြတ်နိုးလာကြပါတယ်။

သက်တမ်းစေ့လို့ ကွယ်လွန်တဲ့အခါ ဘုရင့်ဥယျာဉ်တော်ရေကန်ထဲက ပဒုမ္မာကြာချပ်မှာ ယောကျ်ားအဖြစ် ပဋိသန္ဓေတည်ရပါတယ်။ ဘုရင်နဲ့ မိဖုရားက သားတော်အဖြစ် မြှောက်စားလိုက်တဲ့ အတွက် နန်းတွင်းသူ နန်းတွင်းသားတွေက လွန်လွန်ကဲကဲနဲ့ ပြုစုစောင့်ရှောက် ကျွေးမွေးကြပါတယ်။ တစ်တိုင်းပြည်လုံးကလည်း ဝိုင်းချစ်ကြပြီး ဟိုလူက စားစရာလာပို့၊ ဒီလူက စားစရာလာပို့နဲ့ သည်း သည်းလှုပ် ဝိုင်းဂရုစိုက်နေကြပါတယ်။

http://www.dhammadownload.com



အလိုမကျတဲ့ဘဝတစ်ခုအတွက် ဒီအတိုင်းထိုင်စိတ်ညစ်နေမယ့် အစား ဒီဘဝအတွက်ပဲ ဖြစ်ဖြစ်၊ နောက်ဘဝအတွက်ပဲ ဖြစ်ဖြစ် ကုသိုလ်ကောင်းမှုပြု ဆုတောင်းပြီး ထွက်ပေါက်ရှာလို့ ရတယ်ဆိုတဲ့ အားကျစရာ သာဓကတစ်ခုပါပဲ။

ဒီတော့ မင်းသားလေးမှာ နေ့စဉ် လူများစွာရဲ့ ပြုစုစောင့်ရှောက်မှုကို ခံနေရတဲ့အတွက် ကိုယ့်စိတ်နဲ့ကိုယ် လွတ်လပ်မှု မရှိတော့ပါဘူး။ ကြာလာတော့ စိတ်တွေ ငြီးငွေ့လာပါတယ်။ စိတ်တွေ ငြီးငွေ့လွန်းလို့ တံခါးမုခ်ဝဘက်ကို ထွက်ခဲ့လိုက်ပါတယ်။ ထွက်လာရာ လမ်းမှာပဲ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို တွေ့လို့ "အရှင်ဘုရားရယ် ဒီဘက်ကို မလာပါနဲ့၊ လူတွေ များလွန်းပါတယ်ဘုရား။ ဟိုဟာစားပါ၊ ဒီဟာစားပါနဲ့ အရှင်ဘုရားကို ပြောလိမ့်မယ်ဘုရား" လို့ လျှောက်တော့ အရှင်မြတ်က လာလမ်းအတိုင်း ပြန်လှည့်သွားပါတယ်။

ဒီတော့ မင်းသားလေးက "ငါ့ကို ပစ္စေကဗုဒ္ဓါအရှင်မြတ် စိတ်ဆိုးသွားပြီ" ဆိုပြီး ကျောင်းကို လိုက်သွားပါတယ်။ လမ်းမှာ လွတ်လပ်စွာ မြက်စားနေကြတဲ့ သမင်လေးတွေကို တွေ့ပြီး "ငါလည်း ဒီသမင်လေးတွေလို အစောင့်အရှောက် မရှိဘဲ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး နေရရင် ကောင်းမှာပဲ" လို့ သံဝေဂအဖြစ် ဆင်ခြင်ပါတယ်။ ဆင်ခြင်ရင်းနဲ့ သံဝေဂ

http://www.dhammadownload.com

ဉာဏ်တွေဖြစ်ပြီး ဝိပဿနာတရားကို ဆက်လက်အားထုတ်လိုက်တာ ပစ္စေကဗုဒ္ဓါအရှင်မြတ် ဖြစ်သွားပါ တော့တယ်။

(သုတ္တနိပါတ်၊ အဋ္ဌကထာပထမတွဲ၊ စာမျက်နှာ – ၆၈)

ထေရီထေရာအရှင်မြတ်တွေ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေရဲ့ ဖြစ်တော်စဉ်တွေကို ကြည့်ရင် သက်မဲ့တွေ၊ တိရစ္ဆာန်တွေ၊ လူတွေ၊ ကိုယ့်မှာဖြစ်နေတဲ့ အကုသိုလ်တွေ၊ သူများမှာ ဖြစ်နေတဲ့ အကုသိုလ်တွေကို ကြည့်ပြီး ဆင်ခြင်ရင်း သံဝေဂဉာဏ်တွေဖြစ်၊ ဝိပဿနာဘက်ကူးသွားပြီး တရားထူးတရားမြတ်ရသွားကြတဲ့ သာဓကဝတ္ထု တော်တော်များများကို တွေ့ရပါတယ်။

ပါရမီပါခဲ့သူတွေအတွက်ကျတော့ သက်ရှိသက်မဲ့ အရာအားလုံးဟာ ဆင်ခြင်ဖို့၊ သံဝေဂဖြစ်ဖို့၊ ဝိပဿနာ ကူးဖို့၊ တရားရဖို့ အထောက်အပံ့ကောင်းတွေ ဖြစ်ဖြစ်နေတတ်ပါတယ်။ သမင်လေးတွေက သူ့ဘာသာသူ မြက်စားနေတာပါ။ မင်းသားလေးကို သတိပြုချင်မှ ပြုမိမှာပါ။ တရားရသွားပုံက ဘေးကနေကြည့်ရင် အဆန်းကြီး ဖြစ်နေပါတယ်။

ပါရမီတွေမပြည့်သေးလို့ တရားထူး မရနိုင်သေးရင်တောင် ဆင်ခြင်တာရယ်၊ ဝိပဿနာကူးတာရယ်ကိုတော့ ကျင့်စဉ် တစ်ခုအနေနဲ့ လုပ်ကြည့်လို့ ရပါတယ်။ အဲဒီအချိန် ခဏလေးမှာ အကုသိုလ်လေးတွေ မဝင်တာတော့ အသေအချာပါပဲ။ နောင်သံသရာအတွက်လည်း အထုံပါရမီ ဖြစ်သွားပါလိမ့်မယ်။

သူဌေးသမီးလေးဟာ လက်တွေ့ခံစားနေရတဲ့ ခံစားမှုကို အခြေခံပြီး ဆု (၅)ဆုကို တစ်ထိုင်တည်း တောင်းခဲ့လိုက်တာပါ။ ဒီဘဝရနိုင်တဲ့ဆုကို ဒီဘဝအတွက် ဆုတောင်းပြီး ဒီဘဝမရနိုင်တဲ့

http://www.dhammadownload.com

နောက်ဘဝတွေမှာမှ ရနိုင်တဲ့ ဆုတွေကိုတော့ နောက်ဘဝအတွက်ပါ ခွဲပြီး တောင်းသွားပါတယ်။ ဆု (၅)ဆု ကို ဒီဘဝအတွက်နဲ့ နောက်ဘဝအတွက် ခွဲပြီး တောင်းသွားတဲ့ သဘောပါ။ နောက်ဘဝတွေကျတော့လည်း တောင်းတဲ့အတိုင်း ပြည့်သွားပါတယ်။ သူ့ရဲ့ လိုအပ်ချက်နဲ့ လိုချင်တာကိုပဲ ရွေးပြီး ဆုတောင်းသွားတာပါ။

အလိုမကျတဲ့ ဘဝတစ်ခုအတွက် ဒီအတိုင်း ထိုင်စိတ်ညစ်နေမယ့်အစား ဒီဘဝအတွက်ပဲဖြစ်ဖြစ်၊ နောက်ဘဝအတွက်ပဲဖြစ်ဖြစ် ကုသိုလ်ကောင်းမှုပြု ဆုတောင်းပြီး ထွက်ပေါက်ရှာလို့ရတယ်ဆိုတဲ့ အားကျစရာ သာဓကတစ်ခုပါပဲ။ မကျေနပ်တဲ့ ဘဝတစ်ခုကို ဒီအတိုင်း ထိုင်ပြီး စိတ်ညစ်နေမယ်ဆိုရင်တော့ အကုသိုလ်ပဲ အချိန်အတော်များများ ဖြစ်နေတော့မှာပါ။ စိတ်ညစ်ရင် အကုသိုလ်ဖြစ်မယ်၊ အကုသိုလ် ဖြစ်ရင် စိတ်ညစ်မယ်။ စိတ်ညစ်တော့ အကုသိုလ်ဖြစ်၊ အကုသိုလ်ဖြစ် တော့ စိတ်ညစ်နဲ့ ထွက်ပေါက်မရှိဘဲ လည်နေတော့တာပါ။ ကလေးတွေ ပြောသလိုပါပဲ။ "ဆုတောင်းလေ ဆုတောင်းလေ"လို့ပဲ ပြောရတော့မှာပါပဲ။ တကယ်လည်း ကုသိုလ်ကောင်းမှုပြုပြီး ဆုတောင်းရမှာပါ။ အဓိကကတော့ အကုသိုလ်လေးတွေ အိပ်ပျော်နေဖို့ပါပဲ။

မြတ်စွာဘုရားရှင်က သဂါထာဝဂ်၊ သံယုတ်ပါဠိတော်၊ ဇာဂရ သုတ်မှာ "သဒ္ဓါစတဲ့ ကုသိုလ်တရားတွေ နိုးကြားနေရင် နိဝရဏ အကုသိုလ်တရားတွေ အိပ်ပျော်နေတယ်။ နိဝရဏ အကုသိုလ်တရားတွေ အိပ်ပျော်နေရင် သဒ္ဓါစတဲ့ ကုသိုလ်တရားတွေ နိုးကြားနေတယ်" လို့ ဟောပြထားပါတယ်။

http://www.dhammadownload.com

ကုသိုလ်၊ အကုသိုလ်နှာမည်နဲ့ ခွဲပြောမယ်ဆိုရင်တော့ ကုသိုလ်လေးတွေ လုပ်နေချိန်ဟာ အကုသိုလ်လေးတွေ အိပ်ပျော်နေတာပါ။ အကုသိုလ်စိတ်ကလေးတွေ ဖြစ်နေချိန်ဟာ ကုသိုလ်လေးတွေ အိပ်ပျော်နေတာပါ။

ဒီတော့ အကုသိုလ်လေးတွေ ခဏလောက် အိပ်ပျော်နေဖို့ ဘုရားရေချမ်းကပ်တာ၊ ပန်းကပ်တာ၊ ပဋ္ဌာန်းရွတ်တာ၊ ဂါထာရွတ်တာ၊ ဂုဏ်တော်ပွားတာ၊ မေတ္တာပွားတာ၊ ဝိပဿနာပွားတာ စသည်တွေ လုပ်နေလိုက်ဖို့ပါပဲ။ ဥပမာ– ဘုရား သောက်တော်ရေကပ်တယ် ဆိုရင်လည်း သောက်တော်ရေခွက်စွန့်တာ၊ သောက်တော်ရေခွက်ကို ဆပ်ပြာနဲ့ သေချာဆေးကြောတာ၊ ဆေးပြီးလို့ ဘုရားစင်ပေါ်တင်တာ ရေချမ်းလေးတွေ သောက်တော်ရေခွက်ထဲကို မောက်မောက်လျှံလျှံလေး ထည့်လိုက်တာ၊ ပြီးတော့ ဦးချပြီး လိုချင်တာဆုတောင်းတာ၊ အဲဒီအချိန်လေးတွေမှာ ကုသိုလ်စိတ်လေးတွေ ဖြစ်နေတဲ့အတွက် အကုသိုလ်လေးတွေ ခဏလောက် အိပ်ပျော်နေတဲ့အချိန်လေးတွေပါပဲ။

ဒီလိုပါပဲ။ ပန်းကပ်နေတဲ့အချိန်လေးတွေ၊ ပဋ္ဌာန်းရွတ်နေတဲ့အချိန်လေးတွေ၊ ဂုဏ်တော်၊ မေတ္တာပွားနေတဲ့အချိန်လေးတွေဟာ အကုသိုလ်လေးတွေ ခဏလောက် အိပ်ပျော်နေတဲ့အချိန်လေးတွေပါ။ အကုသိုလ်လေးတွေ ခဏဖြစ်ဖြစ် အိပ်ပျော်နေရင် ဘဝက နေရထိုင်ရတာ သက်သက်သာသာ ရှိပါတယ်။ ရထားတဲ့ ဘဝတစ်ခုအတွက်လည်း ကျေကျေနပ်နပ်ရှိပါတယ်။ ဒါကြောင့် အကုသိုလ်လေးတွေ ခဏလောက် အိပ်ပျော်နေဖို့ နှစ်သက်ရာ ကုသိုလ်လေးတွေ မကြာခဏ လုပ်လုပ်နေဖို့ပါပဲ။

http://www.dhammadownload.com

အကုသိုလ်လေးတွေ အိပ်ပျော်တယ်ဆိုတာကလည်း ခဏလောက်ပါပဲ။ ကုသိုလ်လေးတွေ အိပ်ပျော်တာနဲ့ သူတို့က နိုးလာတော့တာပါ။ အကုသိုလ်လေးတွေ နိုးလာရင် စိတ်ဆင်းရဲရတော့တာပါပဲ။ အကုသိုလ်လေးတွေ ထာဝရအိပ်ပျော်သွားရင်တော့ အကောင်းဆုံးပါပဲ။ ထာဝရအိပ်ပျော်သွားဖို့ကျတော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရမှပဲ ထာဝရအိပ်ပျော်သွားတော့မှာပါ။

အကုသိုလ်လေးတွေ နိုးတာကလည်း မနက်ပိုင်း နေ့ခင်းပိုင်းတွေမှာ နိုးတာက ကုသိုလ်တစ်ခုခု ထလုပ်လိုက်ရင် သက်သာနိုင်ပါသေးတယ်။ အဲဒီလိုမှ မဟုတ်ဘဲ ညအိပ်ရမယ့်အချိန် အိပ်ရာထဲမှာ အကုသိုလ်လေးတွေ နိုးနေရင် အိပ်မရတော့ဘဲ ဒုက္ခရောက်ရတော့တာပါ။ သူအိပ်မှ ကိုယ်လည်း အိပ်လို့ ရမှာပါ။ အိပ်ရမယ့်အချိန်မှာ အိပ်မပျော်တာ တော်တော်ဒုက္ခရောက်ရတာပါ။ အထူးသဖြင့် အိပ်မပျော်ရင် အတွေးတွေ များတော့တာပါ။ တွေးတဲ့အတွေးတွေကလည်း အကုသိုလ် အတွေးတွေပဲ ဖြစ်ဖြစ်နေတတ်တာ များပါတယ်။ ဒီတော့ အိပ်ပျော်ဖို့ အိပ်ဆေးသောက်ရပါတယ်။ အိပ်ဆေးသောက်လို့ အိပ်ပျော် သွားပေမယ့် မနက်ထတော့ လူက မလန်းတော့ပါဘူး။ လူမလန်းရင် အလုပ်လုပ်ရတာ ပတ်ဝန်းကျင်နဲ့ ဆက်ဆံရတာ အဆင်မပြေတော့ပါဘူး။

ဒါကြောင့် အိပ်ရာထဲမှာ အကုသိုလ်စိတ်ကလေးတွေရဲ့ ခေါ်ဆောင်ရာ အကုသိုလ်အတွေးတွေ နောက်ကို ကောက်ကောက်ပါအောင် လိုက်မသွားဖို့ပါဘဲ။ အကုသိုလ်အတွေးတွေ နောက်လိုက်မသွားဘဲ ဖြစ်လာတဲ့အကုသိုလ်အတွေးကို "တွေးတယ်၊ တွေးတယ်" လို့ သိသိပေးနေရင်း အိပ်ပျော်သွားမယ်ဆိုရင်တော့ ဘုရားပေးတဲ့

http://www.dhammadownload.com

အကောင်းဆုံး အိပ်ဆေးပါပဲ။ တကယ်တော့ လူတိုင်း လူတိုင်းမှာ အပူတစ်ခုစီတော့ ရှိကြတာပါပဲ။ ကိုယ် တစ်ယောက်တည်းပဲ ရှိနေတာတော့ မဟုတ်ပါဘူး။

လူပဲဖြစ်ဖြစ်၊ ရဟန်းပဲ ဖြစ်ဖြစ် စားဝတ်နေရေး ဆိုတာက ရှိနေပါသေးတယ်။ အဲဒီ စားဝတ်နေရေးဆိုတာတွေကို ဝတ္တရားတစ်ခုအနေနဲ့ ဖြတ်သန်းနေရပါတယ်။ ဖြတ်သန်းတဲ့အခါမှာ အကုသိုလ်လေးတွေ နိုးနေရင် ဖြတ်သန်းရတာ ပင်ပန်းလှပါတယ်။ တစ်ခါတလေ ဖြစ်နိုင်ရင် ဘဝကို ပုံစံတစ်မျိုးနဲ့ တစ်ကယ်ပြန်စချင်ကြတာပါ။ ဖြစ်နိုင်တာ ရှိသလို မဖြစ်နိုင်တာလည်း ရှိပါတယ်။ ဒီတော့ နောက်ဘဝဆိုတဲ့ မျှော်လင့်ချက်က ပေါ်လာတော့တာပါ။ နောက်ဘဝ အဆက်ဆက်



ဒီတော့အကုသိုလ်လေးတွေဝဏ်းလောက်
အိပ်ပျော်နေဖို့ဘုရားရေချမ်းကပ်တာ၊
ပန်းကပ်တာ၊ပဋ္ဌာန်းရွတ်တာ၊ဂါထာရွတ်တာ၊
ဝုဏ်တော်ပွားတာ၊မေတ္တာပွားတာ၊
ဝိပဿနာပွားတာစသည်တွေ
လုပ်နေလိုက်ဖို့ပါပဲ။

http://www.dhammadownload.com

အတွက်လည်း ကုသိုလ် ကောင်းမှုပြုပြီး သေချာဆုတောင်းရတော့မှာပါပဲ။

အလိုမကျတဲ့ဘဝတစ်ခုအတွက် အိပ်ရာထဲမှာ ခွေခွေလေးကွေးပြီး စိတ်ညစ်အကုသိုလ်ဖြစ်နေမယ့်အစား ကုသိုလ်ကောင်းမှုပြုပြီး ဆုတောင်းလိုက်တာကတော့ မြတ်စွာဘုရားပေးတဲ့ ထွက်ပေါက်တစ်ခုပါပဲ။

ဘဝတွေက ခက်တော့ အခက်သားပါပဲ။ ဘဝဆိုတဲ့ သံသရာခရီးကို ဖြတ်သန်းတဲ့အခါမှာ တစ်ယောက်တည်း ဖြတ်သန်းလို့ မရပြန်ပါဘူး။ အလွှာစုံနဲ့ ဖြတ်သန်းရမှာပါ။ ဖြတ်သန်းတဲ့အခါ ပါရမီဖြည့်ဖက်ကောင်းတွေနဲ့ တွေ့ဖို့ပါပဲ။ ပါရမီဖြည့်ဖက်ကောင်းတွေနဲ့ တွေ့တဲ့အခါ အကုသိုလ်လေးတွေ အိပ်ပျော်နေပြီး ကုသိုလ်လေးတွေ နိုးနေတာပါ။ ဒါဆိုဘဝက နေသာထိုင်သာ ရှိပါတယ်။ ဘဝမှာ ပါရမီဖြည့်ဖက်ကောင်းတွေ တွေ့ဖို့ကလည်း အရေးကြီးပြန်တာပါပဲ။ ဒီဘဝအတွက်တင်မကဘဲ ဘဝအဆက်ဆက်အတွက်ပါလိုအပ်တာပါ။ မြတ်စွာဘုရားရှင်၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ ယသော်ဓရာ၊ ဘဒ္ဒါကာပိလာနီစသည် စသည် အရှင်မြတ်တွေဟာ အားကျစရာပါရမီဖြည့်ဖက်ကောင်းတွေပါ။ သံသရာမှာ တွေ့ဆုံခိုက်တိုင်း တစ်ဦးအကျိုးကိုတစ်ဦး အပြန်အလှန် ဆောင်ရွက်ပေးခဲ့ကြတာပါ။

ဒီလိုပါပဲလေ။ ဘဝတွေက ဒီလိုနဲ့ပဲ သေသွားကြရတာပါပဲ။ မသေခင်လေး ကျေနပ်တဲ့ အလုပ်လေးတွေကို ကျေကျေနပ်နပ် လုပ်ဖြစ်လိုက်ဖို့ပါပဲ။ မိဘကို သိန်းတစ်ရာပေးလိုက်တာ၊ မိတ်ဆွေ

http://www.dhammadownload.com

သူငယ်ချင်းကို သိန်းတစ်ရာပေးလိုက်တာ၊ ရွာမှာ မူလတန်းကျောင်း ဆောက်လိုက်တာ၊ ဆေးရုံဆောက်ပေးလိုက်တာ၊ ကျောင်းဆောက်တာ၊ သိမ်ဆောက်တာ၊ လမ်းခင်းပေးလိုက်တာ၊ ရေတွင်း တူးပေးလိုက်တာ သစ်ပင်စိုက်တာ စသည် စသည်ဖြင့် ကျေနပ်စရာတွေကို လုပ်ပစ်လိုက်ဖို့ပါပဲ။ ဒါဆို တရားထူးတရားမြတ်တွေ မရသေးဦးတော့ ဘဝမှာ ကျေနပ်စရာတွေ လုပ်ပြီးပြီဆိုတော့ သက်တမ်းစေ့လို့ သေမယ်ဆိုလည်း သေပျော်ပါပြီ။ သေခါနီးမှာ ကျေနပ်စရာအလုပ်တွေ ကျေကျေနပ်နပ်ကြီး လုပ်ပြီးနေဖို့ပါပဲ။

ဘာပဲပြောပြောလေ အကုသိုလ်လေးတွေ ခဏလောက် အိပ်ပျော်နေဖို့ နှစ်သက်ရာ ကုသိုလ်လေးတွေကို နေ့စဉ် လုပ်ဖြစ် လုပ်ဖြစ်နေဖို့ပါပဲလေ။


ကျမ်းကိုး

၁။ ပိဋကတ်အနှစ်ချုပ် သုတ္တနိပါတ်။
မမွာစရိယဦးမောင်မောင်လေး။

News Watch
စောင့်ကြည့်ဂျာနယ်
၃၁-၃-၂၀၁၈။

http://www.dhammadownload.com

http://www.dhammadownload.com



တစ်ခါတုန်းက ခရီးသွား ယောကျ်ား တစ်ယောက်ဟာ ကွင်းပြင်တစ်ခုကို ဖြတ်သန်း နေတုန်း ကျားတစ်ကောင်နဲ့ ပက်ပင်းတွေ့လိုက်ရ ပါတယ်။ ခရီးသွားယောကျ်ားက ထွက်ပြေးရင်း ချောက်ကမ်းပါးတစ်ခု ရောက်တော့ နွယ်ရိုင်းပင် တစ်ခုကို လှမ်းဆွဲပြီး သူ့ခန္ဓာကိုယ်ကို ချောက် ကမ်းပါးအောက်ကို လွှဲချလိုက်ပါတယ်။

ကျားက ချောက်ကမ်းပါးပေါ်ကနေ အနံ့ခံ နေပါတယ်။ ခရီးသွား ယောကျ်ားက တုန်လှုပ် ချောက်ချားနေပြီး အောက်ငုံ့ကြည့်လိုက်တော့ အောက်မှာ နောက်ကျားတစ်ကောင်က သူ့ကိုစားဖို့ အသင့်စောင့်နေပါတယ်။ ကိုင်ထားတဲ့ နွယ်ရိုင်းပင် ကြီးကသာ သူ့အတွက် အားထားရာ ဖြစ်နေ ပါတယ်။ အဲဒီအချိန်မှာ ကြွက်ဖြူ ကြွက် မည်း နှစ်ကောင်ကလည်း နွယ်ရိုင်းပင်ကို နည်း နည်းချင်း ကိုက်ဖြတ်နေပါတယ်။

http://www.dhammadownload.com

အန္တရာယ်နဲ့ ဒုက္ခမျိုးစုံတွေ့ကြုံနေတုန်း လက်အနီးမှာ စားချင်စဖွယ် စတော်ဘယ်ရီသီးကို တွေ့လိုက်ရပါတယ်။ ဒီတော့ လက်တစ်ဖက်က နွယ်ရိုင်းပင်ကို မြဲအောင်ကိုင်ပြီး ကျန်လက်တစ်ဖက်က စတော်ဘယ်ရီသီးကို လှမ်းခူးပြီး စားလိုက်ပါတယ်။ ပြီးတော့ စကားတစ်ခွန်း ပြောလိုက်ပါတယ်။

"အလွန်အရသာရှိတဲ့ စတော်ဘယ်ရီသီးလေးရယ်"။

(101 ZEN STORIES)

ဘဝဆိုတာ ဘာလဲဆိုတာလေးကို ဖွင့်ပြထားတဲ့ ဂျပန်ဇင်ပုံပြင်လေးပါ။ ဒုက္ခမျိုးစုံဝန်းရံထားတဲ့ ဘဝတိုတိုလေးမှာ ပျော်အောင်နေတတ်ဖို့ သာဓကပြ ပုံပြင်လေးပါ။ ဒီထက်ကျယ်ပြန့်တဲ့ အတွေးတွေလည်း ရှိနိုင်ပါတယ်။ ကိုယ်တွေးတတ်သလို ဆက်တွေးရဲပါပဲ။ ပုံပြင် ဇာတ်ဆောင် အမျိုးသားကတော့ အန္တရာယ် ဒုက္ခမျိုးစုံကြားထဲက စတော်ဘယ်ရီသီးလေးကို ပျော်ပျော်ကြီး စားသွားခဲ့ပါတယ်။

ဒီတော့ ဒုက္ခတောထဲက ဘဝတစ်ခုအတွက် ပျော်အောင် ဘယ်လိုနေမလဲ။

အဖြေကတော့ အမျိုးမျိုး ထွက်လာနိုင်ပါတယ်။ အဖြေထုတ်တဲ့အခါ သူတစ်ပါးကို မထိခိုက်တဲ့ မူဘောင်ထဲက ထုတ်ရမှာပါ။ စိတ်ခံစားမှုမျိုးစုံ ရှိနေကြတဲ့အတွက် အဖြေမျိုးစုံ ထွက်လာနိုင်ပါတယ်။ ကိုယ့်ဘဝနဲ့ ကိုက်ညီတဲ့ အဖြေကို စဉ်းစားရမှာပါ။ ကိုယ်ရထားတဲ့ဘဝနဲ့ ယှဉ်ပြီး စဉ်းစားရမှာပါ။ တစ်ခါတလေကျတော့လည်း ဘဝတွေက ဘယ်လိုပြောရမှန်းတောင် မသိတော့

http://www.dhammadownload.com

ပါဘူး။ စဉ်းစားရင်းစဉ်းစားရင်းနဲ့ပဲ ဘဝတွေက ပြီးသွားခဲ့ပါတယ်။ မနက်စောစောအိပ်ရာနိုးစနဲ့ တရားထိုင်ပြီးစ အချိန်လေးတွေမှာ စဉ်းစားရင် မှန်တဲ့အဖြေလေးတွေ တွေးမိတတ်ပါတယ်။

တရားသဘောအရ တစ်သက်လုံး ကုသိုလ်တွေနဲ့ ပျော်အောင် နေသွားနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ဒါပေမဲ့ ပုထုဇဉ် လူသား တစ်ယောက်အနေနဲ့ စားဝတ်နေရေးဆိုတာကြီးက နေ့စဉ် ရှိနေတဲ့ အတွက် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်ရပါဦးမယ်။ ဒီတော့ တစ်သက်လုံး အကြားမရှိ ကုသိုလ်တွေနဲ့ နေသွားဖို့ကျ တော့လည်း မလွယ်လှပြန်ပါဘူး။

လူ့ဘဝသက်တမ်း ယေဘုယျ(၇၅)နှစ်ဆိုပေမယ့် ရောက်နေ တဲ့ အသက်နဲ့တွက်ရင် လက်ကျန်က ဘာမှမကျန်တော့သလို ဒီကြားထဲမှာလည်း ငေါက်ခနဲ သေသွားနိုင်ပါတယ်။ မနက်ဖြန်တောင် သေချင် သေသွားနိုင်ပါတယ်။

မခိုင်မြဲတဲ့ ဘဝတိုတိုခရီးလေးမှာ စိတ်ညစ်စရာတွေ တွေး စိတ်ညစ်စရာတွေ ပြောပြောနေမယ်ဆိုရင်တော့ ပုံပြင်ထဲကအတိုင်းဆို ဘဝက အဓိပ္ပာယ်မဲ့နေပါတယ်။ ပိုက်ဆံတွေ၊ ကျော်ကြားမှုတွေ၊ ရာထူး ဌာနန္တရတွေတော့ အများကြီး ရှိနေပါရဲ့။ ဒါပေမဲ့ နေ့စဉ် စိတ်ဆင်းရဲစရာ စကားတွေ ကြားနေရမယ်။ နေ့စဉ် စိတ်ညစ်စရာ အာရုံတွေပဲ မြင်တွေ့နေရမယ်ဆိုရင် ကျားလိုက်ခံရရင်း စတော်ဘယ်ရီ သီးကို ပျော်ပျော်ကြီးစားခဲ့တဲ့ ဇင်ပုံပြင်လေးက ဘဝအတွက် အဖြေတစ်ခုပါ။ ဘဝမှာ လူတွေ အထင်ကြီးတဲ့အရာတွေ မရှိပေမဲ့ ပျော်တဲ့အတွေးတွေ၊ ပျော်တဲ့အပြောတွေ၊ ပျော်တဲ့အလုပ်တွေ ရှိနေ ရရင် ဘဝက တကယ့် ကျေနပ်စရာပါပဲ။

http://www.dhammadownload.com

တကယ်ဆို ဘဝတစ်ခုအတွက် သူတစ်ပါးကို မထိခိုက်ဘူး ဆိုရင် ကိုယ်ဖြစ်ချင်တာ၊ ကိုယ်ဝါသနာပါရာကိုပဲ ရွေးချယ်လိုက်တာ ကတော့ အကောင်းဆုံးပါပဲ။ တစ်ခုခုကို ငဲ့ပြီး ရွေးချယ်ခဲ့ရင်တော့ နောင်ကာလကြာတဲ့အခါ နောင်တတွေနဲ့အတူ သက်ပြင်းအမောတွေကို တစ်သက်လုံး ချချနေရပါလိမ့်မယ်။

တည်တောဆရာတော်ဘုရားကြီးရဲ့ "ကာမဟူသည်" စာအုပ်ထဲမှာ ပုံပြင်လေးတစ်ပုဒ် ဖတ်ဖူးပါတယ်။ တစ်ခါတုန်းက သူဌေးကြီးတစ်ယောက်ရဲ့ တိုက်အနီးမှာ ဆင်းရဲသား လင်မယားနှစ်ယောက် နေထိုင်ကြပါတယ်။ ဆင်းရဲသားလင်မယား နှစ်ယောက်ဟာ တစ်နေ့လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရပေမယ့်လည်း ညအချိန် ရောက်တဲ့အခါမှာတော့ လင်ကဗုဒ္ဓီး မယားက သီချင်းဆိုနဲ့ အလွန် ပျော်မွေ့နေကြပါတယ်။

တစ်နေ့မှာတော့ သူဌေးကြီးက ဆင်းရဲသား လင်မယားနှစ်ယောက်ကို ခေါ်ပြီး "မင်းတို့ လင်မယားနှစ်ယောက် အလုပ်လုပ်ကြရတာ အင်မတန် ပင်ပန်းတယ်။ မင်းတို့ကို သနားတဲ့အတွက် ငွေတစ်ထောင် ပေးမယ်။ ငွေတစ်ထောင်ကို အရင်းတည်ပြီး ကြီးပွားအောင် လုပ်ကိုင်စားသောက်ကြ"လို့ ပြောပြီး ငွေတစ်ထောင် ပေးလိုက်ပါတယ်။

ဆင်းရဲသားလင်မယားနှစ်ယောက်ဟာ ငွေတစ်ထောင်ကို ယူပြီး မိမိတို့ တဲကုပ်ဆီကို ပြန်ခဲ့ကြပါတယ်။

ဒါပေမဲ့ အဲဒီငွေတစ်ထောင်ရတဲ့နေ့ကစပြီး ဗုဒ္ဓီးသံနဲ့ သီချင်းဆိုသံကို မကြားရတော့ပါဘူးတဲ့။ ရက်နည်းနည်းကြာတော့ ဆင်းရဲသား နှစ်ယောက်ဟာ ငွေထုပ်ကိုင်ပြီး သူဌေးကြီးဆီ ပြန်လာပါတယ်။

http://www.dhammadownload.com

သူဌေးကြီးကို တွေ့တာနဲ့ "သူဌေးကြီး ခင်ဗျား၊ ကျွန်တော်တို့ ဆင်းရဲနွမ်းပါးတဲ့အတွက် ငွေတစ်ထောင် ပေးတာကို ကျေးဇူးအထူးပဲ တင်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ကို သနားသောအားဖြင့် ဒီငွေတစ်ထောင်ကို ပြန်ယူပြီး ကျွန်တော်တို့ရဲ့ စိတ်ချမ်းသာတဲ့ ဘဝလေးကို ပြန်ပေးပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လင်မယားနှစ် ယောက်ဟာ ငွေတစ်ထောင် ရတဲ့နေ့က စပြီး ဒီငွေအတွက်နဲ့ တစ်ရက်မှ စိတ်မချမ်းသာကြတော့ပါဘူး။ ဒီငွေကို သူခိုးပဲ ခိုးမလား၊ ဒီငွေကို ဘာပဲ လုပ်ရမလဲ တွေးတွေးပြီး စိတ်မချမ်းသာကြတော့ပါဘူး" လို့ ပြောပြီး သူဌေးကြီးကို ငွေတစ်ထောင် ပြန်ပေးလိုက်ပါသတဲ့။

တည်တောဆရာတော် ဘုရားကြီးရဲ့ စာကို ဖတ်ခဲ့ဖူး



တကယ်ဆို ဘဝတစ်ခုအတွက်
သူတစ်ပါးကို မထိခိုက်ဘူးဆိုရင်
ကိုယ်ဖြစ်ချင်တာ၊ ကိုယ်ဝါသနာပါရာကိုပဲ
ရွေးချယ်လိုက်တာကတော့ အကောင်းဆုံးပါပဲ။
တစ်ခုခုကို ငဲ့ပြီး ရွေးချယ်ခဲ့ရင်တော့
နောင်ကာလကြာတဲ့အခါ နောင်တတွေနဲ့အတူ
သက်ပြင်းအမောတွေကို တစ်သက်လုံး
ချချနေရပါလိမ့်မယ်။

http://www.dhammadownload.com

တာ နှစ်တွေ ကြာခဲ့ပြီ ဖြစ်ပေမယ့် ဒီနေ့အထိ မှတ်မှတ်ရရ ရှိနေခဲ့ပါတယ်။ ငွေတစ်ထောင်ကို အရင်းတည် အလုပ်လုပ်ရင်း ကြီးပွား၊ ပြီးတော့ သူဌေး ဖြစ်သွားဆိုတဲ့ နောက်ဆက်တွဲ စိတ်ကူးအတွေးကို တွေးကို မတွေးမိပါဘူး။ သူတို့ရဲ့ စိတ်ချမ်းသာမှုလေး ပျောက်ဆုံးသွားခဲ့တယ်ဆိုတာလေးပဲ ထပ်ကာ ထပ်ကာ တွေးတွေးနေမိပါတယ်။ တွေးမိတိုင်းလည်း ဘဝတစ်ခုအတွက် အဖြေတစ်ခုကို ပေးပေးနေသလို ခံစားရပါတယ်။ ပိုက်ဆံအားနည်းပေမယ့် ကိုယ့်ဘဝကိုယ် ကျေနပ်နေဖို့ပါပဲ။ နေရာတကာ ပိုက်ဆံက စိတ်ချမ်းသာမှုကို မဖန်တီးနိုင်ပါဘူး။

တိပိဋကယောဆရာတော်ဘုရားက ဒုတိယနာယကဘဝမှာ နွေရာသီရောက်ရင် မင်းကွန်းနဲ့ ကလေးတောင်ဖီလာတောရမှာ အချိန်တစ်ခု သွားသွားသီတင်းသုံးလေ့ရှိပါတယ်။ ပဓာနနာယက ဖြစ်ပြီး နောက်ပိုင်းမှာတော့ များပြားလွန်းတဲ့ တာဝန်တွေကြောင့် မကြွဖြစ်တော့ပါဘူး။

ကိုယ်က လူဖြစ်လို့ တောရဆိုတဲ့ စကားလုံးနဲ့ မသင့်မေမဲ့ သံယောဇဉ်တွေ၊ အတွယ်အတာတွေ၊ ဖိအားတွေ၊ စိုးရိမ်မှုတွေရဲ့ တဒင်္ဂလွတ်မြောက်ရာ နယ်မြေတစ်ခုမှာ တစ်နာရီ၊ တစ်ရက်၊ တစ်ပတ်၊ ဆယ်ရက်၊ တစ်လလောက်လေး ဖုန်းတွေပိတ်၊ အင်တာနက်တွေပိတ်၊ ဖေ့စ်ဘွတ်တွေပိတ်၊ သူတစ်ပါးကို မထိခိုက်ဖို့ ငါးပါးသီလ နေ့စဉ် စောင့်ထိန်းမယ်။ စိတ်အေးချမ်းဖို့ မနက် နာရီဝက်၊ ညနာရီဝက် တရားထိုင်မယ်။ မနက်စာအတွက် ပဲပြုတ် ထမင်းကြော်ရယ်၊ ကော်ဖီခါးခါး တစ်ခွက်ရယ်၊ စာအုပ်တွေရယ်၊ သစ်ပင်လေးတွေရယ်၊ ငှက်သံလေးတွေရယ် ရှိနေရင် ကိုယ့်ကိုယ်

http://www.dhammadownload.com

ကိုယ် ကျေနပ်နေတဲ့ အေးချမ်းတဲ့ဘဝလေးတစ်ခု ဖြစ်နေပါပြီ။ ဘဝ အဓိပ္ပာယ်လေးတစ်ခု ဖြစ်နေတာပါ။ အဲဒီအချိန်မှာ ပိုက်ဆံလည်း မတွေးဘူး။ ရာထူးတွေလည်း မတွေးဘူး။ လူတွေ အကြောင်းလည်း မတွေးဘူး။ ဘာဆိုဘာမှ မတွေးဘူး။ လက်ရှိပစ္စုပ္ပန် ဘဝအချိန် လေးမှာပဲ စိတ်ကိုထားပြီး ကိုယ့်ကိုယ်ကိုယ် အေးချမ်းအောင် နေသွားရင် ဒါလည်း ဘဝတစ်ခုထဲက စတော်ဘယ်ရီသီးလေးကို စားနေတာပါပဲ။

ကြီးမားတဲ့သံယောဇဉ်တွေ၊ ကြီးမားတဲ့ကျေးဇူးတွေက ဘဝ ခရီးမှာ အဆင်ပြေမှုတွေ ရပါတယ်။ တစ်ခါတလေ အဲဒီ ကြီးမားတဲ့ သံယောဇဉ်တွေ ကြီးမားတဲ့ကျေးဇူးတွေကပဲ ငဲ့ကွက်မှုတွေကို အခြေခံပြီး ကိုယ့်စိတ်ကို လောင်တော့တာပါ။ တချို့ စိတ်ကိုလောင်တဲ့ အလောင်က ငြိမ်းသတ်ဖို့ခက်ပြီး လောင်ကျွမ်းမှု ရက်ကြာနေတတ်ပါ တယ်။ ဒါကြောင့် ကြီးမားတဲ့ သံယောဇဉ်တွေ ကြီးမားတဲ့ ကျေးဇူး တွေ တဒင်္ဂလွတ်မြောက်ရာ နေရာတစ်ခု ရှိရှိနေဖို့ပါ။ မကင်းနိုင်တဲ့ ဘဝတစ်ခုမှာ ခဏလေးပဲဖြစ်ဖြစ်ပါ။

လောကသဘာဝအရ ထင်ရှားချင်ကြပါတယ်။ ထင်ရှားရင် ကောင်းကျိုးတွေနဲ့အတူ ဆိုးကျိုးအန္တရာယ်တွေကလည်း ဒွန်တွဲပါနေ ပါတယ်။ ထင်ရှားတဲ့အတွက် ဘက်နှစ်ဖက်ကို ရလိုက်တာပါ။ ကိုယ့်ကို ကြိုက်တဲ့သူရယ်၊ မကြိုက်တဲ့သူရယ်ပါ။ ကြိုက်တဲ့သူက ကြိုက်တဲ့ စကားပြောမယ်၊ မကြိုက်တဲ့သူက မကြိုက်တဲ့စကားပြောမယ်။ ခြေလှမ်း တစ်ချက်မှားတာနဲ့ ဘဝက မြောင်းထဲရောက်သွားနိုင် ပါတယ်။ ဒါ ထင်ရှားခြင်းရဲ့ အန္တရာယ်တွေပါပဲ။ မထင်ရှားရင် အဲဒီအန္တရာယ်တွေ မရှိပါဘူး။

http://www.dhammadownload.com

ဘဝမှာ low profile နဲ့ နေတာလေးက ကိုယ့်အတွက် အန္တရာယ်ကင်းပါတယ်။ စိတ်အေးချမ်းမှုကိုလည်း ရပါတယ်။ ကြိုက်သူ၊ မကြိုက်သူတွေ မရှိရာ low profile နဲ့ နေတာလေးက လည်း အန္တရာယ်ကင်းတဲ့ အေးချမ်းတဲ့ ဘဝလေးတစ်ခုပါပဲ။

မုံရွာမြို့၊ ဆရာတော် ဦးကုဏ္ဍလရဲ့ မဟာသုတဒီပနီကျမ်း ဒုတိယတွဲမှာ ပညာရှိတွေဟာ မိမိကိုယ်ကို မေးခွန်း (၃)ခုနဲ့ သုံးသပ်ပြီး ကျင့်သုံးနေထိုင်လေ့ရှိတဲ့အကြောင်းကို ပဋိဘာန်ဂါထာအဖြစ် ဖော်ပြ ထားပါတယ်။

ကိဒိ သော ဟံ ကတံ ကိံ မေ၊
ကတံ နယုတ္တကံသိယာ။
ကစ္စေတံ သမ္မသိတွာန၊
ယုတ္တာ ယုတ္တံ ကရေဇဟေ။

၁။ ငါ ဘယ်လို လူစားလဲ။
၂။ ငါ ဘာကို လုပ်မိလဲ။
၃။ ငါ လုပ်တာ မှန်ရဲ့လား။

ဒီလိုမေးခွန်းသုံးချက်ကို သုံးသပ်ဆင်ခြင်ပြီး အဖြေရှာ၊ သင့်တာဆို ဆက်လုပ်၊ မသင့်တာဆို စွန့်ပစ်လိုက်ရပါမယ်တဲ့။

ဒါ ဂါထာရဲ့ လိုရင်းအဓိပ္ပာယ်ပါပဲ။

ရဟန်း၊ လူ၊ အုပ်ချုပ်သူ၊ သူဌေး၊ ဝန်ထမ်း၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်သား၊ ကျောင်းသား၊ ဆရာစသည်ဖြင့် ကိုယ့်ကိုယ် ကိုယ် မေးခွန်းသုံးခု မေးပြီး လုပ်သင့်တာဆို ဆက်လုပ်ပြီး မလုပ်သင့်တာဆို စွန့်ပစ်လိုက်ရမှာပါတဲ့။

http://www.dhammadownload.com

ဥပမာ–မိသားစုအတွက် ပင်ပင်ပန်းပန်းနဲ့ ရှာဖွေလုပ်ကိုင်ကျွေး မွေးနေရတယ်။ တစ်ဖက်ဆီက မနှစ်သက်ရာ ဆန့်ကျင်ဘက် အပြော အပြုအမူကို ကြုံလိုက်ရလို့ စိတ်လိုက်မာန်ပါ ပြန်ပြီး တုံ့ပြန်လိုက်ခါ နီးမှာ "ငါ့အိမ်မှာ ကျန်ခဲ့တဲ့ မိသားစုရှိတယ်လေ" လို့ တွေးပြီး ကိုယ့်ရဲ့ ကိုယ်နဲ့ နှုတ်ကို စောင့်ထိန်းလိုက်တာဟာ ပညာရှိတွေရဲ့ မေးခွန်းသုံးခုနဲ့ ကျင့်သုံးပုံလေးကို လက်တွေ့ဘဝထဲမှာ ယူပြီး ကျင့်သုံးပစ်လိုက်တာပါ။ ဒီလိုပါပဲ ချမ်းသာသူ၊ ရာထူးရှိသူ၊ ထင်ရှားသူ စသည်တွေလည်း မေးခွန်းသုံးခုနဲ့ မေးပြီး ကျင့်သုံးကြရမှာပါ။ ဂါထာလေးက တွေးတတ်ရင် တွေးတတ်သလို ချဲ့ပြီး တွေးလို့ရတဲ့ ဂါထာလေးပါ။ သက်တမ်းတိုတို ဘဝခရီးတစ်လျှောက်မှာ အမြဲလက်ကိုင်ထားရမယ့် လောကကျင့်စဉ် ဂါထာလေးပါ။ ဘာသာစုံ အလွှာစုံ ကျင့်သုံးလို့ရတဲ့ ဂါထာလေးပါပဲ။

ဘဝတွေက တိုတောင်းလွန်းလှပါတယ်။ ဟိုလူ့မုန်း၊ ဒီလူ့မုန်းနဲ့ မုန်းရတဲ့အချိန်တွေ များနေရင် ဘဝတိုတိုအတွင်းမှာ အေးချမ်းတဲ့ အချိန်လေးတွေ နည်းသွားပါလိမ့်မယ်။ တကယ်တမ်း ကျတော့ အချစ်၊ အမုန်းတွေ တဒင်္ဂ ကင်းလွတ်ရာအချိန်လေးတစ်ခု နေရာလေးတစ်ခုတော့ ကိုယ်စီရှိရှိနေဖို့ပါ။

ဘာပဲပြောပြောလေ လူ့ဘဝတိုတိုလေးမှာ စိတ်အေးချမ်းမယ်။ ကုသိုလ်ဖြစ်မယ်။ ဒီနှစ်ခုရှိရင် ကိုယ့်ဘဝကိုယ် ကျေနပ်စရာဘဝတစ်ခုပါပဲလေ။

News Watch
စောင့်ကြည့်ဂျာနယ်
၂၆–၅–၂၀၁၈။

http://www.dhammadownload.com

တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ ဆရာတော်ကြီးတစ်ပါးရယ် ကိုရင်လေး တစ်ပါးရယ်ရှိခဲ့ဖူးပါတယ်။ နှစ်ပါးလုံးက သမာပတ်ဝင်စားနိုင်ကြပါတယ်။

ဝါဆိုဖို့ အချိန်ရောက်ရင် တောကျောင်းကို စုပေါင်းပြီး ဝါဆိုလေ့ရှိတဲ့ အစဉ်အလာအတိုင်း ဝါဆိုခါနီးတော့ ဆရာတပည့်နှစ်ပါး တောကျောင်းတစ်ခုကို ဝါဆိုဖို့ ထွက်ခဲ့ကြပါတယ်။

တောကျောင်းရောက်တော့ အရင်ရောက်နှင့် နေကြတဲ့ သံဃာတော်တွေနဲ့ နေရာက ပြည့်နေပါပြီ။ နေရာချတော့ ဝါစဉ်အတိုင်း နေရာချတာ ဖြစ်တဲ့အတွက် ဆရာတော်ကြီးကတော့ နေရာရလိုက်ပါတယ်။ ကိုရင်



http://www.dhammadownload.com

http://www.dhammadownload.com

လေးကတော့ နေရာမရ လိုက်ပါဘူး။ နေရာလည်း ကွဲသွားတဲ့အတွက် တစ်ဝါတွင်းလုံး ပြန်မတွေ့ကြတော့ပါဘူး။ တစ်ပါးကျောင်းလေး တွေနဲ့ ကိုယ့်တရား ကိုယ် အားထုတ်နေကြပါတယ်။

ဒီတော့ ဆရာတော်ကြီးက "ကိုရင်လေး နေရာမရလိုက်ဘူး၊ မိုးထဲရေထဲမှာ နေနေရတော့မယ်၊ အဆင်မပြေ ဖြစ်တော့မှာပဲ" လို့ တွေးပြီး ကိုရင်လေးကို ငဲ့ကွက်နေတဲ့အတွက် တစ်ဝါတွင်းလုံး ဝင်စားနေကျ သမာပတ်ကို မဝင်စားနိုင်ပါဘူး။ ကိုရင်လေးကတော့ တစ်ဝါတွင်းလုံး စိတ်အေးချမ်းစွာ သမာပတ်ဝင်စားနိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ ဝါကျွတ်လို့ ဆရာတော်ကြီးနဲ့ ကိုရင်လေး ပြန်တွေ့ကြတဲ့အခါ ကိုရင်လေးက "ဆရာတော်ကြီးဘုရား တစ်ဝါတွင်းလုံး သီတင်း သုံးရတာ အဆင်ပြေပါရဲ့လား" လို့ မေးလျှောက်ပါတယ်။ ဒီတော့ ဆရာတော်ကြီးက "အဆင်မပြေဘူး ကိုရင်၊ ကိုရင်လေး နေရာရမှ ရပါ့မလား၊ မိုးထဲရေထဲမှာပဲ နေနေရတော့မလားလို့ ငဲ့ကွက်နေတာနဲ့ သမာပတ် မဝင်စားနိုင်ဘူး" လို့ ပြန်မိန့်လိုက်ပါတယ်။

(ဥပရိပဏ္ဏာသအဋ္ဌကထာ၊ နာ ၄၆)

ဒီသီဟိုဠ်ဝတ္ထုလေးမှာ ဆရာတော်ဘုရားကြီးက ကိုရင်လေးကို ငဲ့ကွက်နေတဲ့အတွက် တစ်ဝါတွင်းလုံး သမာပတ်မဝင်စားနိုင်ဘူး ဖြစ်သွားရတဲ့ နည်းယူစရာသာဓကဝတ္ထုလေးပါ။ ဝိပဿနာတရား အား ထုတ်တဲ့နေရာမှာ တစ်ခုခုကို ငဲ့ကွက်နေရင် တရားအားထုတ်ရတာ အဆင်မပြေတော့သလို တရားတွေလည်း မတက်နိုင်တော့ပါဘူး။ လူတိုင်းမှာက ငဲ့ကွက်စရာများစွာ ရှိနေတတ်ကြပါတယ်။ ဗဟုသုတ ရယ် သတိရယ် ယှဉ်ပြီး အားထုတ်ရမှာပါ။

http://www.dhammadownload.com



ဝိပဿနာတရား အားထုတ်တဲ့နေရာမှာ တစ်ခုခုကိုငဲ့ကွက်နေရင် တရားအားထုတ်ရတာ အဆင်မပြေတော့သလို တရားတွေလည်း မတက်နိုင်တော့ပါဘူး။

ဥပမာ – တရားအားထုတ်နေတုန်း အိမ်ကို သတိရနေမယ်၊ အဖေကို သတိရနေမယ်၊ အမေကို သတိရနေမယ်၊ ကိုယ့်သားလေးကို သတိရနေမယ်၊ "ငါ့အိမ်မှာ အဆင်မှ ပြေမှပြေပါ့မလား" စသည်ဖြင့် "မအိမ်သတိရ" ဖြစ်နေရင် တရားက မတက်တော့ပါဘူး။ တရား အားထုတ်ရတာလည်း မပျော်တော့ပါဘူး။ ကိုယ်က အိမ်ကို သတိရနေလို့လည်း အိမ်က ဘာမှမဖြစ်သလို ဖြစ်လည်း ဘာမှ လုပ်ပေးလို့ မရပါဘူး။ ကိုယ်တရား အားထုတ်မရတာဘဲ အဖတ်တင်သွားပါတယ်။ တရားအားထုတ်နေစဉ်အတွင်းမှာ ဘာဆို ဘာမှ ငဲ့ကွက်မှုမထားဘဲ အားလုံးကို ဥပေက္ခာပြုပြီး တရားပဲ အာရုံစိုက် အားထုတ်ရမှာပါ။

တရားအားထုတ်တဲ့အခါမှာ ကျွန်ုပ်ထက်ကြောင်း (၉) ပါး ဆိုတာ ရှိပါတယ်။ အဲဒီ (၉)ပါးထဲက နံပါတ် (၇)အင်္ဂါက ကိုယ်နဲ့ အသက်ကို မငဲ့ကွက်ဘဲ အားထုတ်ရမယ်လို့ ဆိုထားပါတယ်။ ကိုယ်နဲ့ အသက်ကိုတောင် မငဲ့ကွက်ဘဲ အားထုတ်ရမယ်ဆိုတော့ ကျန်တဲ့ အရာ

http://www.dhammadownload.com

တွေကတော့ ပြောစရာမလိုတော့ပါဘူး။ ဒါကိုပဲ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက "ကိုယ်နှင့်အသက်၊ မင့်ကွက်၊ ရက်စက်နိုင်ရမည်" လို့ လက်ဘစီပေးထားပါတယ်။

ငဲ့ကွက်ခြင်းတွေက ဝိပဿနာနယ်ပယ်မှာတင် မဟုတ်ပါဘူး၊ လောကီနယ်ပယ်မှာလည်း ငဲ့ကွက်နေရင် ခရီးမရောက်တော့ပါဘူး။ ဥပမာ – ညပိုင်းမန္တလေးတောင်ပေါ်ရောက်နေချိန်မှာ ရန်ကုန်ကို တွေးပြီး စိတ်ပူနေရင် မန္တလေးတောင်ရဲ့ ညအရသာကို မခံစားရတဲ့ဘဝရှိမှာပါ။ ဒီလိုပါပဲ ကျောင်းသားတစ်ယောက်ဟာ စာသင်နေချိန်မှာ ကိုယ့်အိမ်ကိုပဲ သတိရနေမယ်၊ ကိုယ့်အဖေ အမေကိုပဲ သတိရနေမယ်၊ တစ်ခုခုကို သတိရနေမယ် ဆိုရင် ကိုယ့်ပညာရေးအတွက် အနှောင့်အယှက် ဖြစ်တော့တာ အမှန်ပါပဲ။ တချို့နေရာလေးတွေမှာတော့ ငဲ့ကွက်ဖို့လိုပြီး တချို့နေရာတွေမှာတော့ ငဲ့ကွက်နေရင် ကိုယ့်အလုပ်ကို လာပြီး ထိခိုက်ပါတယ်။

တရားအားထုတ်နေစဉ် အတွင်းမှာဘာဆိုဘာမှ ငဲ့ကွက်မှုမထားဘဲအားလုံးကို ဥပေက္ခာပြုပြီးတရားပဲ အာရုံစိုက်အားထုတ်ရမှာပါ။



အကောင်းဆုံးကတော့ တရားထိုင်တော့မယ်၊ တရားစခန်းဝင်တော့မယ်

http://www.dhammadownload.com

ဆိုရင် ငဲ့ကွက်စရာတွေဖြစ်တဲ့ အိမ်အတွက်၊ မိဘအတွက်၊ သားသမီး အတွက်၊ အလုပ်အတွက် စသည်ဖြင့် အားလုံးအားလုံး အတွက်ကို လုပ်ပေးစရာရှိတာတွေကို ပြီးပြတ်အောင် လုပ်ပေးခဲ့တာကတော့ အကောင်းဆုံးပါပဲ။ နောက်ဆံတင်းစရာ မလိုတော့ပါဘူး။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက တစ်မိနစ်ကို ဖောင်းတယ်၊ ပိန်တယ် မှတ်ချက် (၃၀) ဝန်းကျင် လောက် ရနိုင်တယ်လို့ မိန့်ပါတယ်။ ဒါက ယေဘုယျ မိန့်တာပါ။ ယောဂီတစ်ယောက်နဲ့ တစ်ယောက် အတိုးအလျော့တော့ ရှိနိုင်ပါ တယ်။

တစ်မိနစ်ကို တရားမှတ်ချက်ရေ (၃၀) ဆိုရင် တစ်နာရီဆို တရားမှတ်ချက် (၁၈၀၀) ပါ။ တစ်မှတ်ကို ကုသိုလ်တစ်ချက်နဲ့တွက်ရင် တစ်နာရီကို ကုသိုလ်အချက်ပေါင်း (၁၈၀၀) တောင်ရတာပါ။

တကယ်လို့ ကိုယ်က တရားထိုင်နေတုန်း အိမ်ကိုငဲ့ကွက်ပြီး အိမ်ကို စိတ်ရောက် ရောက်နေမယ်ဆိုရင် မှတ်ချက်ရေ (၁၈၀၀) မရတော့ဘဲ (၁၀၀၀) လောက်ပဲ ဖြစ်ချင်ဖြစ်သွားနိုင်ပါတယ်။ ဒါဆိုမှတ်ချက်ရေနဲ့ တွက်ရင် ကုသိုလ်မှတ်ချက်ရေ အပြည့်မရဘဲ ဖြစ်နေပါတယ်။ ကိုယ်နဲ့ အားထုတ်ဖော် အားထုတ်ဘက် ယောဂီတွေက ကုသိုလ် (၁၈၀၀) ရနေတဲ့အချိန် ကိုယ်က ငဲ့ကွက်မှုကြောင့် ကုသိုလ် (၁၀၀၀) ပဲ ရသွားတဲ့သဘောပါ။

ဒါက ယေဘုယျ သချိုင်္ကနည်းနဲ့ တွက်ပြတာပါ။ အဓိက ကတော့ တရားထိုင်နေတုန်း သတိပဋ္ဌာန်ကုသိုလ်တွေ အပြည့်ရလိုက် ဖို့ပါပဲ။ နောက်– တရားမှတ်တဲ့အမှတ် ပျက်မသွားဖို့နဲ့ တရား အမှတ်တွေ လျော့မသွားဖို့ပါ။

http://www.dhammadownload.com

ဥပမာ– တရားထိုင်ခါနီး ဘုရားကို ဦးချတော့မယ်ဆိုရင် ဦးချချင်တဲ့ စိတ်ကလေးကစပြီး "ဦးချချင်တယ်၊ ဦးချချင်တယ်" "ဦးချတယ်၊ ဦးချတယ်" လက်နဲ့ကြမ်းပြင်နဲ့ထိတော့ "ထိတယ်၊ ထိတယ်" ဘုရားကို အာရုံပြုတော့ "အာရုံပြုတယ်၊ အာရုံပြုတယ်" ပြန်ထူချင်တော့ "ထူချင်တယ်၊ ထူချင်တယ်" ထူတော့ "ထူတယ်၊ ထူတယ်" လက်နှစ်ဖက် ပြန်ထိမိတော့ "ထိတယ်၊ ထိတယ်" စသည်ဖြင့် ဦးချတဲ့ အမူအရာကို သေချာမှတ်နေရင် ကုသိုလ် (၅) မျိုးရနေပါတယ်။

"ဦးချချင်တယ်၊ ဦးချချင်တယ်" လို့ မှတ်ရတာက စိတ်ကို မှတ်ရတာဖြစ်တဲ့အတွက် စိတ္တာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေ ရပါတယ်။

"ဦးချတယ်၊ ဦးချတယ်"လို့ မှတ်ရတာက ကိုယ်ကာယကို မှတ်ရတာဖြစ်တဲ့အတွက် ကာယာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေရပါတယ်။

လက်နဲ့ကြမ်းပြင်နဲ့ ထိတာ၊ နဖူးနဲ့ကြမ်းပြင်နဲ့ ထိတာကို "ထိတယ်၊ ထိတယ်"လို့ မှတ်ရတာက ကိုယ်ကာယကို မှတ်ရတာဖြစ်တဲ့အတွက် ကာယာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေ ရပါတယ်။

"ထူချင်တယ် ထူချင်တယ်"လို့ မှတ်တာက စိတ်ကို မှတ်ရတာ ဖြစ်တဲ့အတွက် စိတ္တာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ကုသိုလ်ရပါတယ်။

"ထူတယ် ထူတယ်"လို့ မှတ်ရ တာက ကိုယ်ကာယကို မှတ်ရတာဖြစ်တဲ့ အတွက် ကာယာနုပဿနာသတိပဋ္ဌာန် အနေနဲ့

http://www.dhammadownload.com

ကုသိုလ် ရပါတယ်။

ဦးချခိုက်မှာ စိတ်တွေကလည်း ကြည်လင်၊ ခန္ဓာကိုယ်ကလည်း ပေါ့ပါးနေလို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်နေမယ်။ ဒီစိတ်ချမ်းသာ ကိုယ်ချမ်းသာမှ လေးကိုပဲ "ချမ်းသာတယ်၊ ချမ်းသာတယ်" လို့ မှတ်တာက သုခဝေဒနာကို မှတ်ရတာဖြစ်တဲ့အတွက် ဝေဒနာနုပဿနာ သတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေ ရပါတယ်။

ဒါမှမဟုတ် ဦးချခိုက်မှာ နေမကောင်းဘူး၊ လေးလံထိုင်းမှိုင်း နေမယ်၊ ကျောက အောင့်လာရင်လည်း "အောင့်တယ် အောင့်တယ်" လို့ မှတ်တာက ဒုက္ခဝေဒနာကို မှတ်ရတာဖြစ်တဲ့အတွက် ဝေဒနာနုပဿနာ သတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေ ရနေပါတယ်။

ဦးချခိုက်မှာပဲ လော်စပီကာသံတွေ၊ စကားပြောသံတွေ ကြားရတဲ့အခါမှာလည်း "ကြားတယ် ကြားတယ်" လို့ မှတ်တာက သဘောတရားကို မှတ်ရတာဖြစ်တဲ့အတွက် ဓမ္မာနုပဿနာ သတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေ ရနေပါတယ်။



ညပိုင်းမန္တလေးတောင်ပေါ်ရောက်နေချိန်မှာရန်ကုန်ကိုတွေးပြီးစိတ်ပူနေရင်မန္တလေးတောင်ရဲ့ညအရသာကိုမခံစားရတုံဘဲရှိမှာပါ။

http://www.dhammadownload.com

မြတ် စွာဘုရားကို အာရုံပြုရတဲ့ အတွက်ကြောင့် ဘုရားရှိခိုးရတဲ့ ကုသိုလ်လည်း ရပါတယ်။ ဒါဆို သတိပဋ္ဌာန် ကုသိုလ်လေးမျိုး ရယ်၊ ဘုရားရှိခိုးတဲ့ ကုသိုလ်ရယ် ကုသိုလ်ငါးမျိုး ရသွားတာပါ။

ဒီလိုပါပဲ။ ကိုယ်က ရေမကြာခဏ သောက်တတ်တယ်ဆိုရင်လည်း တရားထိုင်တဲ့ နေရာရှေ့မှာ ရေသန့်ဘူးလေး ကြိုချထားမယ်၊ တရားထိုင်ရင်း ရေ သောက်ချင်တဲ့အခါ "ရေသောက်ချင်တယ်၊ ရေသောက်ချင်တယ်" လက်လှမ်း တော့ "လှမ်းတယ် လှမ်းတယ်" ရေသန့်ဘူးနဲ့ လက်နဲ့ထိတော့ "ထိတယ်၊ ထိတယ်" ဘူးကိုယူတော့ "ယူတယ်၊ ယူတယ်" အဖုံးကို ဖွင့်တော့ "ဖွင့်တယ်၊ ဖွင့်တယ်" ပါးစပ်ဆီကို မတော့



ဘဝတွေကပူလောင်လွန်းလှပါတယ်။ ငေးချမ်းဖို့အတွက် သိရင်ဝိပဿနာတစ်ခုပဲ ရှိပါတယ်။

http://www.dhammadownload.com

"မတယ်၊ မတယ်" နှုတ်ခမ်းနဲ့ထိတော့ "ထိတယ်၊ ထိတယ်" သောက်တော့ "သောက်တယ်၊ သောက်တယ်" သောက်ပြီးလို့ ဘူးပြန်ချတော့ "ချတယ်၊ ချတယ်" အဖုံးပြန်ပိတ်တော့ "ပိတ်တယ်၊ ပိတ်တယ်" ဘူးပြန်ထားတော့ "ထားတယ်၊ ထားတယ်" လက်ကို ရင်ခွင်ထဲယူတော့ "ယူတယ်၊ ယူတယ်" လက်ချင်းထိတော့ "ထိတယ်၊ ထိတယ်" ပြီးတော့ မူလကမ္မဋ္ဌာန်းကို ပြန်မှတ်သွားရုံပါပဲ။

ဒါဆို တရားထိုင်ရင်း ရေဆာလို့ ရေသောက်လိုက်ပေမယ့် တရားထိုင် မပျက်သလို တရားမှတ်ချက်ရေလည်း မလျော့တော့ပါဘူး။ ရည်မှန်းထားတဲ့ တစ်နာရီအတွင်း ကုသိုလ် မှတ်ချက်ရေ (၁၈၀၀) လည်း မလျော့တော့ပါဘူး။

နောက်– တရားထိုင်နေတုန်း ပါးစပ်ထဲမှာ တံတွေးတွေပြည့်လာမယ်။ ဒါဆို တံတွေးမျိုချချင်လာတယ်ဆိုရင်လည်း ချက်ချင်းမျိုမချဘဲ "မျိုချင်တယ်၊ မျိုချင်တယ်" မျိုတော့ "မျိုတယ်၊ မျိုတယ်" လို့ မှတ်ရပါတယ်။ ပြီးမှ မူလကမ္မဋ္ဌာန်းကို ပြန်မှတ်ရပါတယ်။ ဒါဆိုလည်း တရားမှတ်ချက်ရေ လျော့မသွားတော့ပါဘူး။

အဲဒီလိုမှမဟုတ်ဘဲ တရားထိုင်နေတုန်း ငဲ့ကွက်မှုတစ်ခုခု ဝင်လာမယ်၊ ကိုယ့်အိမ်က ခွေးကလေး ကြောင်ကလေးကို သတိရပြီး "အစာမှ ကျွေးမှ ကျွေးပါ့မလား" စသည်ဖြင့် စိုးရိမ်စိတ်ဝင်လာမယ်၊ စိုးရိမ်စိတ်အတိုင်း ဆက်တွေးနေရင် တရားမှတ်ချက်ရေတွေ လျော့ကုန်တော့မှာပါ။ ဒါမှမဟုတ် ကိုယ့်အလုပ် ကိစ္စကို ငဲ့ကွက်လိုက်မယ်၊ ဒါဆို စာရင်းဇယားတွေ အကျိုးအမြတ်တွေကို တွေးမယ်၊ ဆက်တွေးရင်း တွေးရင်းနဲ့ စိုးရိမ်စိတ်တွေ ဝင်လာမယ်၊ ဒါဆို (၁၈၀၀) အပြည့် မရတော့ပါဘူး။

http://www.dhammadownload.com

အဲဒီလို တွေးတဲ့စိတ်ကလေး ဝင် လာတယ်လို့ သိလိုက်တာနဲ့ တစ်ပြိုင်နက် "ငါတွေးနေပါလား" ဆိုပြီး မူလကမ္မဋ္ဌာန်း ကို ချက်ချင်း ပြန်မှတ်တတ်လေ့ရှိပါတယ်။ ဝိပဿနာစည်းကမ်းအရ အဲဒီလို မလုပ်ရပါဘူး။ တွေးနေတာကိုပဲ "တွေးတယ် တွေးတယ်" လို့ လေးငါးချက်လောက် မှတ်လိုက်ရပါတယ်။ မှတ်ပြီးမှ မူလ ကမ္မဋ္ဌာန်းကို ပြန်မှတ်ရပါတယ်။ တွေးတာကို သိလိုက်တာနဲ့ မူလကမ္မဋ္ဌာန်းကို ပြန်မသွားဘဲ တွေးတာလေးကို "တွေးတယ်၊ တွေးတယ်" လို့မှတ်ပြီးမှ မူလ ကမ္မဋ္ဌာန်း ကို ပြန်မှတ်တဲ့အလေ့လေးကို အလေ့အကျင့် လုပ်ထားရပါမယ်။

လောကီနယ်ပယ်မှာတော့ တချို့ နေရာတွေမှာ ငဲ့ကွက်ပြီး လုပ်ရတဲ့အလုပ်တွေ ရှိတတ်ပါတယ်။ ဝိပဿနာနယ်ပယ်မှာတော့ မငဲ့ကွက်ရပါဘူး။ ငဲ့ကွက်ရင် တရားမတက်တော့ပါဘူး။ တရား ထိုင်နေတုန်း တစ်ခုခုကို ငဲ့ကွက်လိုက်ရင် အတွေးတွေက ဝင်လာ တတ်ပါတယ်။ အတွေးတွေက တွေးချင်တိုင်း တွေးနေတော့ တာပါ။ တွေးလို့ ကို မဆုံးတော့ပါဘူး။ ကိုယ့်ကိုယ်ကိုယ် တရား ထိုင်နေမှန်း တောင် မသိတော့ပါဘူး။ ဒါကြောင့် တရားမထိုင်ခင် ငဲ့ကွက်မှုရဲ့ ဆိုးကျိုးတွေကို သေချာသိထားပြီး ဖြတ်စရာရှိတာတွေကို ကြိုဖြတ်ခဲ့ ရပါမယ်။

တကယ်လို့ ကိုယ်က ငဲ့ကွက်တတ်တဲ့ အကျင့် ရှိတယ်ဆိုရင် တရားထိုင်ခါနီးမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား ကြီးရဲ့ "ကိုယ်နှင့်အသက်၊ မငဲ့ကွက်၊ ရက်စက်နိုင်ရမည်" ဆိုတဲ့ လက်ဆောင်းကို (၃) ခေါက်လောက် စိတ်ထဲကဆိုပြီး နှလုံးသွင်းလိုက် တာကတော့ ငဲ့ကွက်ခြင်း အန္တရာယ်အတွက် အထောက်အကူတစ်ခုပါပဲ။

http://www.dhammadownload.com

ဘဝတွေက ပူလောင်လွန်းလှပါတယ်။ အေးချမ်းဖို့အတွက် ဆိုရင် ဝိပဿနာတစ်ခုပဲ ရှိပါတယ်။ ဘယ်လောက်ပဲငွေကြွေးကြွေး၊ ဘယ်လောက်ပဲ မငွေကြွေးကြွေး သေရင်တော့ အကုန်ထားခဲ့ရတော့တာပါပဲ။

ဘာပဲပြောပြောလေ ငွေကြွေးခြင်းတွေက ဝိပဿနာနယ်ပယ်မှာ အတော်အနှောင့်အယှက်ပေးတာကတော့ အမှန်ပါပဲလေ။

ကျမ်းကိုး-
လူနွေးထက်ကြောင်းကိုးပါးတရားတော်
(သဒ္ဓမ္မရံသီရိပ်သာဆရာတော်)

News Watch
စောင့်ကြည့်သတင်းဂျာနယ်၊
၂၃-၆-၂၀၁၈။

http://www.dhammadownload.com

ကဿပဘုရားရှင်
လက်ထက်တော်က ရဟန်း
တစ်ပါး ရှိခဲ့ဖူးပါတယ်။
ရဟန်းတော်က ကိုယ်အမှု
အရာကို အတော်လေး
စောင့်စည်းပြီး နှုတ်
အမှုအရာကျတော့
မစောင့်စည်းတော့
ပါဘူး။ အထူးသဖြင့်
နှုတ်အမှုအရာ သိပ် ကြမ်း
တမ်းပါတယ်။ ရဟန်းတော်
ချင်း စကားပြောတဲ့အခါ အမြဲ
တမ်း ကြမ်းကြမ်းတမ်းတမ်းပဲ
ပြောတတ်သလို မကြာခဏလည်း
ရဟန်းတော်တွေကို ဆဲရေး
ကြိမ်းမောင်းတတ်ပါတယ်။
အဲဒီ နှုတ်ကြမ်းတဲ့ အကုသိုလ်
ကံတွေကြောင့်ပဲ သေလွန်တဲ့
အခါ ငရဲကို ကျသွားရပါ
တယ်။



http://www.dhammadownload.com

http://www.dhammadownload.com

ဂေါတမ မြတ်စွာဘုရားရှင် ပွင့်တော်မူတဲ့အခါကျတော့ ရာဇဂြိုဟ် ပြည်အနီး ဂိဇ္ဈကူဋ်တောင်ခြေရင်းမှာ ရဟန်းဖြစ်စဉ်က နှုတ်ကြမ်းခဲ့တဲ့ အကုသိုလ်ကံကြောင့် နှုတ်သီးက ဝက်နှုတ်သီးနဲ့ တူတဲ့ ပြိတ္တာဖြစ်ရပါတယ်။ ကိုယ်အမူအရာ စောင့်ထိန်းခဲ့တဲ့ ကုသိုလ်ကြောင့် ခန္ဓာကိုယ်ကတော့ ရွှေအဆင်းလို ဝင်းဝါနေပါတယ်။ ပြိတ္တာက ကောင်းကျိုး ဆိုးကျိုး နှစ်ခုကို ရနေတာပါ။



"အရှင်ဘုရားရယ်... တစ်ခု
လောက်လူအများကို
ပြောပြပေးပါဘုရား၊
နှုတ်ကြမ်းတဲ့စကားကို
ဘယ်တော့မှမပြောမိပါစေနဲ့လို့၊
ပြောမိရင်တယည့်တော်လို
လွန်စွာဆိုးရွားလှတဲ့
ဝက်နှုတ်သီးနဲ့တူတဲ့မျက်နှာကို
ရပါလိမ့်မယ်ဘုရား။

အရှင်နာရဒမထေရ် ဆွမ်းခံကြွတဲ့အခါ မျက်နှာကဝက်နှုတ်သီး ခန္ဓာကိုယ်က ရွှေအဆင်းလို ဝါဝင်းနေတဲ့ ထူးခြားတဲ့ ပြိတ္တာကို တွေ့ရတော့ "အိုး... အသင် ပြိတ္တာရယ် သင့်အကျိုးပေးကလည်း ထူးဆန်းလိုက်တာ၊ မျက်နှာ နှုတ်သီးကျတော့ ကြောက်လန့်စရာ ဆိုးဝါးနေပြီး ခန္ဓာကိုယ်ကျတော့ လှပနေတယ်။ ဘာဖြစ်လို့ အဲဒီလို ဖြစ်နေရတာလဲ" လို့ မေးပါတယ်။

ဒီတော့ ပြိတ္တာက အတိတ်ဘဝက ပြုခဲ့တဲ့ကောင်းမှု မကောင်းမှု အကျိုးဆက်တွေကို ပြန်ပြောပြပါတယ်။ ပြောပြပြီး

http://www.dhammadownload.com

တော့ "အရှင်ဘုရားရယ်... တစ်ခုလောက် လူအများကို ပြောပြပေး ပါဘုရား၊ နှုတ်ကြမ်းတဲ့ စကားကို ဘယ်တော့မှ မပြောမိပါစေနဲ့လို့၊ ပြောမိရင် တပည့်တော်လို လွန်စွာဆိုးရွားလှတဲ့ ဝက်နှုတ်သီးနဲ့တူတဲ့ မျက်နှာကို ရပါလိမ့်မယ် ဘုရား။ ဒီစကားကိုတော့ တပည့်တော်လို မဖြစ်ရလေအောင် လူအများကို ပြန်ပြောပေးပါဘုရား" လို့ တစ်ဆင့် စကား မှာကြားလိုက်ပါတယ်။

ဒီဖြစ်စဉ်ကို အရှင်နာရဒမထေရ်က မြတ်စွာဘုရားကို ပြန် လျှောက်ပြတော့ မြတ်စွာဘုရားရှင်က နှုတ်ကြမ်းတဲ့ အပြစ်နဲ့ နှုတ်ချို့ တဲ့ အကျိုးအာနိသင်တွေကို တရားတစ်ပုဒ်အနေနဲ့ ဟောပြပေး ပါတယ်။ တရားအဆုံးမှာ တရားနာ ပရိသတ်အားလုံး ကောင်းကျိုး ချမ်းသာတွေ ဖြစ်သွားခဲ့ရပါတယ်။

(ပေတဝတ္ထုအဋ္ဌကထာ၊ နာ ၉)

စာထဲမှာတော့ ပြိတ္တာတရားရသွားတယ်၊ ကျွတ်လွတ်သွား တယ် ဆိုတာတော့ မပါပါဘူး။ ဒါပေမဲ့ ပြိတ္တာက သူ့လို မဖြစ်ရ လေအောင် လူအများကို မေတ္တာစကား အရှင်နာရဒမထေရ်ကို တစ်ဆင့် မှာကြားလိုက်တာလေးကတော့ ထိထိခိုက်ခိုက် လွမ်းဖို့ ကောင်းလွန်းလှပါတယ်။ မေတ္တာ-နောင်တ အပြည့်ပါတဲ့ ကုသိုလ် သတင်းစကားလေးပါပဲ။ ကိုယ်မှားခဲ့သလို သူများတွေ မမှားရလေ အောင် နှုတ်ထွက်စကားပြောနိုင်တာလေးက သူတော်ကောင်း စိတ်ရှိတဲ့သူ တစ်ယောက်ရဲ့ အပြောအဆိုလေးပါပဲ။

တကယ်တော့ နှုတ်ကြမ်းတာလည်း အကုသိုလ်တစ်ခုပါပဲ။ နှုတ်ကြမ်းရင် ဘယ်သူမှ မခင်ချင်ကြပါဘူး။ ပြီးတော့ နှုတ်ကြမ်းတဲ့ သူ အနားဆို ဘယ်သူမှ မနေချင်ကြပါဘူး၊ စိတ်မအေးချမ်းလို့ပါ။

http://www.dhammadownload.com

နှုတ်ကြမ်းတဲ့ စကားတစ်ခွန်းကြောင့် အချစ်ဆုံး မိတ်ဆွေကနေ အမုန်းဆုံးလူလည်း ဖြစ်သွားတတ်ပါတယ်။ တစ်သက်လုံး နာနာကြည်းကြည်းလည်း ဖြစ်သွားတတ်ပါတယ်။

ငါးရှဉ်ငါးဆယ် သုဇာတဇာတ်မှာ ဘုရင့်မယ်တော်က နှုတ်သိပ်ကြမ်းတမ်းပါတယ်။ အမြဲတမ်း ဆဲဆိုကြိမ်းမောင်းနေပါတယ်။ ဒီတော့ နန်းတွင်းသူ နန်းတွင်းသားတွေက မယ်တော်ကို မချစ်ကြပါဘူး။ မလွဲသာလို့သာ ဘုရင့်မျက်နှာနဲ့ ဆက်ဆံနေကြတာပါ၊ ဒါကို သားတော် ဘုရင်က သိပါတယ်။ ဒါကြောင့် သားတော်ဘုရင်က "ဒီအတိုင်း ပြောရင် လက်ခံမှာ မဟုတ်ဘူး၊ တစ်ခုခုသာဓကပြပြီး ပြောမှပဲ"ဆိုပြီး စိတ်ထဲက တွေးထားလိုက်ပါတယ်။

တစ်နေ့ မင်းညီမင်းသား မောင်းမမိသဲတွေနဲ့ ဥယျာဉ်တော်ကို သွားတဲ့အခါ လမ်းမှာ တစ်တီတူးငှက်တစ်ကောင်က အသံဆိုးဆိုး ဝါးဝါးနဲ့ အော်နေပါတယ်။ ဒီတော့ ပါလာတဲ့လူအားလုံးက နားပိတ်ပြီး "မအော်နဲ့ မအော်နဲ့၊ စိတ်ညစ်စရာကြီး" လို့ အော်ပြောကြပါတယ်။ မျက်နှာတွေလည်း ရှုံ့မဲ့ကုန်ကြပါတယ်။

ဥယျာဉ်ထဲ ဆက်သွားရင်း အင်ကြင်းပင်နားရောက်တော့ ဥသြငှက်ကလေးတစ်ကောင်းက အသံချိုချိုကလေးနဲ့ အော်မြည်နေပါတယ်။ ဒီတော့ ပါလာတဲ့ ပရိသတ် အားလုံးက မျက်နှာလေးတွေ ရွှင်ပြုံးပြီး "အို... အသံလေးက သာယာလိုက်တာ၊ ကြားရတာ စိတ်ချမ်းသာလိုက်တာ၊ ဆက်အော်ပါဦး" လို့ ပြောကြပါသတဲ့။

အဲဒီအခါကျမှ သားတော်ဘုရင်က "မယ်တော် တစ်တီတူးသံကို ဘယ်သူမှမကြိုက်ဘူး။ ဒီလိုပါပဲ ကြမ်းတမ်းတဲ့ စကားပြောရင်လည်း တစ်တီတူးသံကြားရသလို ဘယ်သူမှမကြိုက်ကြပါဘူး"

http://www.dhammadownload.com

လို့ ဟောပြပေးပါတယ်။ သားတော်ဘုရင်ရဲ့ စကားကြားပြီး မယ်တော်လည်း နှုတ်ကြမ်းတမ်းတဲ့စကားတွေ ဘယ်တော့မှ မပြောတော့ပါဘူးတဲ့။

တစ်ခါတလေ ကိုယ်ပြောချင်တဲ့ စကားကို ဒီအတိုင်း ပြောတာထက်စာရင် သာဓကပြပြီး ပြောတာလေးက ကိုယ့် စကား ပိုနားထောင်ပါတယ်။ တကယ်တော့ သားတော်ဘုရင်က မယ်တော်ကို တရား သဘောနဲ့ ကျေးဇူးဆပ်လိုက်တာပါ။

ဒီနေရာမှာ တရားသဘောနဲ့ ဆိုဆုံးမတဲ့အခါ လက်ခံနိုင်သူရယ် လက်မခံနိုင်သူရယ် နှစ်မျိုးရှိပါတယ်။ ဒါက နားထောင်သူရဲ့ ပါရမီဓာတ်ခံနဲ့လည်း ဆိုင်ပါတယ်။ ပါရမီ ဓာတ်ခံပါခဲ့တဲ့သူကတော့ ပြောလိုက်တာနဲ့ ချက်ချင်း လက်ခံပါတယ်။ ပါရမီ ဓာတ်ခံအားနည်းခဲ့တဲ့သူကျတော့ ဆိုဆုံးမ လာတဲ့စကားကို လက်ခံချင်မှ လက်ခံတာပါ။ ဆိုဆုံးမလွယ်ဖို့အတွက် လူတစ်ယောက်ရဲ့ ပါရမီဓာတ်ခံကလည်း သိပ်အရေးကြီးပါတယ်။



နှုတ်ကြမ်းတဲ့ စကားတစ်ခွန်းကြောင့် အချစ်ဆုံးမိတ်ဆွေကနေ အမုန်းဆုံးလူလည်း ဖြစ်သွားတတ်ပါတယ်။ တစ်သက်လုံးနာနာ ကြည်းကြည်းလည်း ဖြစ်သွားတတ်ပါတယ်။

http://www.dhammadownload.com

သေချာစဉ်းစားကြည့်ရင် နှုတ်ကြမ်းကြမ်းတမ်းတမ်း ပြောတဲ့သူလည်း စိတ်ဆင်းရဲရသလို ကြားရတဲ့သူလည်း စိတ်ဆင်းရဲရတာပါ။ ဒါက လက်တွေ့အကျိုးပါ။ သံသရာမှာလည်း ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်ပြီး ရုပ်ရည်တော့လှပါရဲ့ နှုတ်ကြမ်းခဲ့လို့ နှုတ်ခမ်းကကြည့် မကောင်းလောက်အောင် ဆိုးဆိုးဝါးဝါး ဖြစ်နေပြန်ရင်လည်း နေ့တိုင်းစိတ်ဆင်းရဲနေရပါလိမ့်မယ်။ ဒါမျိုးတွေက လောကမှာ ရှိလည်း ရှိနေကြတာပါပဲ။

လုပ်ခဲ့သမျှအကောင်းတွေကြမ်းတမ်းတဲ့ စကားတစ်ခွန်းကြောင့် အလကားဖြစ်သွားနိုင်ပါတယ်။ ဒါတွေကတော့ကိုယ်ပြုလို့ကိုယ်ခံရတာပါ။



တကယ်လို့ ကိုယ်က နှုတ်ကြမ်းတဲ့သူတစ်ယောက် ဖြစ်နေတယ်ဆိုရင်လည်း ကိုယ်ကိုယ်တိုင် နှုတ်ကြမ်းတာကို သိပြီး ကိုယ်တိုင်ကလည်း နှုတ်ကြမ်းတာကို ပယ်ချင်တယ်ဆိုရင် ဘုရားမှာ ရေချမ်းကပ် ပန်းကပ်ပြီး "မြတ်စွာဘုရား ဘုရားတပည့်တော် ဒီနေ့ နှုတ်ကြမ်းတဲ့ စကားကို မပြောမိအောင်နေပါ့မယ်ဘုရား၊ ချိုသာတဲ့ စကားတွေပဲ ပြောပါ့မယ် ဘုရား" လို့ ဘုရားရှေ့မှာ တစ်နေ့တာချင်း ဆောက်တည်သွားရင်လည်း ရပါတယ်။

http://www.dhammadownload.com

မြတ်စွာဘုရားဆီမှာ ဆောက်တည်ထား တော့ မြတ်စွာဘုရားရှင်ကို ရိုသေအားနာ ပြီး ပိုစောင့်ထိန်းဖြစ်သွားပါတယ်။ တကယ်လို့ အမှတ်တမဲ့ ပြောလိုက်မိရင် လည်း "ငါ နောက်မပြောတော့ဘူး၊ ငါ နောက်မပြောတော့ဘူး"လို့ သုံးလေးကြိမ် လောက် အသံထွက်ဆင်ခြင်လိုက်ဖို့ပါပဲ။ ချက်ချင်းကြီး ရဖို့ကတော့ မလွယ်ပါဘူး။ ဒီလိုပါပဲ။ လေ့ကျင့်ပြီး ပြင်သွားရမှာပါပဲ။ အဲဒီလိုမှမပယ်ရင် နှုတ်ကြမ်းကြမ်းတမ်းတမ်း ပြောတတ်တာဟာ နောင်သံသရာ ထိပါသွားတတ်ပါတယ်။ ပါရုံတင်မကဘဲ နှုတ်ကြမ်းတဲ့ အကုသိုလ်ရဲ့ ဆိုးကျိုးကိုလည်း ခံစားရတော့မှာပါ။

နှုတ်ကြမ်းတာက အတိတ်အတိတ် ဘဝတွေက အထုံပါခဲ့လို့ နှုတ်ကြမ်းတာရယ်၊ တစ်ခါတလေ အလုပ် များလို့ စိတ်ပင်ပန်းမှုကြောင့် နှုတ်ကြမ်းတာရယ် (၂) မျိုးရှိပါတယ်။ အတိတ်အတိတ်က ပါခဲ့တာကတော့ အတော်ဖျောက်ဖို့ ခက်ပါလိမ့် မယ်။ ဒါပေမဲ့လည်း မြတ်စွာဘုရား အားကိုးနဲ့ပဲ ဖျောက်ရတော့ မှာပါပဲ။

တစ်ခါတလေ အလုပ်များလို့ စိတ်ပင်ပန်းမှုကြောင့်ဖြစ်တာကတော့ သေချာသတိထား စောင့်ထိန်းရင် ရနိုင်ပါတယ်။ အရာအားလုံး အဆင်ပြေနေရင်တော့ ဒေါသဖြစ်စရာ နှုတ်ကြမ်းစရာ မလိုတော့ပါဘူး။

တစ်ခါတလေကျတော့လည်း အလုပ်တအားများတဲ့သူတွေမှာ စိတ်ပန်း ရုပ်ပန်းဖြစ်ပြီး နှုတ်ထွက်ကြမ်းသွားတာတွေလည်း ရှိတတ်ပါတယ်။ ဒါကြောင့် ကိုယ်က အလုပ်များသူတစ်ယောက်ဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် သတိထား ယူရပါမယ်။ နှုတ်ကထွက်သွားရင် မှတ်တမ်းက ဝင်သွားတော့တာပါ။ လုပ်ခဲ့သမျှ အကောင်းတွေ

http://www.dhammadownload.com

ကြမ်းတမ်းတဲ့ စကားတစ်ခွန်းကြောင့် အလကားဖြစ်သွားနိုင်ပါတယ်။ ဒါတွေကတော့ ကိုယ်ပြုလို့ ကိုယ်ခံရတာပါ။

ဒါပေမဲ့ အကုသိုလ်ရဲ့ သဘောက ကိုယ်တိုင်မပြုပေမဲ့ သူများကို ခိုင်းရင်ပဲဖြစ်ဖြစ်၊ အကုသိုလ်ရဲ့ဂုဏ်ကို ပြောပြတာပဲဖြစ်ဖြစ်၊ သူတစ်ပါး အကုသိုလ်လုပ်တာကို စိတ်ထဲက ဝမ်းသာနေရင်ပဲဖြစ်ဖြစ် ထပ်တူအကုသိုလ်ဖြစ်ရတော့တာပါ။

ဒါနဲ့ပတ်သက်ပြီး မြတ်စွာဘုရားရှင်က အင်္ဂုတ္တိရ်ပါဠိတော်မှာ ဒုစရိုက် (၁၀) ပါးကို အကျယ် (၄၀) ပွားပုံ ဟောပြပေးထားပါတယ်။

ဒုစရိုက် (၁၀) ပါးဆိုတာက – ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ပါ။

ဒုစရိုက် (၁၀) ပါး အကျယ် (၄၀) ပွားပုံကတော့ ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီးရဲ့ လက်ဘလေးနဲ့ မှတ်လိုက်တာက ပိုရှင်းပြီး ပိုလွယ်ကူပါတယ်။

"ဒုစရိုက်ဆယ်ပါး၊ အရင်းထား၍၊
ကိုယ်တိုင်ပြုငြား၊ သူများပြုစေ၊
ဂုဏ်တွေပြောပြ၊ ဝမ်းမြောက်က၊ ဒုစရိုက် လေးဆယ်ဖြစ်သတည်း။"

ဒုစရိုက် (၁၀) ပါးကို အရင်းထားပြီး ၁။ ကိုယ်တိုင်ပြုတာရယ်၊ ၂။ သူတစ်ပါးကို ပြုခိုင်းတာရယ်၊ ၃။ အကုသိုလ်ရဲ့ ဂုဏ်ကို ပြောပြတာ ရယ်၊ ၄။ သူများပြုတဲ့အကုသိုလ်ကို ဝမ်းမြောက်တာရယ်၊ ဒီ (၄) မျိုးနဲ့ ပွားလိုက်ရင် ဒုစရိုက်အကျယ် (၄၀) ဖြစ်သွားပါတယ်။

http://www.dhammadownload.com

ဥပမာ – ပါဏာတိပါတဆိုရင် ကိုယ်တိုင်သတ်တာရယ်၊ သူတစ်ပါးကို သတ်ခိုင်းတာရယ်၊ သတ်ခြင်းရဲ့ ဂုဏ်ကို ပြောပြတာရယ်။ "မင်းသတ်လိုက်ရင်တော့ မင်းလည်း အလုပ်လုပ်စရာ မလိုတော့ဘူး၊ မင်း မိသားစုအတွက်လည်း အဆင်ပြေမယ်" စသည်ဖြင့် သတ်ခြင်းရဲ့ ဂုဏ်ကို ပြောပြတာပါ။ သူများ သတ်တာကို ဝမ်းမြောက်တာရယ် (၄) မျိုးပါ။ နောက် – အဒိန္နာဒါနဆိုရင်လည်း ကိုယ်တိုင် ခိုးတာရယ်၊ သူများကို ခိုးခိုင်းတာရယ်၊ ခိုးခြင်းရဲ့ဂုဏ်ကို ပြောပြတာရယ်၊ သူများ ခိုးတာကို ဝမ်းမြောက်တာရယ် (၄) မျိုးပါ။ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ စသည်တွေကိုလည်း ဒီ (၄) မျိုးနဲ့ ဆက်ပွား



သူတစ်ပါးဒုက္ခရောက်စေတဲ့၊ သူတစ်ပါးစိတ်ဆင်းရဲစေတဲ့အကုသိုလ်တွေ မပြုမိဖို့ပါပဲ။ တစ်ဖက်သားကိုစိတ်ပဲပြစ်ပြစ် ရုပ်ပဲပြစ်ပြစ် ထိခိုက်သွားရင် သက်ရောက်မှုကကိုယ့်ဆီပြန်လာတော့မှာပါ။

http://www.dhammadownload.com

သွားရင် အကျယ် (၄၀) ဖြစ်သွားတာပါ။

ထင်ရှားတဲ့ သာဓကကတော့ ဝိပါက်တော် (၁၂) ပါးမှာ မြတ်စွာဘုရားရှင်ဟာ မကြာခဏ ခေါင်းကိုက်ကိုက်နေပါတယ်။ ဘာဖြစ်လို့ ခေါင်းကိုက်ရတာလဲဆိုတော့ ဘဝတစ်ခုမှာ ဘုရားလောင်းဟာ တံငါရွာမှာ သွားဖြစ်ပါတယ်။ တံငါရွာမှာ သူများတွေ ငါးခေါင်းထုနေတာကို ကြည့်ပြီး ဘုရားလောင်းက ဝမ်းသာနေပါတယ်။ ကိုယ်တိုင်တော့ ဝင်မထုခဲ့ပါဘူး။



သူများငါးခေါင်းထုတာကို ဝမ်းသာခဲ့တဲ့ အကုသိုလ်ကံကြောင့် မြတ်စွာဘုရား ဖြစ်လာတဲ့အခါ မကြာမကြာ ခေါင်းကိုက်တဲ့ဝေဒနာကို ခံစားရတာပါ။ အဲဒီမှာ ဘုရားလောင်းဟာ ငါးခေါင်းကို ကိုယ်တိုင် ထုခဲ့တာတော့ မဟုတ်ပါဘူး။

သူများထုတာကို ဝမ်းသာခဲ့တာပါ။ ဒါတွေက အထူးသတိထားစရာပါပဲ။ သူများပြုတာကို ဝမ်းသာလို့ ကိုယ်ပါ အကုသိုလ်ဖြစ်ရတာဆိုတော့ မစားရဘဲ အကုသိုလ်ဖြစ်သွားရတာပါ။

http://www.dhammadownload.com

အကုသိုလ်ဖြစ်တာ မတန်ဘူးလို့ ပြောဖို့ကျတော့လည်း မပြော ကောင်းပြန်ပါဘူး။ နေရင်းထိုင်ရင်း မစားရမသောက်ရ အကုသိုလ် ဖြစ်သွားရတာပါ။ တချို့ပြောသလို "အကုသိုလ်ဖြစ်ရတာ မတန် လိုက်တာ မတန်လိုက်တာ" လို့ ပြောရမလို ဖြစ်နေပါပြီ။ ကိုယ့် ဝန်းကျင် ကိုယ့်နယ်ပယ်မှာလည်း ဒါမျိုးလေးတွေက တွေ့တွေ့နေရ မှာပါ။ အကုသိုလ်ရဲ့ သဘောလေးတွေကို ကြိုသိထားရတော့ သတိထား ရှောင်လို့ရတာကတော့ အမြတ်ပါပဲ။

တချို့ကျတော့ ဒီဘဝမှာ ကြီးမားတဲ့အကုသိုလ်ကံကြီးတွေ တော့ မလုပ်ရှာပါဘူး၊ ဒါပေမဲ့ လက်ရှိဘဝမှာတော့ ဆန်းကြယ်တဲ့ အကုသိုလ် အကျိုးပေးကံတွေကို ခံစားနေရပါတယ်။ ဒီဘဝမှာ ဘယ်လောက်ပဲကောင်းအောင်နေနေ မျှော်လင့်မထားတဲ့ ကံကြမ္မာဆိုး ကြီးတွေလည်း ဝင်လာတတ်ပါတယ်။ ဒါတွေကျတော့ ဒီဘဝ အကုသိုလ် မပြုပေမဲ့ အတိတ်အတိတ်ဘဝတွေက အကုသိုလ် ကံကြွေးတွေကြောင့် ခံစားနေရတာပါ။ ကိုယ်က ဒီသဘောသဘာဝ ကိုသိပြီး ကုသိုလ်များများပြုဖို့ပဲ ရှိပါတော့တယ်။

တကယ်လို့ အတိတ်အတိတ်ဘဝတွေက ပြုခဲ့တဲ့အကုသိုလ် တွေလည်း ရှိဦးမယ်၊ ဒီဘဝမှာလည်း သူတစ်ပါးကို စိတ်ဆင်းရဲစေတဲ့ အကုသိုလ်တွေ ထပ်လုပ်ဦးမယ်ဆိုရင် မသက်သာလှပါဘူး။ အထူး သဖြင့် သူတစ်ပါးဒုက္ခ ရောက်စေတဲ့၊ သူတစ်ပါးစိတ်ဆင်းရဲစေတဲ့ အကုသိုလ်တွေ မပြုမိဖို့ပါပဲ။ တစ်ဖက်သားကို စိတ်ပဲဖြစ်ဖြစ် ရုပ်ပဲ ဖြစ်ဖြစ် ထိခိုက်သွားရင် သက်ရောက်မှုက ကိုယ့်ဆီပြန်လာတော့မှာပါ။ ကိုယ့်ရှိတာလေးနဲ့ အေးအေးချမ်းချမ်း နေသွားတာလေးကတော့ အကောင်းဆုံးပါပဲ။ ထမင်းလည်း ငတ်မယ်မထင်ပါဘူး။

http://www.dhammadownload.com

ဘဝတွေကတော့ ဒီလိုပါပဲလေ၊ ကိုယ့်ဟာကိုယ် တွေးခေါ်ဆင်ခြင်သုံးသပ်ပြီး နေကြရမှာပါပဲ။ တကယ်လို့ ကိုယ့်ဉာဏ်နဲ့ မသက်ဝင်နိုင်ဘူး ဖြစ်နေရင်လည်း ကိုယ့်ထက်သာတဲ့ ရဟန်း လူမိတ်ဆွေတွေဆီက ဆင်ခြင်သုံးသပ်မှုကိုယူပြီး ဘဝကို ဖြတ်သန်းသွားရမှာပါပဲ။

ဘာပဲပြောပြောလေ အကုသိုလ်လေးတွေက မချိုပါဘူး။ နှုတ်ကြမ်းတာ မကောင်းဘူးဆိုတာကို သိပြီး ဒီဘဝမှာ ရတဲ့နည်းနဲ့ ပယ်လိုက်နိုင်ဖို့ပါပဲလေ။

News Watch
စောင့်ကြည့်သတင်းဂျာနယ်
၃၀-၆-၂၀၁၈။

http://www.dhammadownload.com

ဆုတောင်း

"ဤ **စိတ်ညစ်ရမယ့်စကားများ မပြောပါနဲ့လား** စာအုပ်ကို ရေးသားပူဇော်ရသော ကုသိုလ်ကောင်းမှု အဖို့ ဘဝသည် နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ပါစေ။

စိတ်ညစ်စရာ အာရုံတို့ကို မမြင်ရ၊ မကြားရ၊ မသိရပါလို၏ဘုရား"

ရဝေန္တယ် (အင်းမ)

၂၀.၇.၂၀၁၈

http://www.dhammadownload.com

စာရေးသူ၏ကိုယ်ရေးအကျဉ်း

ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ အင်းမမြို့၊ အဖ ဦးသိန်းနိုစိန်၊ အမိ ဒေါ်ကျင်နုတို့က ၁၉၆၉ ခုနှစ်၊ ဖွန်လ (၁၈) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်။

၁၉၇၉ ခုနှစ်တွင် ပထမအကြိမ် ရှင်သာမဏေပြု။

၁၉၈၀ ခုနှစ်တွင် ဒုတိယအကြိမ် ရှင်သာမဏေပြု။

ဘွဲ့အမည်မှာ ရှင်ရာဇိန္ဒ ဖြစ်။ ၁၉၈၉ ခုနှစ်တွင် ရဟန်း အဖြစ် သို့ရောက်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဥယျာဉ်တိုက်၊ ပခုက္ကူ ကျောင်းဆရာတော်ဦးတေဇနိယထံမှ အခြေပြုမူလတန်းအောင်။

ပထမငယ်၊ ပထမလတ်၊ ပထမကြီး အတန်းများကို ဗဟန်း၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှအောင်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နန္ဒဝန်ပါဠိတက္ကသိုလ် ဆရာတော် ဦးယုဇနာဘိဝံသထံမှ ဓမ္မာစရိယ သီလကွန်ကျမ်းအောင်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပဉ္စနိကာယ်ကျောင်းတိုက်၊ ဆရာတော်ဦးပညာသီဟာဘိဝံသထံ စာဝါလိုက်၍ ပဉ္စနိကာယ်

http://www.dhammadownload.com

ကျောင်းတိုက်မှ အဋ္ဌသာလိနီကျမ်းနှင့် ပါရာဇိကဏ်ကျမ်း အောင်၊ ၂၀၀၀ ခုနှစ်တွင် 'သာသနဓဇမဟာစရိယ'ဘွဲ့ရ။

ပဲခူးတိုင်း၊ ပေါင်းတည်မြို့၊ သဒ္ဓမ္မဇောတိကာရုံ ကျောင်းတိုက်၊ တောင်ကြီးမြို့၊ သိမ်တောင်ကျောင်းတိုက်တို့၌လည်း စာသင်ခဲ့။

ရန်ကုန်မြို့၊ ရှစ်မိုင်၊ သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီးထံ၌ (၆)နှစ် နေထိုင်ခဲ့။

၁၉၈၅ ခုနှစ်တွင် ပန်မဂ္ဂင်းသို့ ဝတ္ထုတို စတင်ပို့။ ၁၉၈၅၊ ၁၉၈၆၊ ၁၉၈၈၊ ၁၉၈၉ ခုနှစ်အတွင်း ပေးပို့ခဲ့သော စာမူ အားလုံး အပယ်ခံခဲ့ရ။

၁၉၉၀ ခုနှစ် ဧပြီလထုတ် 'မြတ်မင်္ဂလာစာစောင်'တွင် ခမ္မ ဆောင်းပါး ပထမဆုံး စတင်ဖော်ပြခံရ။

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပညာရွှေတောင် စာအုပ်တိုက်မှ 'ဘဝတိုင်း ဆုံတွေ့ချင်ပါသလား' ဘာသာရေး စာအုပ်ကို စတင် ထုတ်ဝေခဲ့။

၂၀၀၄ ခုနှစ်အတွက် 'မင်္ဂလာအတွေးများ' စာအုပ်ဖြင့် 'ခမ္မဗိမာန်စာပေ ပထမဆု'နှင့် 'ဆန်းလွင်စာပေ ပထမဆု'ကို ရရှိခဲ့။

၂၀၀၉ ခုနှစ် ဇန်နဝါရီ (၄)ရက်နေ့တွင် ခမ္မရဝေတောရ ကို စတင် တည်ထောင်။

ယခုအခါ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၃) လမ်းမကြီး၊ (မင်္ဂလာဒုံဥယျာဉ်မြို့တော် အလွန်၊ သဃ်နိုးကျွန်းကြီးမှတ်တိုင်) အောင် စည်းခုံဆေတီလမ်း၊ 'ခမ္မရဝေတောရ'တွင် ပဓာန နာယကအဖြစ် သီတင်း သုံးလျက်ရှိ။

http://www.dhammadownload.com

စာရေးသူ၏ ထုတ်ဝေပြီး စာအုပ်များ

၁။ ဘဝတိုင်း ဆုံတွေ့ချင်ပါသလား (၂၀၀၁)
၂။ ရွှေစကားတို့ရဲ့ မြစ်ဖျား (၂၀၀၁)
၃။ သံသရာခရီးဖော် (၂၀၀၂)
၄။ ကုသိုလ်ဖြစ်အောင် တွေးမယ် (၂၀၀၃)
၅။ မင်္ဂလာအတွေးများ (၂၀၀၄)
၆။ မေတ္တာအတွေးများ (၂၀၀၅)
၇။ အမြဲစီးဆင်းနေသော မြစ်တစ်စင်းအကြောင်း (၂၀၀၅)
၈။ အတွေးများနှင့် မိတ်ဖွဲ့ခြင်း (၂၀၀၆)
၉။ အချစ်နဲ့ ဝိပဿနာ (၂၀၀၆)
၁၀။ မြင့်မြတ်သူတို့ရဲ့အလုပ် (၂၀၀၈)
၁၁။ ဖြစ်ပြီးတဲ့အကုသိုလ်ကို ဘယ်လိုပယ်မလဲ (၂၀၀၈)
၁၂။ စိတ်ညစ်ရင် ရေချိုးပါ (၂၀၁၀)
၁၃။ ရဝေန္တယ်အသစ် (၂၀၁၂)
၁၄။ ရင်ထဲက အရဟံ (၂၀၁၃)
၁၅။ ဆုတောင်းတွေပြည့်ဖို့ (၂၀၁၅)

ယခု

၁၆။ စိတ်ညစ်ရမယ့်စကားများ မပြောပါနဲ့လား ... ၂၀၁၈